# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တန်ခူးလပြည့်ကျော် (၁) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (5-4-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၄၀)


## ဒို့တာဝန်အရေးသုံးပါး

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ(၁/၂၀၂၃)အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ (၁/၂၀၂၃) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၄**

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ (၁/၂၀၂၃)အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် နှင့်

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**




ရတနာပုံ
၂၀၂၃ ခုနှစ် မေ ၅ ရက်
အယ်ဒီတာ့အာဘော်

# လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာစေရေး

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု ဖွံ့ဖြိုးရေးတည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာများပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ များစွာလိုအပ်သည်။ ထို့ကြောင့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာစေရေးအတွက် ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်ရမည်ဖြစ်သည်။

ပညာရေးအားနည်းပါက အသိအမြင်နှင့်အတွေးအခေါ်များသည်လည်း အားနည်းလာမည်ဖြစ်ပြီး တစ်ဦးတစ်ယောက်ချင်းနှင့် ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုကို အားနည်းစေမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပညာရေးမှာ လူဦးရေ၏ ၆၀ ရာခိုင်နှုန်းခန့်သည် ပဉ္စမတန်းအောက်သာရှိသောကြောင့် နိုင်ငံအတွက် အန္တရာယ်ရှိသည့်အနေအထားပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တစ်နိုင်ငံလုံး၏ ပညာရေးကဏ္ဍမြှင့်တင်နိုင်ရေးအတွက် KG+9 ထိ မသင်မနေရစနစ်ဖြင့် ပညာသင်ကြားပေးလျက်ရှိသည်။ အသိပညာနှင့် အတတ်ပညာများ အားနည်းချက်ရှိခြင်းကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း အားနည်းချက်များဖြစ်ပေါ်နိုင်သည်။ မြန်မာနိုင်ငံသည် ကောင်းမွန်သည့် ရေခံမြေခံများ ပိုင်ဆိုင်ထားရှိပြီးဖြစ်သည်။

အဆိုပါအရင်းအမြစ်ကောင်းများကို အခြေခံ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုများ တိုးတက်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်နိုင်သမျှဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများအနေဖြင့်လည်း မိမိတို့တတ်နိုင်သည့် အခန်းကဏ္ဍမှ ဝိုင်းဝန်းဆောင်ရွက်သွားမည်ဆိုပါက မိမိတို့ဒေသသည် များစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများ လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် လူသားအရင်းအမြစ်ကောင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးနှင့် နည်းပညာကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ အဆိုပါသင်တန်းကျောင်းများမှ အောင်မြင်ပြီးသူများအနေဖြင့် စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံနှင့် နည်းပညာသိပ္ပံများသို့ ဆက်လက်တက်ရောက်နိုင်ပြီး ထိုမှတစ်ဆင့် သက်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များသို့ ဆက်လက်ပညာသင်ကြားနိုင်မည်ဖြစ်သည်။

လူ့စွမ်းအားအရင်းအမြစ်သည် စီးပွားရေးလုပ်ငန်းအားလုံးအတွက် အရေးကြီးသည်။ ယနေ့စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍအားလုံးတွင် စက်ကိရိယာနှင့် နည်းပညာများပေါ်တွင် မူတည်နေသဖြင့် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် ပညာတတ်မြောက်ရန်လိုသည်။ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်မှုအဆင့်ဆင့်တွင် လုပ်ငန်းကျွမ်းကျင်သည့် လုပ်သားများအပေါ် မူတည်၍ ဈေးကွက်ကောင်းရရှိမှုကွာခြားနိုင်သည်။ ထို့ကြောင့် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် လုပ်ငန်းအဆင့်တိုင်းအတွက် လျှော်ညီသည့်ပညာတတ်မြောက်မှုရှိစေရန် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေစေရေးနှင့် ပညာသင်ကြားရာတွင်လည်း ကျောင်းနေသူတိုင်း KG+9 အနည်းဆုံးတတ်မြောက်ရမည်ဟု ပညာရေးနှင့်ပတ်သက်၍ မူဝါဒများ ချမှတ်ပေးခဲ့ပေသည်။

သို့ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများ ပညာရည်မြင့်မားမှ လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာမည်ဖြစ်သည်။ လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာပါမှ တစ်ဦးတစ်ယောက်ချင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ကာ နိုင်ငံတော်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# တန်ခူးလပြည့်နေ့တွင် မဟာမုနိရုပ်ရှင်တော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ



**မန္တလေး မေ ၄**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားဖြစ်သော မဟာမုနိရုပ်ရှင်တော်၌ တန်ခူးလပြည့်နေ့(ယနေ့)တွင် နယ်စုံဒေသမှ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြ၍ သိရသည်။

ယနေ့သည် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော တန်ခူးလပြည့်နေ့ ဗုဒ္ဓဘာသာဝင်တို့၏ ဥပုသ်နေ့ဖြစ်သောကြောင့် မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးများ နံနက်အစောပိုင်းမှစ၍ လာရောက်ဖူးမြော်ကြကြောင်း၊ ဖူးမြော်ကြရာတွင်လည်း မုန့်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်ကြပြီး ယခင်ရက်များထက် ဘုရားဖူးဦးရေ တိုးကာ စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

"ဒီနေ့ဟာ တန်ခူးလပြည့်နေ့ ဥပုသ်နေ့ဖြစ်တာကြောင့် မဟာမုနိရုပ်ရှင်တော်မှာ နယ်စုံဒေသက လာရောက်ဖူးမြော်သူတွေ၊ မြို့ပေါ်က လာရောက်ဖူးမြော်သူတွေနဲ့ စည်ကားများပြားနေပါတယ်။ ဘုရားဖူးတွေဟာ မနက်အစောပိုင်းကစပြီး ကားတွေ၊ ဆိုင်ကယ်တွေနဲ့ လာရောက်ဖူးမြော်ကြပြီး စည်ကားနေပါတယ်။ ရွှေသင်္ကန်းကပ်လှူပူဇော်သူတွေနဲ့လဲ စည်ကားနေပါတယ်။ သမိုင်းဝင်ပြတိုက်တွေကို သွားရောက်လေ့လာသူတွေ၊ ငါးကန်၊လိပ်ကန်တွေကိုသွားရောက်ပြီး ငါးစာ၊ လိပ်စာကျွေးသူတွေလဲ များပြားနေပါတယ်။ ရောင်းချနေတဲ့ ဆိုင်ခန်းတွေမှာလဲ ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်"ဟု ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်ကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ ညနေထိ ဘုရားဖူး ၈၈၃၇၆၃ ဦးလာရောက်ဖူးမြော်ကြကြောင်း သိရသည်။

အလားတူ မန္တလေးမြို့ပေါ်ရှိ အထင်ကရ နေရာများဖြစ်သည့် မန္တလေးတောင်တော်၊ ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရား၊ စွယ်တော်မြတ်စေတီတော်၊ဝေရောစနကျောက်စိမ်းစေတီတော်တို့၌လည်း ဘုရားဖူးများဖြင့် နံနက်အစောပိုင်းမှစတင်၍ စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

(ဝ၈၅)

# ရေဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာ မန္တလေးမြို့အနီးတွင် ရေဝတီလင်းပိုင် ၁၉ ကောင် ပြောင်းရွှေ့နေထိုင်ကျက်စားနေ

**မန္တလေး မေ ၄**

ရေဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာဖြစ်သည့် မန္တလေးမြို့အနီးတွင် ရေဝတီလင်းပိုင် ၁၉ ကောင် ပြောင်းရွှေ့နေထိုင်ကျက်စားနေကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ရေဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ယခုအခါ ရေဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်သောကြောင့် ရေဝတီလင်းပိုင်များသည် မေ ၁ ရက်ကစ၍ အစာပေါ်များသည့် မန္တလေးမြို့အနီးတွင် အုပ်စုလိုက်ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိကြောင်း၊ ရေဝတီလင်းပိုင်များသည် မတ်လအတွင်းက ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာအနီးတွင် အုပ်စုလိုက်နေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။

"အခုကရေဝတီမြစ်ရေကျချိန်ဖြစ်တာကြောင့် ရေဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာထဲကို မေ ၁ ရက်က ရေဝတီလင်းပိုင်တွေရဲ့ အခြေအနေတွေ သွားပြီးကြည့်ဖြစ်တယ်။ အခု မန္တလေးမြို့အနီးမှာ ရေဝတီလင်းပိုင် ၁၉ ကောင်လောက် အုပ်စုလိုက်ပြောင်းရွှေ့နေထိုင်ကျက်စားနေတာကို တွေ့မြင်ခဲ့ရပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

ရေဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာဖြစ်သည့် မန္တလေးမှ ကျောက်မြောင်းကြား၌ နေထိုင်ကျက်စားလျက်ရှိသော ရေဝတီလင်းပိုင်များသည် ယခုလက်ရှိ ရေဝတီမြစ်ရေကျချိန်တွင် ၎င်းတို့အတွက် အန္တရာယ်မရှိနိုင်မည့် နေရာများကိုရွေးချယ်ကာ နေထိုင်ကျက်စားလျက်ရှိကြောင်း၊ ရေဝတီလင်းပိုင်များကို ကြည့်ရှုချင်သူများအနေဖြင့် မန္တလေးမြို့အနီး တစ်ဝိုက်၌ တွေ့မြင်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(ဝ၈၄)

# မြို့နယ် လေးမြို့နယ်တွင် လူမှုဖူလုံရေးဥပဒေပါ ရပိုင်ခွင့်နှင့် တာဝန်များအကြောင်း အသိပညာပေးဟောပြောမည်

**မန္တလေး မေ ၄**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် လေးမြို့နယ်ရှိ အလုပ်ဌာနများမှ အလုပ်သမားများကို ဧပြီလ ပထမပတ်အတွင်းမှစ၍ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ ရပိုင်ခွင့်နှင့် တာဝန်များအကြောင်း အသိပညာပေး ဟောပြောသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ သိရသည်။

အဆိုပါ အလုပ်ဌာနများမှ အလုပ်သမားများကို လူမှုဖူလုံရေးအကျိုးခံစားခွင့်များ၊ တာဝန်များနှင့် အာမခံစနစ်များအကြောင်းကို ပိုမိုသိရှိနားလည်စေရန် ဟောပြောပွဲများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါဟောပြောပွဲများကို အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်တို့တွင်ရှိသည့် အလုပ်ဌာနများကို မြို့နယ်လူမှုဖူလုံရေးရုံးများက ချိတ်ဆက်ပြီး တိုင်းဒေသကြီးတာဝန်ခံ၊ ခရိုင်တာဝန်ခံနှင့် မြို့နယ်ဦးစီးမှူးများ ပူးပေါင်း၍ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးက ပြောပြသည်။

"အနည်းဆုံးတစ်ရုံးကို ငါးဌာနစီ ဟောပြောပွဲပြုလုပ်ပေးသွားမှာပါ။ အလုပ်ဌာနတွေကို ဟောပြောရှင်းလင်းပွဲလုပ်တယ်။ အခုဧပြီလ ပထမပတ်ကနေစပြီး ဟောပြောပွဲပြုလုပ်ပေးသွားမှာပါ။ အာမခံစနစ်သုံးခုကို အကောင်အထည်ဖော်နေပါတယ်။ အာမခံစနစ်သုံးခုကို ထည့်ဝင်ကြေး ဘယ်လောက်သွင်းရမယ်။ တစ်ခုချင်းကနေ ဘာတွေရနိုင်တယ်။ ဆေးကုသမှုခွင့်အပြင် ငွေကြေးအကျိုးခံစားခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှုအာမခံစနစ်မှာ မမာမကျန်းရမယ်၊ မီးဖွားရမယ်၊ အကျိုးခံစားခွင့်တွေ ဘယ်လိုရမယ်ဆိုတဲ့ အကြောင်းအရာတွေ ဟောပြောမယ်။ အချိန်ကာလ ဘယ်လောက်အတွင်းမှာ တောင်းရမယ်ဆိုတာပြောမယ်။ အလုပ်ဌာနတွေက အလုပ်သမားတွေကို သိရှိလိုတာတွေဟောပြောပြီး အပြန်အလှန်ဆွေးနွေးပေးသွားမှာပါ"ဟု ဦးသန်းနိုင်ဦးက ပြောပြသည်။

လူမှုဖူလုံရေးရုံးက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အာမခံစနစ် သုံးခုမှာ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်၊ မိသားစုပံ့ပိုးမှုအာမခံစနစ်၊ အလုပ်ခွင်ထိခိုက်မှုအကျိုးခံစားခွင့်အာမခံစနစ်တို့ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(ဝ၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ဖြင့်လုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြောက်ဦးမြို့နယ် မြောင်းဘွေကျေးရွာ၌ မြေသားရေကန် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မြောက်ဦး ဧပြီ ၄**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြောင်းဘွေကျေးရွာအုပ်စု မြောင်းဘွေကျေးရွာ၌ မြေသားရေကန် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဧပြီ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးဘစော၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ မြောင်းဘွေကျေးရွာ၌ မြေသားရေကန်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးဘစောက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားထိန်းသိမ်းရန် ဆွေးနွေးမှာကြားခဲ့သည်။

မြောက်ဦးမြို့နယ် မြောင်းဘွေကျေးရွာ၌ မြေသားရေကန် ခြံစည်းရိုးကာရံခြင်း အရှည်ပေ ၁၂၀၀ ကို ပြည်ထောင်စု(မွမ်းမံ) ရန်ပုံငွေကျပ် ခုနစ်သန်းဖြင့် ရွှေစုံမြိုင် ကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း မြောက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုသန်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ကုလားကြီးဇြကျေးရွာကံအောင်မင်္ဂလာကျောင်းဆရာတော် ဘဒ္ဒန္တ နန္ဒဝံသက ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀၀၀၀၀၀ နှင့် ဆန်အိတ်တစ်အိတ် လှူဒါန်းရာ ဓမ္မိဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိတ်ဦးမြဝင်း၊ ဒုတိယ ရုံးအဖွဲ့မှူး ဒေါ်အေးမျိုးသန့်နှင့်ငွေစာရင်းမှူး ဒေါ်သူဇာဝင်းတို့က လက်ခံရယူစဉ်။

# ကျိုက်လတ်မြို့နယ်ထွက် ဖရဲသီးများကို ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလထက် မတ်လတွင် အလုံးရေ ငါးသိန်း ပိုမိုတင်ပို့ရောင်းချခဲ့ရ



**ကျိုက်လတ် ဧပြီ ၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ဒေသထွက်ကုန် ဖရဲသီးများကို ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလထက် မတ်လတွင် အလုံးရေငါးသိန်း ပိုမိုတင်ပို့ရောင်းချခဲ့ရကြောင်း ကျိုက်လတ်မြို့နယ် ဖရဲသီးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်မြူမြူအောင်က ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်တွင် ဒေသထွက်ကုန်ဖရဲသီးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့ရာ ဖေဖော်ဝါရီလအတွင်းက ဖရဲသီးအလုံးရေလေးသိန်းထိသာ တင်ပို့ရောင်းချခဲ့ရကြောင်း၊ မတ်လအတွင်း ဖရဲသီးအလုံးရေ ကိုးသိန်းထိ တင်ပို့ရောင်းချခဲ့ရသဖြင့် ဖေဖော်ဝါရီလထက် ဖရဲသီးအလုံးရေ ငါးသိန်း ပိုမိုတင်ပို့ရောင်းချခဲ့ရကြောင်း၊ ကျိုက်လတ်ဒေသထွက်ဖရဲသီးများ အလုံးရေပိုမိုတင်ပို့ရောင်းချလာရခြင်းသည် ရန်ကုန်မြို့မှတစ်ဆင့် အခြားဒေသများကို ပြန်လည်တင်ပို့ရောင်းချမှု ကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"နွေရာသီ ရောက်လာတာရယ်၊ ရန်ကုန်ကနေ အခြားဒေသတွေကို ပြန်လည်တင်ပို့ကုန် များနေတာရယ်ကြောင့် အဝယ်လိုက်လာပြီး တင်ပို့ကုန်များခဲ့တာပါ။ ရန်ကုန်ကို တင်ပို့တဲ့ ဖရဲသီးတွေက ဒေသထွက်ဖရဲသီးတွေများတယ်။ မအူပင်ဘက်က ဖရဲသီးတွေလဲပါတယ်။ တင်ပို့ကုန်တွေ များများတင်ပို့လာရတော့ အားလုံးအဆင်ပြေတာပေါ့။ ကုန်တင်ကားတွေနဲ့ အဓိကတင်ပို့နေတာပါ။ လာမဲ့သင်္ကြန်ပွဲတော် နီးကပ်လာရင် ဒေသကနေ ဖရဲသီးကို အခုထက် ပိုမိုတင်ပို့ရအုံးမယ်လို့ ခန့်မှန်းတယ်။ အခုတင်ပို့တဲ့ ဖရဲတွေက အလုံးလှတယ်၊ အရည်အသွေးလဲ ကောင်းပါတယ်"ဟု ကျိုက်လတ်မြို့နယ် ဖရဲသီးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်မြူမြူအောင်က ပြောပြသည်။

ကျိုက်လတ်ဒေသထွက်ကုန် ဖရဲသီးများ ရန်ကုန်ဈေးကွက်သို့ အများအပြား တင်ပို့ရောင်းချနေရသော်လည်း ဈေးနှုန်းမြင့်တက်ခြင်း မရှိကြောင်း၊ ဖရဲသီးများ တင်ပို့ရောင်းချအား ကောင်းလာသည့်အတွက် ဖရဲသီးစိုက်တောင်သူများ၊ ရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများ အဆင်ပြေလာကြောင်း ၎င်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# နတ်မောက်မြို့နယ် ကြူအိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် ဧပြီ ၄**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက န/လကျွံပွင်ကျေးရွာအုပ်စု ကြူအိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း နဝမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက် ၁၀ နာရီက ကြူအိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းသူရက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းသူရက ကြူအိုင်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၉ ဒသမ ၈ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကြူအိုင်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၄ ဦးကို ငွေကျပ် ၄၇ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၅ ဒသမ ၁ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၆ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၉ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၉ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သော်သော်**

# မိုင်းတုံမြို့နယ် ပန်ဖြတ်(အောက်)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မိုင်းတုံ ဧပြီ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ပန်ဖြတ်(အောက်)ကျေးရွာ၌ ရေရရှိရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်၊ စီမံကိန်းတာဝန်ခံနှင့် တာဝန်ရှိသူများသည် ပန်ဖြတ်(အောက်)ကျေးရွာတွင် အလျား ၂၅ ပေ၊ အနံ သုံးပေ၊ အမြင့် ငါးပေရှိ ရေတားတမံတည်ဆောက်ခြင်း လုပ်ငန်းနှင့် အရှည်ပေ ၃၅၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်က ဆောင်ရွက်ပြီး ရေရရှိရေးလုပ်ငန်းများကို ရေရှည်တည်တံ့ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ပန်ဖြတ်(အောက်)ကျေးရွာတွင် အဆိုပါ ရေရရှိရေးလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၈၄ သန်း စုစုပေါင်းငွေကျပ် ၁၁ ဒသမ ၈၄ သန်း အသုံးပြုပြီး မိုင်းတုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မတ်လ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ အားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီ ဖြစ်၍ အဆိုပါကျေးရွာနေပြည်သူများအတွက် သန့်ရှင်းသောသောက်သုံးရေများ ရာသီမရွေးရရှိပြီဖြစ်ကြောင်း မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်ထံမှ သိရသည်။

**ချိုသန်းညွန့်**



# ကန်တော်မိတ္ထီလာ

မောင်သာ (ရှေးဟောင်းသုတေသန)

ဘူမိဗေဒပညာရှင်များ၏ ယူဆချက်များအရ ကမ္ဘာမြေ၏ သက်တမ်းသည် နှစ်သန်းပေါင်း ၄၅၀၀ ရှိပြီဖြစ်သည်။ မြန်မာနိုင်ငံ၏ အနောက်ရိုးမ၊ အလယ်ရိုးမနှင့် တနင်္သာရီရိုးမတို့သည် ပလိုင်စတိုဆင်းယုဂ်ဖြစ်ကာ လွန်ခဲ့သော နှစ်တစ်သန်းခန့်တွင်တည်ရှိခဲ့ပြီး ထိုအချိန်တွင် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်းနှင့် သံလွင်မြစ်တို့စီးဆင်းနေပြီဖြစ်ကြောင်း အခြေပြမြန်မာ့နိုင်ငံရေးသမိုင်းစာအုပ်တွင် ဖော်ပြထားသည်။

လွန်ခဲ့သော နှစ် ၁၀၀၀၀ ကျော်က မြန်မာနိုင်ငံ မိုးကောင်း၊ ညောင်ရွှေ၊ ဟဲဟိုး၊ လားရှိုး၊ မိုးကုတ်၊ ကျိုင်းတုံ စသည့်ဒေသများတွင် အလွန်ကြီးမားသော အင်းအိုင်ကြီးများရှိခဲ့ကြောင်း၊ ရှမ်းကုန်းပြင်မြင့်ရှိ ညောင်ရွှေချိုင့်ဝှမ်းတစ်ခုလုံးသည် အိုင်မကြီးဖြစ်ခဲ့ကြောင်း ဘူမိဗေဒပညာရှင်များက မှန်းဆခဲ့ကြသည်။

ပထဝီဝင်အနေအထားကြောင့် အင်းတော်ကြီး၊ အင်းလေးစသည့်ရေအိုင်ကြီးများ ပေါ်ထွန်းလာခဲ့သကဲ့သို့ မြန်မာနိုင်ငံအတွင်း နေရာဒေသအသီးသီး၌ ပြည်သူများတူးဖော်ခဲ့သည့် သို့မဟုတ် မြစ်ချောင်းများကို ဆည်ဖို့ခဲ့သည့်ရေကန်ကြီးများသည် ယနေ့တိုင်တည်ရှိနေခဲ့သည်။

လူတို့ပြုလုပ်ထားသောကန်များအနက် မိတ္ထီလာကန်သည် မြန်မာနိုင်ငံအလယ်ပိုင်းအတွက် အရေးပါသောရေအရင်းအမြစ်နေရာတစ်ခုဖြစ်၍ မိတ္ထီလာမြို့ အနီးဝန်းကျင်မှ နယ်သူ၊ နယ်သားများသည် မိတ္ထီလာကန်ရေကို ခေတ်အဆက်ဆက်အသုံးပြုခဲ့ကြသည်။

မိတ္ထီလာကန်သည် မြန်မာဘုရင်များလက်ထက်တွင် ပြည်သူများ အားအထားရဆုံးရေကန်ကြီးဖြစ်ခဲ့သဖြင့် ကဝိလက္ခဏာဒီပနီကျမ်းတွင် မင်းကြီးသီရိမဟာဇေယျသူက "ရေမှာ စစ်ကိုင်း၊ လှိုင်းမှာ ပခန်းငယ်၊ လယ်မှာ တောင်တွင်း၊ စပါးမှာ ရမည်းသင်း၊ အင်းမှာ တောင်သမန်၊ ကန်မှာ မိတ္ထီလာ"ဟု ဖွဲ့ဆိုခဲ့သည်။

မိတ္ထီလာကန်သည် မြန်မာနိုင်ငံအလယ်ပိုင်း မိတ္ထီလာမြို့၏ အနောက်ဘက်တွင်တည်ရှိပြီး အလျား ခုနစ်မိုင်၊ အနံ လေးဖာလုံရှိသည်။ မိတ္ထီလာ-မြင်းခြံ မီးရထားလမ်းသည် မိတ္ထီလာကန်ကို အရှေ့မှအနောက်သို့ဖြတ်သန်းနေသဖြင့် မိတ္ထီလာကန်သည် တောင်ကန်နှင့် မြောက်ကန်ဟု နှစ်ပိုင်းဖြစ်နေသည်။ သို့သော် ရေကတစ်ဆက်တည်းဖြစ်ကာ မြောက်ကန်မှရေသည် တောင်ကန်အတွင်းသို့စီးဝင်လျက်ရှိသည်။ မိတ္ထီလာကန်ကို ဖြတ်ထားသည့် သံကူကွန်ကရစ်တံတားသည် အလျားပေ ၈၀၀၊ ယာဉ်သွားလမ်းအကျယ် ၄၈ ပေဖြစ်သည်။

### သမိုင်းထဲက မိတ္ထီလာကန်

မြန်မာ့စွယ်စုံကျမ်းအတွဲ(၉)တွင် "မိတ္ထီလာကန်သည် ရှေးအခါက သျှိသျှားကန်ဟု တွင်ခဲ့သည်။ ကန်တစ်ဝိုက်တွင်ပေါက်ရောက်သော သျှိသျှားပင်များကို စွဲ၍ ခေါ်ခြင်းပင်ဖြစ်၏။ ကာဠာဝကကန်၊ မင်္ဂလာကန်၊ မေတ္တာကန်ဟုလည်း တွင်ခဲ့သည်။ မိတ္ထီလာကန်ဟူ၍ ယခုအခါတွင်လျက်ရှိသော အမည်မှာ အနော်ရထာမင်းမှည့်ခေါ်ခဲ့သော အမည်ဖြစ်၏"ဟု ဖော်ပြထားသည်။

မိတ္ထီလာကန်ရေသည် ပုပ္ပားရေကျနှင့် ထိစပ်ခြင်းရှိ၊ မရှိ အနော်ရထာမင်းက အကြည့်ခိုင်းခဲ့သည့် မြင်းသည်တော်သည် ပုပ္ပားရေကျနှင့် မထိလာကြောင်း "မထိလာပါ"ဟု လျှောက်တင်သည့်စကားမှ မိတ္ထီလာဖြစ်လာသည်ဟု အစဉ်အဆက်ပြောဆိုခဲ့ကြသော်လည်း ၎င်းအဆိုသည် မိတ္ထီလာဒေသ၏ မြေမျက်နှာသွင်ပြင်ကြောင့် မဖြစ်နိုင်ကြောင်း မိတ္ထီလာမြို့နယ် ဖြစ်စဉ်သမိုင်းမှတ်တမ်းစာအုပ်တွင် ရေးသားထားသည်။

ပုပ္ပားတောင်အနီးဝန်းကျင်တွင်ရှိသည့် ရေထွက် ၉၉ ခုမှ ရေများကို ဒေသခံများက စိုက်ပျိုးရေးလုပ်ငန်းများတွင် သုံးစွဲကြသည်။ ပုပ္ပားတောင်စဉ်တောင်တန်းတစ်လျှောက်မှစီးဆင်းလာသည့် ရေလမ်းကြောင်းများကို ရေထွက်ဟု ခေါ်ဆိုကြရာ ၎င်းရေထွက်များမှ စီးဆင်းလာသည့် ရေများသည် မိတ္ထီလာကန်သို့စီးဝင်ခြင်း ရှိ၊ မရှိ စုံစမ်းဟန်တူကြောင်း ယူဆနိုင်သည်။

အထက်မြန်မာပြည်နှင့် ရှမ်းပြည်နယ် ဂဇက်တီးယား ၁၉၀၁ ခုနှစ်တွင် မိတ္ထီလာကန်သည် သဘာဝကန်မဟုတ်ဘဲ လူတို့ပြုလုပ်သောကန်ဖြစ်ကြောင်း ဖော်ပြထားသည်။ မိတ္ထီလာကန်သို့စီးဝင်သည့် ရှမ်းမငယ်ချောင်း၊ မုန်တိုင်ချောင်း၊ ရွှေစစ်သီချောင်းနှင့်ကန်နီချောင်းမှ ရေများကို ပိတ်ဆို့ထားခြင်းဖြစ်သည်ဟုဆိုလိုသည်။

သျှိသျှားကန်ခေါ် မိတ္ထီလာကန်ကို ပုဂံဘုရင် နရပတိစည်သူ(၁၁၆၅-၁၂၁၁)လက်ထက်တွင် ပထမဆုံးဆယ်ဖို့ခဲ့သည်ဟု ယူဆကြပြီး ၁၈၃၉ ခုနှစ် မတ်လတွင် ငလျင်ဒဏ်ကြောင့် ကျိုးပေါက်ခဲ့သည်။ မြန်မာသက္ကရာဇ် ၁၂၁၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်(ခရစ်နှစ် ၁၈၅၆ ခုနှစ် အောက်တိုဘာ ၂၈ ရက်)တွင် မင်းတုန်းမင်း(၁၈၅၃-၁၈၇၈)က "မိတ္ထီလာကန်ကျိုးပေါက်သည်ကို ဆယ်ဖို့လုပ်ဆောင်ခိုင်းကြောင်း" ကုန်းဘောင်ဆက် မြန်မာ့ရာဇဝင်သမိုင်းတွင် မှတ်တမ်းပြုထားသည်။



မိတ္ထီလာကန်အတွင်းမှ ရေလယ်ဘုရားကိုတွေ့ရစဉ်။

၁၈၅၇ ခုနှစ် ဖေဖော်ဝါရီလတွင် မိတ္ထီလာကန်ဆယ်ဖို့ခြင်းကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သဖြင့် မင်းတုန်းမင်းက ဦးစီးဆောင်ရွက်ခဲ့သူ ငါးမြို့ဝန် ဝက်မစွပ်မင်းကို ရာထူးတိုးမြှင့်လျက် သတိုးမင်းကြီး မဟာအဘယ ဘွဲ့ချီးမြှင့်ခဲ့ပြီး မိတ္ထီလာကန်နှင့် ကန်အနီးဝန်းကျင်ရှိ ရေနေ၊ ကုန်းနေသတ္တဝါများကို သတ်ဖြတ်ခြင်းမပြုရန် အမိန့်ချမှတ်ခဲ့သည်။

မင်းတုန်းမင်းနောက်ပိုင်းမှ ကိုလိုနီခေတ်ထိ မိတ္ထီလာကန်သည် ကျိုးပေါက်ခြင်းမရှိခဲ့ချေ။ ၁၉၃၅ ခုနှစ်တွင် မိတ္ထီလာကန်သို့ရေဝင်များခဲ့သဖြင့် ကန်ပေါက်ကျိုးကာ ကန်အောက်ကျေးရွာများ ရေမြုပ်ခဲ့ပြီး ရေကျော် ခုနစ်ပေါက် ရေလွှတ်ပြွန်တံခါးတပ်ဆင်ခဲ့သည်။ ရွှေမြင်တင်စေတီတော်အောက်တွင် လေးပေအကျယ်ရှိသည့် ရေပြွန်ကြီးကို မြှုပ်၍ရေလွှတ်တံခါးတစ်ခုတည်ဆောက်ခဲ့သည်။

### စာဆိုညိုနှင့် ထိလာကန်

အင်းဝဘုရင်မင်းကြီးစွာစော်ကဲ(၁၃၆၀-၁၄၀၁) လက်ထက်တွင် မိတ္ထီလာအနီး ဝန်ဇင်းရွာ၌ ညိုဆိုသူတစ်ဦးရှိခဲ့သည်။ ညိုသည် မည်သည့်အလုပ်မှမလုပ်ဘဲ စာတိုပေစများကိုသာဖတ်နေသဖြင့် ရွာသားများက စာတိုညိုဟု အမည်ပေးခဲ့သည်။ အရွယ်ရောက်ချိန်တွင် ဝန်ဇင်းရွာသူကြီး၏သမီးနှင့် အိမ်ထောင်ကျခဲ့ပြီး အိမ်ထောင်ကျသည့်တိုင်အလုပ်ကို ဂရုတစိုက်မလုပ်သော ညို့ကို ယောက္ခမဖြစ်သူက နွားတစ်ရှဉ်းနှင့် လယ်တစ်ကွက်ပေးကာ လုပ်ကိုင်စားသောက်စေခဲ့သည်။ ညိုသည် ယာထွန်ရင်းစာဖတ်ပြီး အချိန်ကုန်လွန်ခဲ့သည်။

မြန်မာသက္ကရာဇ် ၇၃၀ ပြည့်နှစ်(ခရစ်နှစ် ၁၃၆၈ ခုနှစ်)မင်းကြီးစွာစော်ကဲသည် မိတ္ထီလာကန်ကျိုးပေါက်သဖြင့် ဆယ်ဖို့ရန် မိတ္ထီလာသို့ ရောက်ရှိလာခဲ့သည်။ မင်းကြီးသည် ကန်ပေါင်ရိုးပေါ်တွင်ရှိနေသည့် နတ်ရုပ်အကြောင်းကိုမေးမြန်းခဲ့ရာ မင်းကြီးကျေနပ်အောင်မည်သူမျှ မဖြေဆိုနိုင်ကြသဖြင့် စာပေပညာနှံ့စပ်သည့် စာတိုညိုကိုမေးလျှင် သိနိုင်ကြောင်း လျှောက်တင်ခဲ့ကြသည်။ မင်းကြီးက စာတိုညိုကို ရှေ့တော်သို့ခေါ်ယူမေးမြန်းရန် ဆင့်ခေါ်ခဲ့ချိန်တွင် ယောက္ခမနှင့် ဇနီးဖြစ်သူတို့က မင်းပြစ်မင်းဒဏ်သင့်မည်ကို စိုးရိမ်ခဲ့ကြသော်လည်း စာတိုညိုက ဇနီးဖြစ်သူအား "ငါတို့ကောင်းစားချိန်ရောက်ပြီ"ဟုပြောကာ သူ၏ နွားနှစ်ကောင်ကို ဦးချိုတွင် သပြေပန်းများချည်နှောင်ပေးပြီး ဘေးမဲ့လွှတ်၍ မင်းကြီးထံ အခစားဝင်ခဲ့သည်။

စာတိုညိုက မင်းကြီးစွာစော်ကဲကို မိတ္ထီလာကန်ပေါင်ပေါ်မှ အရုပ်သည် နတ်ရုပ်မဟုတ်ကြောင်း၊ ကွယ်လွန်ခဲ့သော မိဖုရားတစ်ပါး၏ ရွှေရုပ်တုကို ရုပ်အလောင်းနှင့်အတူ မြှုပ်နှံခဲ့ကြောင်း၊ အပေါ်တွင် နတ်ကွန်းပြုလုပ်၍ သစ်သားပန်းပုရုပ်ကို တင်ထားခြင်းဖြစ်ကြောင်း လျှောက်တင်ခဲ့သည်။ မင်းကြီးက နတ်ကွန်းအောက်သို့တူးဖော်စေခဲ့ရာ စာတိုညိုပြောခဲ့သည့်အတိုင်း မိဖုရားရွှေရုပ်တုကို တွေ့ရှိခဲ့သဖြင့် စာတိုညိုကို နန်းတော်သို့ခေါ်ယူကာ စည်းတပစ်ဟူသည့် ဘွဲ့အမည်ဖြင့် မင်းတိုင်ပင် ပညာရှိအဖြစ်သူကောင်းပြုခဲ့သည်။ စာတိုညိုသည် ဇာတိမြေဝန်ဇင်းကို အစွဲပြု၍ ဝန်ဇင်းမင်းရာဇာဟု ထင်ပေါ်ခဲ့ပြီး မိမိဇာတိမြေတွင် စည်းခုံကြီးစေတီတော်ကို တည်ထားခဲ့သည်။

### ယနေ့မိတ္ထီလာကန်

မိတ္ထီလာနယ်၏ မြေမျက်နှာပြင်သည် ကုန်းစောင်းတစ်ခုသဖွယ်တည်ရှိနေကာ မြို့၏အရှေ့ဘက်ဒေသများသည် ပင်လယ်ရေမျက်နှာပြင်အထက်ပေ ၆၀၀ မြင့်၍ အနောက်ဘက်နယ်မြေများသည် ပေ ၁၂၀၀ အထက်တွင်ရှိနေသည်။ ပင်လယ်ရေမျက်နှာပြင်အထက်ပျမ်းမျှ ပေ ၇၅၀ မြင့်သည့် မိတ္ထီလာမြို့နယ်၏ မြေမျက်နှာပြင်အနေအထားကြောင့် မိုးများသောကာလများတွင် မိုးရေများက မိတ္ထီလာကန်အတွင်းသို့ စီးဝင်လေ့ရှိသည်။ မိတ္ထီလာမြောက်ကန်သို့ အဓိကရေဝင်ချောင်းဖြစ်သည့် မုန်တိုင်ချောင်းမှ ရေများစီးဝင်လျက်ရှိသည်။

မင်းကြီးစွာစော်ကဲ လက်ထက် ၁၃၆၈ ခုနှစ်တွင် မိတ္ထီလာကန်ကျိုးပေါက်ခဲ့ပြီး မင်းကြီးစွာစော်ကဲနောက်တွင် နန်းတက်ခဲ့ကြသော ဒုတိယမင်းခေါင် ခေါ် သီဟသူမင်း၊ ရွှေနန်းကြော့ရှင်၊ ငါးဆူဒါယကာမင်း၊ သာလွန်မင်း၊ အလောင်းမင်းတရားကြီး စသည့် မင်းအဆက်ဆက်လက်ထက်တွင် မိတ္ထီလာကန်ကိုပြုပြင်မှုများ မရှိခဲ့ဘဲ ဗဒုံမင်း(၁၇၈၂-၁၈၁၉)လက်ထက်တွင် မိတ္ထီလာကန်ကိုစနစ်တကျပြုပြင်ခဲ့သည်။ ဗဒုံမင်းသည် မိတ္ထီလာကန်ကို မပြုပြင်မီ မောင်းထောင်ဆရာတော် အရှင်ဉာဏာဘိဝံသထံမှ အကြံဉာဏ်တောင်းခံခဲ့ရာ ဆရာတော်ကပြုပြင်သင့်ကြောင်း မေတ္တာစာပေးပို့ခဲ့သည်ဟု ဦးမောင်မောင်တင်၏ ကုန်းဘောင်ဆက်မဟာရာဇဝင်ကြီးတွင် ရေးသားထားသည်။

ဗဒုံမင်းသည် မိတ္ထီလာကန်ကိုပြုပြင်ပြီးနောက် ရွှေမြင်တင်စေတီတော်နှင့် စည်းခုံကြီးစေတီတော်တို့ကို ပြုပြင်ခဲ့ပြီး ရွှေယင်မျှော်စေတီနှင့် ရွှေမြင်တင်စေတီတော်တို့ကို ရွှေထီးတော်အသစ်များ တင်လှူခဲ့သည်ဟု ဆိုသည်။ တောင်ကန်ထိပ်တွင် လောကထိပ်ပန်စေတီတော်နှင့် မြောက်ကန်ဘေးတွင် ရတနာသင်းကျစ်စေတီတော်တို့ကိုတည်ထားခဲ့သည်။ ဗဒုံမင်းသည် မိတ္ထီလာကန်ကို ထိန်းသိမ်းစောင့်ရှောက်စေပြီး ရေပေးဝေရခြင်းအတွက် ကန်ရေသောက်ရွာများထံမှ အခွန်တော်ငွေများကောက်ခံခဲ့သည်။

လက်ရှိအချိန်တွင် မိတ္ထီလာမြို့ပေါ်တွင် လူဦးရေတစ်သိန်းခန့် နေထိုင်လျက်ရှိရာ မြို့နေလူထု ၈၀ ရာခိုင်နှုန်းသည် မိတ္ထီလာကန်ရေကို သောက်ရေ၊ သုံးရေအဖြစ် အသုံးပြုကြသည်။ မိတ္ထီလာကန်၏ ရေပြည့်ရေလှောင်ပမာဏသည် ၂၄၈၄၆ ဧကပေရှိပြီး ကန်ရေသောက်ဧရိယာသည် ၂၁၆၉၁ ဧကဖြစ်သဖြင့် လူဦးရေ သုံးသိန်းခန့်နေထိုင်သည့်မိတ္ထီလာမြို့နယ်တွင် မိတ္ထီလာကန်ရေကို စိုက်ပျိုးရေအဖြစ် သုံးစွဲကြသည်။

သက်တမ်းကြာရှည်လာသည်နှင့်အမျှ မိတ္ထီလာကန်သည် ၁၉၈၂ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း ရေလှောင်တမံအမြင့်သည် ၇၂ ဒသမ ၉ ပေမှ ၄၆ ပေသို့လည်းကောင်း၊ ရေပြင်ကျယ်ဧရိယာသည် ၃၁၆၆ ဧကမှ ၂၉၈၉ ဧကသို့လည်းကောင်း၊ ရေသေရေလှောင်ပမာဏသည် ၉၆၁၁ ဧကပေမှ ၇၆၁၇ ဧကပေသို့လည်းကောင်း၊ ရေပြည့်ရေလှောင်ပမာဏသည် ၂၆၄၃၄ ဧကပေမှ ၂၄၈၄၆ ဧကပေသို့လည်းကောင်း၊ အသုံးပြုနိုင်သောပမာဏသည် ၂၁၆၉၁ ဧကပေမှ ၁၇၂၀၉ ဧကပေသို့လည်းကောင်း ကျဆင်းခဲ့သည်။

မိတ္ထီလာကန်အတွင်းသို့ နှစ်စဉ်နုန်းများစီးဝင်သဖြင့် နုန်းမြေများဝင်ရောက်မှုကြောင့် နောင်နှစ် ၄၀ တွင် မိတ္ထီလာကန်တိမ်ကောသွားနိုင်ကြောင်း ပညာရှင်များ၏ တွက်ချက်မှုများအရ ၁၉၆၃ ခုနှစ်တွင် မုန်တိုင်ဆည်၊ ရေစစ်ကန်ကို တည်ဆောက်ခဲ့သည်။

မုန်တိုင်ဆည်၏ အထက်တွင်လည်း ရှမ်းမငယ်နုန်းတားဆည်ကိုတည်ဆောက်ခဲ့သဖြင့် မိတ္ထီလာကန်အတွင်းနုန်းများဝင်ရောက်မှု လျော့နည်းသွားခဲ့သည်။

ကန်သက်တမ်းနှစ်ပေါင်း ထောင်ကျော်ခဲ့ပြီဖြစ်သည့် မိတ္ထီလာကန်သည် မင်းတုန်းမင်းလက်ထက်တွင် (၁၇)ကြိမ်မြောက် ပြုပြင်ဆယ်ဖို့ခဲ့ပြီး နှစ် ၁၅၀ ကြာလာသည့် ယခုအချိန်တွင် သဲနုန်းပို့ချမှုများလာခဲ့ပြီး တိမ်ကောလာခဲ့သည်။ ကန်တိမ်ကောလာသည်နှင့်အမျှ ရေသိုလှောင်နိုင်မှုပမာဏ လျော့နည်းလာသည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ် ဇွန်လနှင့် ဇူလိုင်လတွင် မိတ္ထီလာကန်အတွင်းမှ သဲနုန်း ၉၇၂၅ ကုဗပေကို တူးဖော်ခဲ့ပြီး မြောက်ကန်ပေါင်အလျားကိုပေ၂၅၆၀၀ ထိလည်းကောင်း၊ ကန်ပေါင်အမြင့်ကို ၄၈ ပေထိလည်းကောင်း၊ ကန်ပေါင်ထိပ်အကျယ်ကို ပေ ၁၀၀ ထိလည်းကောင်း၊ ကန်ရေအနက်ကို ရှစ်ပေထိလည်းကောင်း၊ ရေလှောင်ပမာဏကို ဧကပေ ၇၂၀၀ ထိလည်းကောင်း တိုးမြှင့်ခဲ့သည်။

သမိုင်းဝင် မိတ္ထီလာကန်ကြီးရေရှည်တည်တံ့နေရန် ခေတ်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်မှုများ ပြုလုပ်ခဲ့ကြသောကြောင့် ဒေသနေပြည်သူများသည် မိတ္ထီလာကန်အပေါ် ပိုမိုအမှီသဟဲပြုနိုင်ကြကာ မြန်မာ့သမိုင်းစဉ်တစ်လျှောက် ထင်ရှားခဲ့သည့် သဘာဝအမွေအနှစ်တစ်ခုကို ယနေ့တိုင် ထိန်းသိမ်းထားနိုင်ခဲ့ကြပေသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း အတွဲ(၉)**
- **ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး (ဦးမောင်မောင်တင်)**
- **မိတ္ထီလာမြို့နယ် ဖြစ်စဉ်သမိုင်းမှတ်တမ်း (ဦးထွဏ်းလွင်)**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# အင်းတော်နှင့် ဗန်းမောက်မြို့နယ်တွင် နွေစပါး ၁၀၉၇ ဧက စိုက်ပျိုးပြီးစီး

**ကသာ ဧပြီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်နှင့်ဗန်းမောက်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၀၉၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ကသာခရိုင် အင်းတော်မြို့နယ်တွင် နွေစပါး ၈၄၂ ဧကနှင့် ဗန်းမောက်မြို့နယ်တွင် နွေစပါး ၄၁၈ ဧက စုစုပေါင်း နွေစပါးဧက ၁၂၆၀ လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အင်းတော်မြို့နယ်တွင် ဧက ၇၅၀ နှင့် ဗန်းမောက်မြို့နယ်တွင် ၃၄၇ ဧကစုစုပေါင်း ၁၀၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် အင်းတော်နဲ့ဗန်းမောက်မြို့နယ်တို့မှာ နွေစပါးဧက ၁၂၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ နွေစပါးဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ နွေစပါးဧကလျာထားချက်ပြည့်မီအောင်တော့ စိုက်ပျိုးသွားမှာပါ။ စိုက်နည်းစနစ်တွေ မှန်ကန်ဖို့၊ အထွက်နှုန်းတိုးဖို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ပြီးခဲ့သည့်နှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ အင်းတော်မြို့နယ်တွင် နွေစပါး ၇၉၇ ဧကနှင့် ဗန်းမောက်မြို့နယ်တွင် နွေစပါး ၃၇၁ ဧက စုစုပေါင်း ၁၁၆၈ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ကသာခရိုင်အတွင်း နွေစပါးစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နွေစပါးအထွက်နှုန်း တိုးတက်ရေးအတွက် နည်းပညာများပေးခြင်း၊ မြေဩဇာကျွေးနည်းစနစ်၊ သဘာဝမြေဩဇာ အသုံးပြုရန်၊ ပေါင်းရှင်းရန်၊ ပိုးသတ်ဆေးသုံးရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)



# ဟိုပုံးမြို့နယ် ဟိုဟွေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဟိုပုံး ဧပြီ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက စံပူးကျေးရွာအုပ်စု ဟိုဟွေ့ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်ကဟိုဟွေ့ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၂၄ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဟိုဟွေ့ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၆ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၂၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်စိုင်**

# မြန်မာ့တန်ခူး အလှထူးတော့သည်

- ချိန်ခါတန်ခူး လေရူးပွေသည်
  ရွက်ဝါဝေ့ဝဲ လေထဲလွင့်မြူးပြီ
  လွမ်းတေးကိုသီ ပင်ဆီကိုင်းထက်
  ဥသြဆွေပျို နွေကိုကြို
  ဖော်ကိုမျှော်ရှာခက်သည်နှင့်လေး။

- သည်ချိန်မပျက် ဆက်ဆက်ရောက်လာ
  တာသဘင်ပွဲ ဆင်နွဲပျော်ရွှင်စွာ
  ရှေးခေတ်အခါ ပုဂံမှာစ
  ထိန်းကြရိုးရာ ခုတိုင်ပါ
  ချစ်ကာမြတ်နိုးလှသည်နှင့်လေး။

- အလှူဒါန ပြုကြထုံးစံ
  မိဘဘိုးဘေး ခေါင်းဆေးကုသိုလ်မှန်
  စေတနာသန် သင်္ကြန်ကုသလ
  စတုဒိသာ ကျွေးမွေးကာ
  သဟာစုံနွှဲကြသည်နှင့်လေး။

- ဟောဖော်ဓမ္မ နာရညီတူ
  ကျောင်းကန်ဌာန လှမ်းကြွဥပုသ်ယူ
  ဝင့်မကင်းသူ ကြည်ဖြူစိတ်ညွတ်
  မေတ္တာဖြန့်ဝေ ဘေးကင်းစေ
  သွားလေအသက်လွတ်သည်နှင့်လေး။

- ထွတ်မြတ်လညီး တန်ခူးချိန်ခါ
  ပင်လုံးညွတ်မျှ ပွင့်ကြပိတောက်ဝါ
  ဘာသာ သာသနာ ရောင်ဝါထွန်းလတ်
  မြန်မာတို့မြေ သာယာနေ
  အရှည်သာတည်အပ်သည်နှင့်လေး။

- သင့်မြတ်ရိုးရာ ခက်ဝေမြင့်တော့သည်။
  ဆင့်ထပ်တိုးကာ ကျက်သရေတင့်ပေ့ါအတည်။

**ညွန့်ဝင်း(နတ်တလင်း)**

### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# နိုင်ငံတကာ သတင်းများ

## ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်ရန်ကြိုးစားသူများကို ရာဇဝတ်မှုအဖြစ်မှပယ်ဖျက်ရန် မလေးရှားစီစဉ်

**ကွာလာလမ်ပူ မေ ၄**

မလေးရှားနိုင်ငံသည် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်မှုများကို ရာဇဝတ်မှုအဖြစ်သတ်မှတ်ထားမှုမှ ဖျက်သိမ်းရန် စီစဉ်နေကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မလေးရှားနိုင်ငံ၏ လက်ရှိဥပဒေများအရ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ရန် ကြိုးစားမှုများကို ထောင်ဒဏ် တစ်နှစ်နှင့်အထက် အပြင် ငွေဒဏ်ပါချမှတ်နိုင်သည့် ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားသည်။

သို့ရာတွင် မလေးရှားနိုင်ငံ အနေဖြင့် ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်ရန်ကြိုးပမ်းမှုများကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားမှုကို ပြန်လည်ဖျက်သိမ်းရန် ဆန္ဒရှိကြောင်း မလေးရှား ဥပဒေရေးရာဝန်ကြီး အဇာလီနာအော့မင်းက ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်။

ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်ရန် ကြိုးစားမှုများကို စိတ်ပိုင်းဆိုင်ရာ အားနည်းချက် သို့မဟုတ် စိတ်ကျန်းမာရေးပြဿနာများ၏အကျိုးသက်ရောက်မှုအဖြစ် မှတ်ယူထားမှုကြောင့် ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်မှုများကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားမှုကို ပြန်လည်ပယ်ဖျက်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း မလေးရှားဥပဒေရေးရာဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

၂၀၂၁ ခုနှစ်အတွင်း မလေးရှားနိုင်ငံ၌ ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်မှုပေါင်း ၁၁၄၂ မှုထိ ရှိခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ၆၃၁ မှုသာရှိခဲ့သည်။

ထို့ကြောင့် မလေးရှားအစိုးရအနေဖြင့် ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်မှုများကို ရာဇဝတ်မှုအဖြစ်မှ ပယ်ဖျက်ရေးဥပဒေကြမ်းကို ယနေ့တွင် လွှတ်တော်သို့ တင်သွင်းမည်ဖြစ်ကြောင်း သိရသည်။

KKO




## အိန္ဒိယနိုင်ငံတွင် နွားနို့ဈေး စံချိန်တင်မြင့်တက်နိုင်

**နယူးဒေလီ မေ ၄**

အိန္ဒိယနိုင်ငံ၏ နွားနို့ဈေးသည် မကြာမီကာလအတွင်း စံချိန်တင်မြင့်တက်လာနိုင်ကြောင်း အိန္ဒိယတာဝန်ရှိသူများ၏အဆိုကို ကိုးကား၍ ရိုက်တာသတင်းဌာနက မေ ၃ ရက်တွင် ဖော်ပြခဲ့သည်။

ပြည်တွင်းနွားနို့ဈေးများ စံချိန်တင်မြင့်တက်လာပါက ကမ္ဘာပေါ်၌ နွားနို့အများဆုံး ထုတ်လုပ်သူနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံသည် ပြည်တွင်းဈေးကွက် လိုအပ်ချက်ကို ဖြည့်ဆည်းရေးအတွက် နွားနို့တင်သွင်းမှုမြင့်တင်ရနိုင်ဖွယ်ရှိသည်။

ပြီးခဲ့သည့်နှစ်အတွင်း အိန္ဒိယနိုင်ငံ၏ နွားနို့များသည် တစ်လီတာလျှင် ၅၆ ရူပီး(အမေရိကန်ဒေါ်လာသုည ဒသမ ၆၈ ဒေါ်လာ)ထိ မြင့်တက်ခဲ့ရာ ၁၀ နှစ်တာ ကာလအတွင်း အမြင့်ဆုံးနွားနို့ဈေး ဖြစ်ခဲ့ရသည်။

နွားနို့ဈေးများ မြင့်တက်မှုပြဿနာသည် ယခုနှစ်ကုန်ပိုင်း၌ ပြည်နယ်ရွေးကောက်ပွဲများမကျင်းပမီ အိန္ဒိယခေါင်းဆောင်များအတွက် အဓိက နိုင်ငံရေးပြဿနာတစ်ရပ်ဖြစ်လာနိုင်သည်။

ယခုနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ နို့ထွက်ပစ္စည်းအစားအစာဈေးကွက်ဝယ်လိုအားသည် ခုနစ်ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်သော်လည်း နွားနို့ထုတ်လုပ်မှုနှုန်းမှာ တစ်ရာခိုင်နှုန်းမျှသာ မြင့်တက်လာနိုင်ကြောင်း အိန္ဒိယအစိုးရ တာဝန်ရှိသူများက ပြောကြားသည်။

လက်ရှိအခြေအနေအရ ယခုနှစ်တွင် မိမိတို့အနေဖြင့် နွားနို့ထုတ်လုပ်မှုကို မြှင့်တင်နိုင်မည့်နည်းလမ်းမရှိသေးကြောင်း အိန္ဒိယအစားအစာထုတ်လုပ်မှုလုပ်ငန်းရှင်များက ပြောကြားထားကြောင်း သိရသည်။

KKO

## ထိုင်းအမတ်လောင်းများရွေးကောက်ပွဲအတွက် မှတ်ပုံတင် လွှတ်တော်အမတ်လောင်း ဦးရေ ၄၀၀ ကို ပြည်သူတိုက်ရိုက်မဲပေးစနစ်ဖြင့် ရွေးချယ်မည်



**ဗန်ကောက် မေ ၄**

လာမည့် အထွေထွေရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် ထိုင်းအမတ်လောင်းများသည် မေ ၃ ရက်တွင် ရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်ရေးအတွက် တရားဝင်မှတ်ပုံတင်စာရင်းပေးမှုများ စတင်နေပြီဖြစ်ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ထိုင်းနိုင်ငံသည် ပြီးခဲ့သည့်လအတွင်း လွှတ်တော်ဖျက်သိမ်းခဲ့ပြီးနောက် ယခုနှစ် မေ ၁၄ ရက်တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ရွေးကောက်ပွဲတွင် လက်ရှိ ထိုင်းဝန်ကြီးချုပ် ပရာယုဂ်ချန်အိုချာသည် ညီညွတ်သောထိုင်းအမျိုးသားပါတီအမည်ရှိ ပါတီသစ်တစ်ခုကို ကိုယ်စားပြု၍ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

လာမည့် အထွေထွေရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ပရာယုဂ်ချန်အိုချာသည် ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်၏သမီး ပေတွန်သန်ရှင်နာဝပ်နှင့် အကြိတ်အနယ် ယှဉ်ပြိုင်ရဖွယ်ရှိသည်။

လူထုသဘောထားကောက်ခံချက်ရလဒ်များအရ အသက် ၃၆ နှစ်အရွယ်ရှိ ပေတွန်သန်ရှင်နာဝပ်သည် မေ ၁၄ ရက် ရွေးကောက်ပွဲ၌ ဝန်ကြီးချုပ်ရာထူးရရှိရန် အလားအလာအကောင်းဆုံး နိုင်ငံရေးသမားအဖြစ် ရပ်တည်လျက်ရှိသည်။

မေ ၁၄ ရက် အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်အမတ်လောင်း ဦးရေ ၄၀၀ ကို ပြည်သူတိုက်ရိုက်မဲပေးစနစ်ဖြင့် ရွေးချယ်မည်ဖြစ်ပြီး အမတ်နေရာ ၁၀၀ ကို အချိုးကျကိုယ်စားပြု ရွေးကောက်ပွဲစနစ်ဖြင့် ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

KKO

## ကွန်ဂို၌ ခရီးသည်တင်ရေယာဉ်တိမ်းမှောက် လူခြောက်ဦးသေဆုံး၍ ၆၄ ဦး ပျောက်ဆုံးနေ

**ကိုမာ မေ ၄**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ ကီဗူးရေကန်ကြီးအတွင်း၌ မေ ၃ ရက်က ရေယာဉ်တစ်စီး တိမ်းမှောက်ခဲ့ရာ လူခြောက်ဦးသေဆုံး၍ ၆၄ ဦး ပျောက်ဆုံးနေကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ခရီးသည် ဦးရေ ၁၅၀ တင်ဆောင်လာသည့် အဆိုပါရေယာဉ်သည် အိုင်ဂျီစီကျွန်းမှဂိုမာမြို့တော်သို့မောင်းနှင်နေစဉ် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ရေယာဉ်တိမ်းမှောက်မှုကြောင့် ခရီးသည် ခြောက်ဦးသေဆုံး၍ ၆၄ ဦး ပျောက်ဆုံးနေပြီး ဦးရေ ၈၀ အသက်ရှင် ကျန်ရစ်ခဲ့ကြောင်း ကွန်ဂိုတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကီဗူးရေအိုင်အတွင်း ခရီးသည်တင်ရေယာဉ် တိမ်းမှောက်ခဲ့မှုကို ကွန်ဂိုနိုင်ငံ တောင်ကီဗူးပြည်နယ်တာဝန်ရှိသူများက အတည်ပြုပြောကြားထားသည်။

လက်ရှိအချိန်တွင် ကွန်ဂိုတာဝန်ရှိသူများက ရေယာဉ်တိမ်းမှောက်မှုနောက်ခံအကြောင်းအရင်းကို စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိပြီး ပျောက်ဆုံးနေသူများကိုလည်း ဆက်လက်ရှာဖွေနေဆဲဖြစ်သည်။

ကွန်ဂိုနိုင်ငံ၌ ခရီးသည်တင်ရေယာဉ်များသည် ခရီးသည်အရေအတွက်နှင့် ကုန်စည်ပမာဏကို သတ်မှတ်ချက်ထက် ကျော်လွန်တင်ဆောင်တတ်မှုကြောင့် ရေယာဉ်မတော်တဆ တိမ်းမှောက်မှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

KKO

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တော်၌ အဝတ်အထည်ဈေးမီးလောင်မှုဖြစ်ပွား

**ဒါကာ မေ ၄**



ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တော်ရှိ အဝတ်အထည်ဈေးတစ်ခု၌ ယနေ့တွင် မီးလောင်မှုအကြီးအကျယ်ဖြစ်ပွားခဲ့ပြီး အနီးဝန်းကျင်ရှိ အခြားဈေးငယ်များနှင့် အဆောက်အအုံကိုပါ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါမီးလောင်မှုသည် ဘန်ဂါဘာဇာအမည်ရှိ အဝတ်အထည်ဈေးအတွင်း ယနေ့ နံနက်ပိုင်းတွင် စတင်ဖြစ်ပွားခဲ့ပြီး ခြောက်နာရီကြာမျှလောင်ကျွမ်းခဲ့ကာ မီးလောင်မှုကို မီးသတ်အဖွဲ့ ၅၀ ခန့်က ကြိုးစားငြိမ်းသတ်ခဲ့ရသည်။

ဘန်ဂါဘာဇာဈေး၌ အဝတ်အထည်ဆိုင်ပေါင်း ၃၀၀၀ ကျော်ရှိရာ အများစုမှာ မီးလောင်ပြာကျခဲ့ရကြောင်း ဒါကာမြို့တော်တာဝန်ရှိသူများက ပြောကြားထားသည်။

လက်ရှိအချိန်တွင် ဘန်ဂါဘာဇာဈေးမီးလောင်မှုကြောင့် လူသေဆုံးမှုမရှိသေးကြောင်း ဒါကာမြို့တော် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဘေးအန္တရာယ်ကင်းရှင်းရေး စည်းမျဉ်းများလိုက်နာမှု နည်းပါးခြင်း၊ မီးဘေးအန္တရာယ်တာကွယ်ရေးအစီအမံများ အားနည်းခြင်းတို့ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မီးလောင်မှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## နာဆာက နှစ်ပေါင်း ၅၀ ကျော်အတွင်း ပထမဆုံးအကြိမ်အဖြစ် လကမ္ဘာခရီးစဉ်လိုက်ပါမည့် အာကာသယာဉ်မှူး လေးဦး ရွေးချယ်



**ဝါရှင်တန် ဧပြီ ၄**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် နှစ်ပေါင်း ၅၀ ကျော်အတွင်း ပထမဆုံးအကြိမ်အဖြစ် လကမ္ဘာခရီးစဉ်လိုက်ပါမည့် အာကာသယာဉ်မှူးလေးဦးကို ဧပြီ ၃ ရက်က ရွေးချယ်ကြေညာခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

နာဆာအဖွဲ့သည် အားတီးမစ်-၂ မစ်ရှင် အာကာသယာဉ်မှူးများအဖြစ် နာဆာအာကာသယာဉ်မှူးများဖြစ်ကြသည့် ရိုက်ဝိုက်စ်မင်း၊ ဗစ်တာဂလိုဗာ၊ ခရစ္စတီးနားလို့ချ်နှင့် ကနေဒါ အာကာသယာဉ်မှူး ဂျရမီဟန်ဆန်တို့ကို ရွေးချယ်ထားကြောင်း သိရသည်။

အဆိုပါ အာကာသယာဉ်မှူးလေးဦးသည် အပိုလိုအာကာသမစ်ရှင်များနောက်ပိုင်း လကမ္ဘာသို့ခရီးနှင်မည့် ပထမဆုံးအာကာသယာဉ်မှူးများဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် အဆိုပါ အာကာသယာဉ်မှူးလေးဦး လိုက်ပါမည့် အိုရီယွန်အာကာသယာဉ်ကို အားတီးမစ်-၂ မစ်ရှင်အရ ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် SLS ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် အာကာသယာဉ်မှူးများလိုက်ပါခြင်းမရှိသော အားတီးမစ်-၁ စမ်းသပ်မစ်ရှင်ကို ပြီးခဲ့သည့်နှစ်အတွင်း အောင်မြင်စွာ လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အားတီးမစ်-၂ မစ်ရှင်အတွင်း အိုရီယွန် အာကာသယာဉ်သည် လကမ္ဘာကို မိုင်ပေါင်း ၄၆၇၉ မိုင် အကွာမှတစ်ဆင့် ဖြတ်ကျော်ပျံသန်းပြီးနောက် ကမ္ဘာမြေသို့ ပြန်လည် ခရီးနှင်မည်ဖြစ်ကြောင်း သိရသည်။

KKO

## Star Ship-24 ဒုံးပျံကို လာမည့်ရက်သတ္တပတ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ လွှတ်တင်နိုင်ဖွယ်ရှိ

**ဝါရှင်တန် ဧပြီ ၄**

Space-X အာကာသ နည်းပညာကုမ္ပဏီသည် အင်္ဂါဂြိုဟ်နှင့် လကမ္ဘာခရီးစဉ်များအတွက် ရည်ရွယ်တည်ဆောက်ထားသော Star Ship -24 ဒုံးပျံကို လာမည့်ရက်သတ္တပတ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ လွှတ်တင်နိုင်ဖွယ်ရှိကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဧပြီ ၃ ရက်က ရေးသားတင်ပြထားသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် Star Ship-24 ဟူ၍ အမည်ပေးထားသော အဆိုပါ ဒုံးပျံကို တက္ကဆက်ပြည်နယ်တောင်ပိုင်းရှိ ပစ်စင်သို့ ဧပြီ ၁ ရက်က ရွှေ့ပြောင်းထားကြောင်း သိရသည်။

ထို့ပြင် Star Ship-24 မစ်ရှင်အတွက် လေကြောင်း၊ ရေကြောင်း လမ်းသတိပေးချက်များ ထုတ်ပြန်ထားပြီးဖြစ်ရာ Space-X အာကာသနည်းပညာကုမ္ပဏီအနေဖြင့် ဧပြီ ၆ ရက်နှင့် ဧပြီ ၁၂ ရက်ကြား တစ်ချိန်ချိန်တွင် Star Ship-24 ကို လွှတ်တင်နိုင်ဖွယ်ရှိသည်။



Star Ship-24 ကို ဧပြီလ တတိယပတ်အတွင်း လွှတ်တင်နိုင်ကြောင်း Space-X အာကာသနည်းပညာကုမ္ပဏီမှ တာဝန်ရှိသူများက ယခင်ကပြောဖူးသော်လည်း လက်ရှိ လုပ်ဆောင်နေသော ပြင်ဆင်မှုများအရ Star Ship-24 ကို လာမည့်ရက်သတ္တပတ်အတွင်းမှာပင် လွှတ်တင်နိုင်ကြောင်း လေ့လာသူများက မျှော်လင့်ထားသည်။

လွှတ်တင်ပြီးချိန်တွင် ကမ္ဘာပတ်လမ်းကြောင်းပေါ် အောင်မြင်စွာရောက်ခဲ့ပါက Star Ship-24 သည် ကမ္ဘာပေါ်၌စွမ်းဆောင်ရည် အမြင့်ဆုံးဒုံးပျံအဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။

Star Ship-24 သည် လွှတ်တင်ချိန်တွင် တွန်းပင့်အားပေါင်ချိန် ၁၇ သန်းထိ ထုတ်ပေးနိုင်ကြောင်း သိရသည်။ KKO

## ဂိုင်ယာဂြိုဟ်တုက ကမ္ဘာနှင့်အနီးဆုံးအာကာသတွင်းနက် နှစ်ခုကို ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဧပြီ ၄**

ဥရောပအာကာသအေဂျင်စီ၏ ဂိုင်ယာဂြိုဟ်တုသည် ကမ္ဘာနှင့်အနီးဆုံး အာကာသတွင်းနက်နှင့် ဒုတိယအနီးဆုံး အာကာသတွင်းနက်တို့ကို ရှာဖွေတွေ့ရှိထားကြောင်း Phys.org သတင်းဝက်ဘ်ဆိုက်က ဧပြီ ၃ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ အာကာသတွင်းနက် နှစ်ခုအနက် ဂိုင်ယာဘီအိတ်ချ်-၁ အမည်ရှိ တွင်းနက်မှာ ကမ္ဘာမြေနှင့် အလင်းနှစ် ၁၅၆၀ အကွာတွင် တည်ရှိပြီး ဂိုင်ယာဘီအိတ်ချ်-၂ တွင်းနက်မှာ ကမ္ဘာမြေနှင့် အလင်းနှစ် ၃၈၀၀ အကွာတွင် တည်ရှိကြောင်း သိရသည်။

ဂိုင်ယာဘီအိတ်ချ်-၁ တွင်းနက်နှင့် နေအဖွဲ့အစည်းကြား အကွာအဝေးသည် ယခင်နေအဖွဲ့အစည်းနှင့်အနီးဆုံး အာကာသတွင်းနက်အဖြစ် သတ်မှတ်ခံထားရသော တွင်းနက်ထက် သုံးဆပိုနီးကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ အာကာသတွင်းနက်နှစ်ခုသည် မဲမှောင်ငြိမ်သက်လျက်ရှိရာ အနီးရှိကြယ်များ၏ လှုပ်ရှားမှုများကြောင့်သာ အဆိုပါတွင်းနက်နှစ်ခုကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂိုင်ယာဘီအိတ်ချ်-၁ နှင့် ဂိုင်ယာဘီအိတ်ချ်-၂ တို့ကို စကြဝဠာ၏ ကျယ်ပြောမှုအတိုင်းအဆအရ နေအဖွဲ့အစည်း၏ အိမ်နီးချင်းအဖြစ်သတ်မှတ်နိုင်ကြောင်း၊ အဆိုပါ အာကာသတွင်းနက် နှစ်ခုသည် အရွယ်အစားအားဖြင့် နေထက်ရှစ်ဆနှင့် ၁၀ ဆ အသီးသီး ပိုကြီးမားကြောင်း သိရသည်။ KKO

# HEALTH

## ဝဝေးစေ့ကင်ဆာဖြစ်ခါစ လူနာတချို့အတွက် ဓာတုကုထုံးနှင့်ဓာတ်ရောင်ခြည်ကုထုံးလိုအပ်ဖွယ်မရှိ

**နယူးယောက် ဧပြီ ၄**

ဝဝေးစေ့ကင်ဆာ စတင်ဖြစ်ပွားခါစ လူနာတချို့အတွက် ဓာတုကုထုံးနှင့် ဓာတ်ရောင်ခြည်ကုထုံးများလိုအပ်ဖွယ်မရှိကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဧပြီ ၃ ရက်က ရေးသားတင်ပြထားသည်။

ဝဝေးစေ့ကင်ဆာဖြစ်ခါစအဆင့် လူနာတချို့အနေဖြင့် ဓာတုကုထုံးနှင့် ဓာတ်ရောင်ခြည်ကုထုံးများ ရယူရန်မလိုဘဲ Retroperitoneum ခေါ် ခွဲစိတ်မှုပုံစံတစ်မျိုး ရယူရန်သာလိုအပ်နိုင်ကြောင်း ကယ်လီဖိုးနီးယားတောင်ပိုင်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

မိမိတို့၏ လက်တွေ့စမ်းသပ်မှုများအရ စမ်းသပ်မှုတွင်ပါဝင်ခဲ့ကြသော ဝဝေးစေ့ကင်ဆာဖြစ်ခါစအဆင့် လူနာအများစုကို ခွဲစိတ်မှုပြုလုပ်ပေးရုံသက်သက်ဖြင့် ကုသပေးနိုင်ခဲ့သည်ကို တွေ့ရကြောင်း သိရသည်။

သာမန်အားဖြင့် ကုသ၍ရနိုင်သော ဝဝေးစေ့ကင်ဆာရောဂါသည် အသက် ၁၅ နှစ်နှင့် ၃၅ နှစ်ကြား လူငယ်များ၌ အဖြစ်အများဆုံး ကင်ဆာဖြစ်သည်။

ဝဝေးစေ့ကင်ဆာ ဖြစ်ချိန်တွင် ကင်ဆာဆဲလ်များမှာ Retroperitoneum ခေါ် ဝမ်းဗိုက်နောက်ပိုင်း နေရာတစ်ခုဆီသို့ ကူးစက်ချိန်မှသာ အဆင့်(၂) ဝဝေးစေ့ကင်ဆာအဖြစ် သတ်မှတ်သည်။

ဝဝေးစေ့ကင်ဆာကို ကုသရာတွင် ပုံမှန်အားဖြင့် ဓာတုကုထုံး၊ ဓာတ်ရောင်ခြည်ကုထုံးများအသုံးပြုပြီး ၎င်းကုထုံးများ အလုပ်မဖြစ်ချိန်မှသာ ခွဲစိတ်သည့်နည်းလမ်းကို အသုံးပြုကြကြောင်း သိရသည်။

KKO

## အရွယ်ရောက်သူခြောက်ဦးလျှင် တစ်ဦးမှာ မျိုးဆက်ပွားနိုင်စွမ်းထိခိုက်မှုဖြင့် ရင်ဆိုင်နေရ

**ဂျနီဗာ ဧပြီ ၄**

တစ်ကမ္ဘာလုံး အတိုင်းအတာအရ အရွယ်ရောက်သူခြောက်ဦးလျှင် တစ်ဦးမှာ ဘဝတစ်ချိန်ချိန်တွင် မျိုးဆက်ပွားနိုင်စွမ်း ထိခိုက်ပျက်စီးမှုပြဿနာဖြင့် ရင်ဆိုင်နေကြရကြောင်း ယူပီအိုင်သတင်းဌာနက ဧပြီ ၃ ရက်က ရေးသားတင်ပြထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က မတ် ၃ ရက်က ထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ ကမ္ဘာ့လူဦးရေစုစုပေါင်း၏ ၁၇ ဒသမ ၅ ရာခိုင်နှုန်းမှာ မျိုးဆက်ပွားကျန်းမာရေးပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ထို့ပြင် မျိုးဆက်ပွားကျန်းမာရေးပြဿနာများဖြင့် ရင်ဆိုင်ရမှုနှုန်းမှာ ဝင်ငွေအလိုက်၊ ဒေသအလိုက် ခြားနားမှုမှာလည်းနည်းပါးကြောင်း WHO အစီရင်ခံစာ၌ ဖော်ပြထားသည်။

WHO ၏အဆိုအရ ဝင်ငွေမြင့်မားသည့်နိုင်ငံများ၌ မျိုးဆက်ပွားကျန်းမာရေးပြဿနာ ရင်ဆိုင်ရမှုနှုန်းမှာ စုစုပေါင်းလူဦးရေ၏ ၁၇ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး ဝင်ငွေနိမ့်နှင့် ဝင်ငွေအလယ်အလတ်ရှိနိုင်ငံများတွင် ၁၆ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

WHO ကျွမ်းကျင်သူများသည် ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်ကြား ပြုလုပ်ခဲ့သောလေ့လာချက်များကို ပြန်လည်စိစစ်လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်သည် ကုန်ကျစရိတ်သက်သာ၍ အရည်အသွေးရှိသည့် မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုစနစ်များ ကမ္ဘာတစ်ဝန်းလိုအပ်နေပုံကို ပြသနေကြောင်း WHO ကျွမ်းကျင်သူများက ပြောကြားသည်။

KKO



# နိုင်ငံတကာ အားကစားသတင်းများ

# WBA အဖွဲ့ချုပ်က WBA ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံကာကွယ်ပွဲအဖြစ် ဒူဘွိုက်စ်နှင့်ထိုးသတ်ရန် အလက်ဇန္ဒားအူဆက်ခ်ကို ညွှန်ကြား






**ပနားမားစီးတီး မေ ၄**

ပနားမားနိုင်ငံအခြေစိုက်WBA အဖွဲ့ချုပ်က လက်ရှိ WBA (Super)ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်သူ ယူကရိန်းလက်ဝှေ့သမား အလက်ဇန္ဒားအူဆက်ခ်အား WBA (Regular) ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်သူ အင်္ဂလန်လက်ဝှေ့သမား ဒူဘွိုက်စ်နှင့် ထိုးသတ်သွားရန် ညွှန်ကြားခဲ့ကြောင်း Boxing Insider သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အလက်ဇန္ဒားအူဆက်ခ်သည် ကမ္ဘာ့ဟဲဗီးဝိတ်တန်း လက်ဝှေ့လောက၏ ပြိုင်ဘက်ကင်းချန်ပီယံဘွဲ့အတွက် WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ ဗြိတိန်လက်ဝှေ့သမား တိုင်ဆန်ဖျူရီနှင့်ထိုးသတ်ရန် သဘောတူညီချက်ရလုနီးပါးဖြစ်ခဲ့သော်လည်း တိုင်ဆန်ဖျူရီဘက်က တောင်းဆိုမှုမှာ တစ်ဖက်သတ်ဆန်နေခြင်းကြောင့် စိန်ခေါ်ပွဲပျက်ခဲ့ရကြောင်း၊ ထို့ကြောင့် WBA အဖွဲ့ချုပ်က အလက်ဇန္ဒားအူဆက်ခ်ကို ဒူဘွိုက်စ်နှင့်ထိုးသတ်ရန် ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ WBA(Super)၊ IBF၊ WBO၊ IBO ကမ္ဘာ့ဟဲဗီးဝိတ်တန်းများချန်ပီယံ အလက်ဇန္ဒားအူဆက်ခ်အနေဖြင့် WBA(Super) ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံခါးပတ်အတွက်သာ ကာကွယ်ထိုးသတ်ရမည်ဖြစ်သည်။

WBA အဖွဲ့ချုပ်၏ World Boxing Association (WBA) Championships Committee က "World Boxing Association (WBA) Championships Committee ဟာ WBA(Super) ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ အလက်ဇန္ဒားအူဆက်ခ်နဲ့ WBA (Regular) ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ ဒူဘွိုက်စ်တို့ကို ချန်ပီယံကာကွယ်ပွဲထိုးသတ်ဖို့အတွက် ညွှန်ကြားခဲ့ပါတယ်။ ဒီနေ့ ညွှန်ကြားချက်ထုတ်ပြန်ခဲ့ပြီး ရက်ပေါင်း ၃၀ အတွင်း သဘောတူညီချက်ရအောင် ဆွေးနွေးညှိနှိုင်းရမှာဖြစ်ပြီး စိန်ခေါ်ပွဲထိုးသတ်သွားမဲ့စာချုပ်ကို WBA အဖွဲ့ချုပ်ထံ ပေးပို့သွားရမှာဖြစ်ပါတယ်" ဟု ထုတ်ပြန်ခဲ့သည်။ AZL

# လီဗာပူးအသင်းနှင့်ပွဲစဉ်ကို အာဆင်နယ်အသင်းမှ အဓိကခံစစ်ကစားသမား ဆလီဘာ လွဲချော်မည်

**လန်ဒန် မေ ၄**

အာဆင်နယ်အသင်း အဓိကခံစစ်ကစားသမား ဆလီဘာသည် နောက်ကျောဒဏ်ရာ သက်သာခြင်းမရှိသေးသည့်အတွက် လာမည့် လီဗာပူးအသင်းနှင့်ပွဲစဉ်ကိုလွဲချော်မည်ဟု အာဆင်နယ်အသင်းက အတည်ပြု ကြေညာခဲ့ကြောင်း Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆလီဘာသည် မာဆေးအသင်းတွင် အငှားသွားရောက်ကစားခဲ့ရာမှ ယခုနှစ် ဘောလုံးရာသီတွင် အာဆင်နယ်အသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ပြီးနောက် အသင်းတွင် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ပြီး နည်းပြ အာတီတာလက်အောက်တွင် အဓိက ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိနေသူဖြစ်သည်။

ဆလီဘာသည် ယူရိုပါလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ်ကစားခဲ့သည့် အာဆင်နယ်အသင်းနှင့် စပို့တင်းလစ္စဘွန်းအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်၌ ပွဲချိန် ၂၁ မိနစ်တွင် နောက်ကျောဒဏ်ရာရရှိခဲ့သည့်အတွက် အနားယူခဲ့ရပြီး လက်ရှိအချိန်ထိသက်သာခြင်းမရှိသေးသကဲ့သို့ လေ့ကျင့်ခန်းပြုလုပ်နိုင်စွမ်းမရှိသည့်အတွက် လီဗာပူးအသင်းနှင့် ပွဲစဉ်ကို လွဲချော်မည်ဖြစ်သည်။

အာဆင်နယ်အသင်းက "ဆလီဘာအနေနဲ့ လက်ရှိအချိန်ထိအသင်းနဲ့ လေ့ကျင့်ခန်းမပြုလုပ်နိုင်သေးလို့ လီဗာပူးအသင်းနဲ့ပွဲစဉ်မှာ ပါဝင်ဖို့ မဖြစ်နိုင်သေးပါဘူး။ သူ့အနေနဲ့ လီဗာပူးအသင်းနဲ့ပွဲစဉ်ကို သေချာပေါက်လွဲချော်မှာဖြစ်ပြီး ဝက်စ်ဟမ်းအသင်းနဲ့ပွဲမှသာ ပြန်လည်ပါဝင်လာဖို့ရှိနေပါတယ်"ဟု ထုတ်ပြန်ခဲ့သည်။

ဆလီဘာသည် ယခုနှစ် ဘောလုံးရာသီတွင် အာဆင်နယ်အသင်းနှင့် ပရီးမီးယားလိဂ်ပြိုင်ပွဲ ၂၇ ပွဲကစားထားပြီး နှစ်ဂိုးသွင်းယူနိုင်ခဲ့ကာ ဂိုးဖန်တီးမှု တစ်ကြိမ် ပြုလုပ်ထားကြောင်း သိရသည်။ STA




# NIKE ကုမ္ပဏီက မန်စီးတီးအသင်းတိုက်စစ်မှူး ဟာလန်းနှင့် စတာလင်ပေါင် သန်း ၂၀ တန်ကြေးရှိ စပွန်ဆာစာချုပ် ချုပ်ဆို

**မန်ချက်စတာ မေ ၄**


ကမ္ဘာ့ထိပ်တန်း အားကစားပစ္စည်းကုမ္ပဏီဖြစ်သည့် NIKE နှင့် မန်စီးတီးအသင်းတိုက်စစ်မှူး ဟာလန်းတို့ စတာလင်ပေါင် သန်း ၂၀ တန်ကြေးရှိ စပွန်ဆာစာချုပ် ချုပ်ဆိုခဲ့သည်ဟု မန်ချက်စတာညနေခင်းသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

NIKE က ဟာလန်းကို ၎င်းအသက် ၁၄ နှစ် အရွယ်ကတည်းက စပွန်ဆာစာချုပ်ချုပ်ဆိုထားခြင်းဖြစ်ပြီး ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလက စာချုပ်သက်တမ်း ကုန်ဆုံးခဲ့သည့်အတွက် ယခုအခါ ၁၀ နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်ကာ အဆိုပါကာလအတွက် ဟာလန်းအနေဖြင့် စပွန်ဆာကြေး စတာလင်ပေါင် သန်း ၂၀ ထိ ရရှိမည်ဖြစ်သည်။

ဟာလန်းသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်တွင် NIKE နှင့် စာချုပ်သက်တမ်း ကုန်ဆုံးခဲ့သည့်အတွက် အခြားထိပ်တန်းအားကစားပစ္စည်းကုမ္ပဏီများဖြစ်သည့် Puma နှင့် Adidas အစရှိသည့် ထုတ်ကုန်များကို အသုံးပြုခဲ့ပြီး ယခုအခါ NIKE နှင့် ပြန်လည်စပွန်ဆာစာချုပ်ချုပ်ဆိုမည်ဖြစ်သည့်အတွက် NIKE ထုတ်ကုန်ပစ္စည်းများကို ပြန်လည်အသုံးပြုမည်ဖြစ်သည်။

NIKE သည် ဟာလန်းအပြင် အခြားထိပ်တန်းကစားသမားများဖြစ်ကြသည့် အယ်နာဆာအသင်းမှ စီရော်နယ်ဒို၊ ပီအက်စ်ဂျီအသင်းမှ အမ်ဘာပေ၊ စပါးအသင်းမှ ဟယ်ရီကိန်း၊ မန်ယူအသင်းမှ ရက်ရှ်ဖို့ဒ်၊ မန်စီးတီးအသင်းမှ ဒီဘရိုင်းအစရှိသည့် ကစားသမားများကိုလည်း စပွန်ဆာစာချုပ် ချုပ်ဆိုထားပြီး လက်ရှိ ဟာလန်းနှင့်ချုပ်ဆိုထားသည့် စတာလင်ပေါင် သန်း ၂၀ စပွန်ဆာစာချုပ်မှာလည်း တန်ဖိုးမြင့် စပွန်ဆာစာချုပ်ဖြစ်သည်။

ဟာလန်းသည် ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီးအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေပြီး ပြိုင်ပွဲစုံ ၃၇ ပွဲကစားခဲ့ရာ ၄၂ ဂိုးထိ သွင်းယူထားကြောင်း သိရသည်။ STA



# လာမည့်နွေရာသီတွင် လိုက်ပ်ဇစ်အသင်းမှထွက်ခွာမည်ဟု ကွင်းလယ်ကစားသမားမိုရီဘာ ပြောကြား

**မက်ဒရစ် မေ ၄**

လာလီဂါကလပ် ဗလင်စီယာအသင်းတွင် အငှားစာချုပ်ဖြင့် ကစားနေသည့် လိုက်ပ်ဇစ်အသင်း ကွင်းလယ်ကစားသမားမိုရီဘာက လာမည့် နွေရာသီအပြောင်းအရွှေ့တွင် လိုက်ပ်ဇစ်အသင်းက ထွက်ခွာမည်ဟု ထုတ်ဖော်ပြောကြားခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၀ ရှိ လူငယ်ကစားသမား မိုရီဘာသည် လိုက်ပ်ဇစ်အသင်းသို့ ၂၀၂၁ ခုနှစ်က ငါးနှစ်စာချုပ်ဖြင့် ရောက်ရှိခဲ့သော်လည်း အသင်းတွင် ရာသီဝက်သာ ကစားခွင့်ရရှိခဲ့ပြီးနောက် ၂၀၂၂ ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ဗလင်စီယာအသင်းသို့ အငှားစာချုပ်ဖြင့် ရောက်ရှိခဲ့ပြီး ခြေစွမ်းပြသနိုင်သောကြောင့် ဗလင်စီယာအသင်းက တစ်နှစ်ထပ်မံ အငှားစာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

လက်ရှိတွင် မိုရီဘာသည် ဗလင်စီယာအသင်းနှင့် ပြိုင်ပွဲစုံ ၂၇ ပွဲထိ ပါဝင်ကစားခွင့်ရရှိထားပြီး သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း စာချုပ်ကုန်ဆုံး၍ အသင်းနှင့် ပြန်လည်ပူးပေါင်းချိန်တွင် လိုက်ပ်ဇစ်အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ရာ လိုက်ပ်ဇစ်အသင်းအနေဖြင့် ၎င်းကို ရောင်းချခဲ့ပါက ဘာစီလိုနာအသင်းနှင့် ချုပ်ဆိုထားသည့်စာချုပ်အရ ကစားသမား၏ ပြောင်းရွှေ့ကြေး ၁၀ ရာခိုင်နှုန်းကို ဘာစီလိုနာအသင်းထံ ပေးချေရမည်ဖြစ်သည်။

ကွင်းလယ်ကစားသမားမိုရီဘာသည် ဘာစီလိုနာယူ-၁၉ အသင်းထွက် ကစားသမားဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် အသင်းကြီးနှင့် ပူးပေါင်းခွင့်ရရှိခဲ့ပြီး ပြိုင်ပွဲစုံ ၁၈ ပွဲ ကစားခွင့်ရရှိခဲ့ရာ သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ဘာစီလိုနာအသင်းက ပုံမှန်ပွဲကစားခွင့် မပေးနိုင်သောကြောင့် ၂၀၂၁ ခုနှစ်တွင် လိုက်ပ်ဇစ်အသင်းထံ ရောင်းချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ML

## အားကစားသတင်း အတိုအထွာများ

- ပရီးမီးယားလိဂ်ကလပ် ဝုဗ်အသင်းက လာမည့် နွေရာသီတွင် ရီးရဲလ်မက်ဒရစ်အသင်းမှထွက်ခွာမည့် ကွင်းလယ်ကစားသမား စီဘယ်လော့ကိုခေါ်ယူရန် ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။
- လီဗာပူးအသင်းက ရလဒ်ပိုင်းဆိုးရွားနေသည့် နည်းပြကလော့ပ်နှင့် စာချုပ်ဖျက်သိမ်းရန်ပြင်ဆင်နေပြီး နည်းပြနာဂျယ်စမန်းကို ခန့်အပ်ရန် ပစ်မှတ်ထားနေကြောင်း သတင်းထွက်ပေါ်လျက်ရှိသည်။
- စပါးအသင်းကို တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်တွင် အဲဗာတန်အသင်းအနေဖြင့် ခံစစ်ကစားသမား မိုက်ကယ်ကိန်း၏ နောက်ကျသွင်းဂိုးကြောင့် တန်းဆင်းဇုန်မှ လွတ်မြောက်ခဲ့ကြောင်း သိရသည်။ ML

## အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# ချဲလ်ဆီးအသင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် စပိန်အသင်းနည်းပြဟောင်း အင်းနရစ်ကိုခန့်အပ်ရန် ဆွေးနွေးနေ




**လန်ဒန် ဧပြီ ၄**

ချဲလ်ဆီးအသင်းက လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက် စပိန်အသင်းနည်းပြဟောင်း အင်းနရစ်ကို ခန့်အပ်ရန်အတွက် တရားဝင်ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်ဟု Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်းကို ယခုနှစ်ဘောလုံးရာသီအစပိုင်းက အမေရိကန်သူဌေး တော့ဒ်ဘိုလီ ပိုင်ဆိုင်ခဲ့ပြီးနောက် အသင်းကိုအောင်မြင်မှုများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြတူချယ်ကို ရလဒ်ပိုင်းမတည်ငြိမ်သည့် အကြောင်းပြချက်ဖြင့်ထုတ်ပယ်ပြီး ဘရိုက်တန်အသင်း နည်းပြပေါ်တာကို ငါးနှစ်စာချုပ်ဖြင့် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

သို့သော် နည်းပြပေါ်တာအနေဖြင့် ချဲလ်ဆီးအသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခြင်းမရှိခဲ့သည့်အပြင် ပြီးခဲ့သည့် အက်စ်တွန်ဗီလာအသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီး အဆင့်(၁၁)နေရာထိ ကျဆင်းခဲ့ရသည့်အတွက် နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းက လက်ရှိတွင် ယာယီနည်းပြအဖြစ် ဆယ်လ်တာကို တာဝန်ပေးအပ်ထားသော်လည်း နည်းပြသစ်ခန့်အပ်ရန် ကြိုးပမ်းလျက်ရှိနေပြီး စပိန်အသင်းနှင့် ဘာစီလိုနာအသင်းတို့ကို တာဝန်ယူကိုင်တွယ်ခဲ့ပြီး အောင်မြင်မှုများရရှိခဲ့သည့် နည်းပြအင်းနရစ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

နည်းပြ အင်းနရစ်သည် ပြီးခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် စပိန်အသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် အသင်းလက်မဲ့ဖြစ်နေသူဖြစ်ကြောင်း သိရသည်။ STA

# မီးလောင်မှုကြောင့် အမ်ပိုလီအသင်းနှင့် လက်ချီအသင်းတို့ပွဲစဉ် တစ်နာရီရွှေ့ဆိုင်းခဲ့ရ

**ရောမ ဧပြီ ၄**

အီတလီစီးရီးအေ ပွဲစဉ်(၂၈) အဖြစ် ကစားခဲ့သည့် အမ်ပိုလီအသင်းနှင့် လက်ချီအသင်းတို့ ပွဲစဉ်တွင် အမ်ပိုလီအသင်း အဝတ်လဲခန်းအတွင်း မီးလောင်မှုဖြစ်ပွားခဲ့သည့်အတွက် ပွဲစဉ်ကို တစ်နာရီကြာ ရွှေ့ဆိုင်းခဲ့ရသည်ဟု ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်ကို ဒေသစံတော်ချိန် ည ၆ နာရီခွဲတွင် ကစားရန် သတ်မှတ်ထားသော်လည်း အမ်ပိုလီအသင်း အဝတ်လဲခန်းအတွင်း မီးလောင်မှုဖြစ်ပွားခဲ့ပြီး မီးငြိမ်းသတ်မှုများ ပြုလုပ်ခဲ့ရသည့်အတွက် တစ်နာရီကြာ ရွှေ့ဆိုင်းပြီး ည ၇ နာရီခွဲမှသာ ပြန်လည်ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ်တွင် အမ်ပိုလီအသင်းကစားသမားများက မီးခိုးနံ့ရသည့်အတွက် စစ်ဆေးမှုများပြုလုပ်ခဲ့ရာတွင် ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားခဲ့သည့်အတွက် အမ်ပိုလီအသင်း နည်းပြအဖွဲ့ဝင်များနှင့် ကစားသမားများအားလုံး ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ရပြီးနောက် ဒေသတွင်းမီးသတ်တပ်ဖွဲ့သို့ အကြောင်းကြားခဲ့ရသည်။

မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်မှုများလုပ်ဆောင်ခဲ့ပြီးနောက် ပြန်လည်စစ်ဆေးမှုများပြုလုပ်ကာ ပွဲစဉ်ကို ပုံမှန်အတိုင်းပြန်လည်ကျင်းပရန် ခွင့်ပြုခဲ့သည့်အတွက် တစ်နာရီအကြာတွင် ပြန်လည်ကျင်းပခဲ့ပြီး အမ်ပိုလီအသင်းက ပွဲချိန် ၆၂ မိနစ်တွင် သွင်းယူခဲ့သည့် ကာပူတို၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ STA

# စတုဂတ်အသင်းက နည်းပြလက်ဗာဒီယားကို ထုတ်ပယ်၍ လက်ထောက်နည်းပြ ဟိုးစ်နက်ကို နည်းပြသစ်အဖြစ် ခန့်အပ်

**မြူးနစ် ဧပြီ ၄**

စတုဂတ်အသင်းသည် ပြီးခဲ့သည့် စနေနေ့က ကစားခဲ့သည့် ဘွန်ဒက်လီဂါပွဲစဉ်တွင် ယူနီယံဘာလင်အသင်းကို သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် အသင်းနည်းပြ လက်ဗာဒီယားကို ရာထူးမှ ထုတ်ပယ်ကာ ဟိုးစ်နက်ကို နည်းပြသစ်အဖြစ် ပြန်လည်ခန့်အပ်ခဲ့သည်ဟု Channelnewsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြ လက်ဗာဒီယားသည် စတုဂတ်အသင်းနှင့် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက လက်တွဲခဲ့သော်လည်း ပြိုင်ပွဲစုံ ၁၂ ပွဲ တာဝန်ယူခဲ့ရာတွင် နှစ်ပွဲသာ အနိုင်ရခဲ့ကာ အမှတ်ပေးပြိုင်ပွဲတွင်လည်း ရမှတ် ၂၀ ဖြင့် အောက်ဆုံး၌သာရပ်တည်နေပြီး ရလဒ်ကောင်းရရှိရန်ရုန်းကန်နေရသောကြောင့် အသင်းဘုတ်အဖွဲ့က မတ် ၃ ရက်တွင် ရာထူးမှ ထုတ်ပယ်ခဲ့ပြီး လက်ထောက်နည်းပြ ဟိုးစ်နက်ကို လာမည့် ၂၀၂၅ ခုနှစ်ထိ နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြဟိုးစ်နက်သည် ၂၀၁၁ ခုနှစ်က နည်းပြလောကသို့ စတင်ဝင်ရောက်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် လိုက်ပ်ဇစ်လူငယ်အသင်း နည်းပြအဖြစ်လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် ဘိုင်ယန်မြူးနစ်လူငယ်နည်းပြအဖြစ်လည်းကောင်း တာဝန်ယူခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ဟော်ဖန်ဟိမ်းအသင်း နည်းပြချုပ်အဖြစ် စတင် တာဝန်ယူခဲ့သော်လည်း အောင်မြင်မှုမရခဲ့သဖြင့် ၂၀၂၂ ခုနှစ် ဇွန်လတွင် အသင်းနှင့် လမ်းခွဲခဲ့ပြီး အသင်းလက်မဲ့ဖြစ်နေချိန်တွင် စတုဂတ်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံခဲ့ကာ နည်းပြလောကသို့ ပြန်လည်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။




စတုဂတ်အသင်းသည် လက်ရှိဘောလုံးရာသီတွင် လက်ရှိနည်းပြအပါအဝင် နည်းပြ လေးဦးထိ အပြောင်းအလဲပြုလုပ်ခဲ့ပြီး အမှတ်ပေးပြိုင်ပွဲ ၂၆ ပွဲကစားပြီးချိန်တွင် လေးပွဲနိုင်၊ ရှစ်ပွဲ သရေ၊ ၁၄ ပွဲရှုံး ရလဒ်ဖြင့် ရမှတ် ၂၀ သာရရှိခဲ့ကာ အမှတ်ပေးဇယားအောက်ဆုံးတွင် ရပ်တည်နေသော်လည်း တန်းဆင်းဇုန်အထက်မှ ဟော်ဖန်ဟိမ်းအသင်းနှင့် ရမှတ် ငါးမှတ်ကွာဟနေသဖြင့် ဘွန်ဒက်လီဂါတွင် ဆက်လက်ကစားခွင့်ရရှိရေးအတွက် အခွင့်အရေးများ ရှိနေသေးကြောင်း သိရသည်။ ML

# The Master 2023 ပြိုင်ပွဲတွင် ပါဝင်ခွင့်ရ၍ဝမ်းသာကြောင်း ကင်မရွန်းစမစ်ပြောကြား

**ဝါရှင်တန် ဧပြီ ၄**

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ်တွင် ကျင်းပမည့် The Masters 2023 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နေသော ကစားသမားများကို Masters Tournament ဂေါက်သီးရိုက်အဖွဲ့ချုပ်က ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

The Masters 2023 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် PGA Tour မှ ဂေါက်သီးရိုက်ကစားသမားများနှင့် LIV Golf မှ ဂေါက်သီးရိုက်ကစားသမားများကြား ထိပ်တိုက်တွေ့ဆုံမည်ဖြစ်သော်လည်း PGA Tour မှ ဂေါက်သီးရိုက်ကစားသမားများက LIV Golf မှ ဂေါက်သီးရိုက်ကစားသမားများ ပါဝင်ယှဉ်ပြိုင်လာမည်ကို ကြိုဆိုကြောင်း မှတ်ချက်ပြုခဲ့ကြသည်ဟု AP သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

The Masters 2023 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် LIV Golf မှ ဩစတြေးလျနံပါတ်(၁) ဂေါက်သီးရိုက်ကစားသမား ကင်မရွန်းစမစ်က ပါဝင်ယှဉ်ပြိုင်ခွင့်ပြုခဲ့သော Masters Tournament ဂေါက်သီးရိုက်အဖွဲ့ချုပ်မှ တာဝန်ရှိသူများကို ကျေးဇူးတင်ကြောင်း ပြောကြားခဲ့ပြီး PGA Tour မှ မိတ်ဆွေဟောင်းများဖြင့် ပြန်လည်၍ လက်ဆွဲနှုတ်ဆက်ခွင့်ရမည့် အခြေအနေအပေါ် စိတ်လှုပ်ရှားမိကြောင်း ပြောကြားခဲ့သည်။

ကင်မရွန်းစမစ်က "ကမ္ဘာ့အဆင့်သတ်မှတ်ချက်မှာ LIV Golf မှာ ယှဉ်ပြိုင်နေတဲ့ ကစားသမားတွေကို ထည့်သွင်းတွက်ချက်ခြင်းမရှိတဲ့ ကိစ္စနဲ့ပတ်သက်ပြီးတော့လဲ ဘာခံစားချက်မှမရှိပါဘူး။ ပြိုင်ပွဲဝင်နေရလို့ ဝမ်းသာကျေနပ်ပါတယ်။ အခု LIV Golf က ပြိုင်ပွဲဝင်တွေကို Masters Tournament ဂေါက်သီးရိုက်အဖွဲ့ချုပ်က ပြိုင်ပွဲဝင်ခွင့်ပြုခဲ့လို့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL




# မက်ဆီအနေဖြင့် လုပ်ခလစာလျှော့ယူခြင်းမရှိပါက ပီအက်စ်ဂျီအသင်းမှ ထွက်ခွာရန်သေချာဟုဆို

**ပဲရစ် ဧပြီ ၄**

ပီအက်စ်ဂျီအသင်းက တိုက်စစ်မှူးမက်ဆီကို စာချုပ်သက်တမ်းတိုးရန် ကြိုးပမ်းနေသော်လည်း လုပ်ခလစာ လျှော့ယူရမည့်အချက်ပါဝင်နေသောကြောင့် မက်ဆီအနေဖြင့် စာချုပ်သက်တမ်းကုန်ဆုံးပါက ပီအက်စ်ဂျီအသင်းမှထွက်ခွာရန်သေချာနေကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်စစ်မှူး မက်ဆီသည် အသင်းနှင့် လာမည့် ဇွန် ၃၀ ရက်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် အသင်းအနေဖြင့် စာချုပ်သစ်ချုပ်ဆိုရန် စီစဉ်နေသော်လည်း လုပ်ခလစာလျှော့ယူရမည့် သဘောတူညီချက်ပါဝင်နေသကဲ့သို့ ၎င်းအနေဖြင့် ဘာစီလိုနာအသင်းနှင့် ပြန်လည်ပူးပေါင်းရန် ဆန္ဒရှိနေသောကြောင့် လာမည့်နွေရာသီတွင် ပီအက်စ်ဂျီအသင်းမှ ထွက်ခွာရန်သေချာလျက်ရှိကြောင်း သိရသည်။

လက်ရှိ ပီအက်စ်ဂျီအသင်းတွင် တိုက်စစ်မှူးမက်ဆီသည် တစ်လလုပ်ခလစာ ယူရှိသုံးသန်းကျော်ထိ ရရှိနေသော်လည်း အသင်းဖော် အမ်ဘာပေနှင့် တိုက်စစ်မှူးနေမာတို့၏နောက်တွင် တတိယမြောက် လုပ်ခလစာအများဆုံးကစားသမားအဖြစ်သာရပ်တည်နိုင်ခဲ့ပြီး အသင်းအနေဖြင့် စာချုပ်သစ်ချုပ်ဆိုရန် ဆန္ဒရှိသော်လည်း ယူအီးအက်ဖ်အေ၏ ဘဏ္ဍာရေးစည်းမျဉ်းနှင့် ကိုက်ညီမှုမရှိသောကြောင့် မက်ဆီ၏ လုပ်ခလစာမှ ၃၀ ရာခိုင်နှုန်းထိ လျှော့ချမှုပြုလုပ်မှသာ အသင်းအနေဖြင့် စာချုပ်သက်တမ်းတိုးနိုင်မည်ဖြစ်သည်။

ပီအက်စ်ဂျီအသင်းတွင် ပြိုင်ပွဲစုံ ၆၇ ပွဲတွင် သွင်းဂိုး ၂၉ ဂိုးနှင့် ဂိုးဖန်တီးမှု ၃၁ ကြိမ်ထိပြုလုပ်ထားသည့် တိုက်စစ်မှူးမက်ဆီသည် အသင်း၏ လုပ်ခလစာလျှော့ယူရမည့်ကမ်းလှမ်းချက်ကို သဘောမတူခဲ့သဖြင့် စာချုပ်သစ်ချုပ်ဆိုရန် ကြန့်ကြာနေပြီး အသင်းဟောင်း ဘာစီလိုနာအသင်းနှင့် ပြန်လည်ပူးပေါင်းရန် စီစဉ်လျက်ရှိသည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။ ML

# တမာလွမ်းခြင်း

စိန်ငွေးလှိုင်(ဟိုပုံးမြေ)



ကျွန်တော်သည် အညာသားတစ်ယောက်ဖြစ်သည်။ ဆောင်းအကုန် နွေအကူးကာလတွင် အညာကို လွမ်းတတ်လေသည်။ အညာကို ဘယ်အချိန်အလွမ်းဆုံးလဲဟုမေးလျှင် တမာနုချိန်ဟုဖြေဆိုရပေမည်။ ထိုအချိန်သည် ခိုက်ခိုက်တုန်အောင်လည်း မချမ်း။ ဆွေ့ဆွေ့ခုန်လောက်အောင်လည်းမပူ။ ရာသီဥတုမှာ သဟဇာတမျှတသောအချိန်ကာလဖြစ်သည်။ တမာပင်အို၊ တမာပင်ပျိုတို့သည် သူတို့၏ဝတ်ရုံအဝါရောင်အရွက်များကို ခါချလိုက်သောအခါ စိမ်းဖန့်ဖန့်ရွက်နုတို့က အရွက်ကိုလုံအောင်ဖုံးပေးသည့်နှယ်၊ ပြူတစ်ပြူတစ်ဖြင့်ထွက်လာကြ၏။ တမာပင်အောက်မှနေ၍ အပေါ်သို့မော့ကြည့်သောအခါတွင် ရိုးတံကျဲကျဲနေပူထဲ၌ တမာရွက်နုလေးများကိုမြင်ရသည်မှာ နွေပန်းချီကားတစ်ချပ်နှယ် လှပနေ၏။

ကျွန်တော်ငယ်စဉ်က တမာရွက်နုများကိုတွေ့မြင်ရလျှင် မဒူးရမနေနိုင်၊ မတက်ရမနေနိုင်ဖြစ်ကာ လွယ်အိတ်ကို စလွယ်သိုင်း၍ သစ်ကိုင်းချိတ်ဖြင့် အပင်ပေါ်သို့ တက်ခဲ့လေသည်။ တမာအကိုင်းကမာဆတ်သဖြင့် ကိုင်းဖျားကိုင်းနားထိမတက်ရဲ။ "မန်ကျည်းလက်ညှိုး၊ တမာထမ်းပိုး"ဟု အဆိုရှိရာ တမာအကိုင်းသည် နွားလှည်းထမ်းပိုးခန့်ရှိမှသာ ခိုင်ခံ့ပေလိမ့်မည်။ တမာရွက်အကိုင်းနုများကို လက်ဖြင့် ဆတ်ခနဲနေအောင် ချိုးလိုက်ရသည်မှာ အရသာတစ်မျိုးဖြစ်သည်။ မမီတမီကိုင်းများကိုချိတ်ဖြင့်ဆွဲလိုက်သည်တွင် အပင်အောက်သို့ပြုတ်ကျမည်ကို စိုးရွံ့သဖြင့် ရင်တထိတ်ထိတ်ခံစားရ၏။

ထိုတမာရွက်နုများကို အဘယ်ကြောင့်ခူးသနည်းဆိုလျှင် ထမင်းဝိုင်းတွင် တို့စရာအဖြစ် အသုံးပြုပေမည်။ တမာအမျိုးအစားအရေအတွက်ကို ကျွန်တော်မသိပါ။ မြန်မာတမာ၊ ရေတမာ၊ သဘော်တမာ၊ ပန်းတမာ စသည်ဖြင့် ကြားဖူးနားဝရှိခဲ့ပါသည်။ ကျွန်တော်တို့ရွာတွင်မူ မြန်မာတမာကိုသာ စားတတ်ကြသည်။ အချို့အပင်များ၏ရွက်နုများမှာ ခါးသက်လွန်း၏။ ဘယ်အပင်က စား၍ကောင်းသည်၊ ဘယ်အပင်က စား၍မကောင်းဟု မှတ်သားထားကြသည်။ လွယ်အိတ်ပြည့်သောအခါ အဘွားဖြစ်သူကို ပေးလိုက်ပါသည်။ အဘွားဖြစ်သူက ထိုတမာရွက်နုများကို အခါးပေါ့စေရန် ရေနွေးဖြင့် ဖျောလိုက်၏။ တာရှည်ခံရန်အတွက် ဆီးသီး သုံး၊ လေးလုံးခန့်ထည့်ထားရပါသည်။ ငါးပိရည်ဖြင့်တို့၍ စားလိမ့်မည်ဟု မထင်မှတ်ကြပါနှင့်။ ချောင်ကျလှသော ကျွန်တော်တို့ရွာလေးတွင် ငါးပိရည်မရှိပါ။ မြေပဲဆန်ထောင်း၊ ငရုတ်သီးမှုန့်၊ ငံပြာရည်အနည်းငယ်တို့ဖြင့် မပျစ်မကျဲ ချက်ထားသည့်ဟင်းလျာဖြင့် တို့ကာစားရပါ၏။ နှစ်ရက်၊ သုံးရက်ခန့်ကြာသော် ရေနွေးစိမ်တမာရွက်မှာ ပိုမို၍စားကောင်း၏။ တမာရွက်နုအတို့ဖြင့် ထမင်းစားရသည်မှာ မြိန်ရှက်လှပြီး စားသုံးပြီးသောအခါ အိပ်ချင်စိတ်ကိုဖြစ်ပေါ်စေ၏။ အညာသူ အညာသားတို့၏ထုံးစံအတိုင်း နေ့လယ်နေ့ခင်း တစ်ရေးတစ်မောအနားယူအိပ်စက်ခြင်းနှင့် အံဝင်ခွင်ကျဖြစ်နေပါတော့သည်။ တမာရွက်နုကိုစားသုံးခြင်းအားဖြင့် ခံတွင်းအရသာကောင်းစေခြင်း၊ ဝမ်းချုပ်ခြင်းနှင့်အစာမကြေခြင်းတို့ကိုသက်သာစေခြင်း၊ ဝမ်းဗိုက်အတွင်းမှ သန်ကောင်များကျစေခြင်း၊ ရင်ပူမှုမဖြစ်အောင် ကာကွယ်ပေးခြင်း စသည့်အကျိုးကျေးဇူးများ ရရှိကြောင်း သိရှိရသည်။

တမာပင်များသည် အမြင့် ပေ ၅၀ ခန့်ထိရှိပြီး အမြဲစိမ်းအပင်မျိုးဖြစ်သည်။ မိုးရာသီနှင့်ဆောင်းရာသီတို့တွင် သတိမထားမိကြသော်လည်း တပို့တွဲလ တမာနုချိန်၊ တန်ခူးလ တမာပွင့်ချိန်၊ ကဆုန်လ တမာသီးချိန်တို့တွင် သတိထားလာတတ်ကြပါသည်။ အညာဒေသတွင် တမာပင်များကို လမ်းဘေးဝဲ၊ ယာတစ်လျှောက်၌ အသားပေးစိုက်ပျိုးကြသည်။ နံနက်ပိုင်းနှင့် ညနေပိုင်းအချိန်များတွင် တမာပန်းရနံ့သည် သင်းထုံနေ၏။ အဘယ်ကြောင့် သင်းထုံသည်ဟု ပြောဆိုရပါသနည်း။ တမာပန်းရနံ့သည် ချိုအီအီဖြစ်ရာ အနံ့ပြင်း၏။ ကျွန်တော်သည် တမာရနံ့ကို မကြိုက်ပါ။ တည့်လည်းမတည့်ပါ။ ခေါင်းပင်မူးတတ်၏။ သို့သော် တမာကိုချစ်ပါသည်။ တမာပင်အောက်တွင် ကြီးပြင်းခဲ့ရ၏။ တမာပင်အောက်တွင် ဆော့ကစားခဲ့ရသည်။

တမာပန်းသည် အဖြူရောင်အပွင့်သေးအမျိုးအစားဖြစ်ပြီး အခိုင်လိုက်ပွင့်ကြ၏။ ခေါင်းတွင် ပန်ဆင်မှုနည်းပါးသော်လည်း ပန်းစာရင်းဝင်ပါသည်။ သင်္ကြန်၏သင်္ကေတမှာ ပိတောက်ပန်းဟုဆိုကြသော်လည်း ကျွန်တော်တို့မြိုင်နယ်ဒေသတွင် ပိတောက်ပင်မှာရှားပါး၏။ ထိုကာလတွင် တမာပန်းတို့မှာ ပင်လုံးကျွတ်ဝေဝေဆာဆာပွင့်ကြကာ သင်္ကြန်၏သင်္ကေတကို တမာဟူ၍ပင် သတ်မှတ်ရပေလိမ့်မည်။ ဘုရားပန်းအိုးထိုးရာတွင်လည်းကောင်း၊ ပရိတ်ပန်းအိုးထိုးရာတွင်လည်းကောင်း တမာပန်းကိုအသုံးပြုကြသည်။ နီကြန့်ကြန့်ညောင်ရေအိုးအသေးတွင် တမာပန်းခက်များထိုးထားသည်မှာ လိုက်ဖက်လှပေ၏။ လင်ပန်းတစ်ချပ်တွင် သုံး၊ လေးအိုးမျှထည့်ကာ ဘုရားအား ကပ်လှူကြ၏။ နှစ်ဆန်း ၁ ရက်နေ့ ရွာလုံးကျွတ်အန္တရာယ်ကင်းပရိတ်တရားတော်နာယူရာတွင် ပရိတ်အိုးအတွင်း၌ ထိုပန်းကိုထိုးစိုက်ကြသည်။ ကျွန်တော်၏အဘွားဖြစ်သူက ထိုပရိတ်အိုးအတွင်းမှရေကို ကျွန်တော့်အား တိုက်ပါသည်။ ကျန်းမာရေးကောင်းစေရန်ဖြစ်ကြောင်း သိလိုက်ရသည်။ အဘွား၏ပြောစကားကြောင့်သာ သောက်လိုက်ရသော်လည်း အရသာမှာ ခါးလိုက်သည့်ဖြစ်ခြင်း။ အော့အန်ချင်စိတ်များပင်ဖြစ်မိပါတော့သည်။ သူ့အရပ်နှင့်သူ့ဇာတ်ဖြစ်ပေသည်။ ယခုခေတ် အဘွားများ၊ ယခုခေတ်ကလေးများမှာ ကျွန်တော်တို့ငယ်စဉ်ကလို ပရိတ်ရေတိုက်ပါဦးမလား၊ သောက်ပါဦးမလားဟု ကြံဖန်ကာစဉ်းစားနေမိပါတော့သည်။

တမာသီးများမှာ ကဆုန်လတွင် သီးကြကုန်၏။ တမာသီးများမှာ အခိုင်လိုက်သီးကြပြီး ရင့်မှည့်သောအချိန်တွင် မြေသို့ကြွေကျ၏။ မိုးရာသီတွင် တမာပင်အောက် မြေအစိုဓာတ်ရှိသောနေရာ၌ တမာပင်ပေါက်လေးများကိုတွေ့ရ၏။ ကျွန်တော်တို့ကလေးတစ်သိုက်မှာ ထိုတမာသီးများဖြင့် ကြက်တိုက်တမ်းကစားကြသည်။ ကလေးနှစ်ဦးမှာ မြေတလင်းတွင် မျက်နှာချင်းဆိုင်ထိုင်လိုက်၏။ သူတို့၏လက်ထဲတွင် ထိပ်ဖျား၌တစ်လုံးတည်းသာရှိသော တမာသီးခိုင်ကို ကိုင်ထားကြသည်။ တစ်ဦးက ရှေ့တည့်တည့်မြေကြီးပေါ်တွင် ထိုအခိုင်ကို အလျားလိုက်ချထားရသည်။ ကျန်တစ်ဦးက ၎င်း၏လက်ထဲတွင် ကိုင်ထားသည့် တမာသီးခိုင်ဖြင့် မျက်နှာချင်းဆိုင်မှ တမာသီးခိုင်ကို ထုရိုက်လိုက်သည်။ ဤကဲ့သို့ အပြန်အလှန်ပြုလုပ်ကြရာ တမာသီးပြုတ်ထွက်သွားသူမှာ အရှုံးဖြစ်သည်။ သားရေကွင်းဖြင့်သော်လည်းကောင်း၊ ပိုက်ဆံဖြင့်သော်လည်းကောင်း အလျော်အစားပြုလုပ်ကြသည်မှာ ပျော်စရာကောင်းလှ၏။ ထို့ပြင် ကြွေကျလျက်ရှိသော တမာသီးမှည့်များကိုလည်း ကောက်ကြပါသေးသည်။ တစ်ပြည်လျှင် ငွေတစ်မတ်(၂၅ပြား)ခန့်ဖြင့် ရောင်းချရသည်မှာ မုန့်ဖိုးအဖြစ် အပိုဝင်ငွေရရှိပါသည်။ တမာသီးကို ဆပ်ပြာပြုလုပ်ရာတွင်လည်း အသုံးပြုသည်ဟု ကြားသိရပါသည်။

ရှေးစာဆိုတို့သည် တမာပင်၏ဆိုးကျိုးအပြစ်များကို ရေးဖွဲ့ကြပါသည်။ ဥပမာအားဖြင့် "တမာခွေးတောက်၊ မြစ်ရှောက်ရောယှက်၊ တူနှောဖက်၍၊ သရက်ချိုမြ၊ အတ္တန္တရလည်း၊ ကွယ်ပအပြီး၊ အခါးသီး၏"ဟု မယဒေဝလင်္ကာသစ်တွင်ရေးဖွဲ့ခဲ့၏။ အတ္တန္တရသရက်ပင်ကို တမာပင်နှင့်ရောယှက်၍စိုက်ပျိုးပါက သစ်မြစ်အချင်းချင်းပေါင်းယှက်သောအခါ ထိုသရက်ပင်၏အသီးမှာ ခါးသက်သောအရသာသို့ ပြောင်းလဲသွားခြင်းကို ဆိုလိုခြင်းဖြစ်ပေသည်။ ထို့ပြင် မြန်မာဆိုရိုးစကားတွင် "နှုတ်ကတော့ ပျားသကာ၊ စိတ်ကတော့ ခါးတမာ" ဟု ရှိခဲ့ပေရာ စကားစမြည်ပြောဆိုရာတွင် ချိုသာစွာပြောဆိုတတ်သော်လည်း အတွင်းစိတ် သဘောသကန်ဆိုးရွားမှုကို ခါးသောတမာဖြင့် ခိုင်းနှိုင်းထား၏။ "ချစ်သော်ကား သကာ၊ မုန်းသော်ကား တမာ"ဟူ၍လည်းရှိပေရာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ချစ်ကြသောအချိန်တွင် ပြောဆိုသမျှစကားတိုင်းသည် ချိုသာနေတတ်ပြီး မုန်းကြပြီဆိုသည့်အခါတွင် ပြောဆိုသောစကားမှာ ခါးသီးမှုရှိတတ်သည်ကို တမာဖြင့်ခိုင်းနှိုင်းထားခြင်းဖြစ်ပေသည်။

"ဆံထုံးတော်ကြီးတမာသီးနှင့်၊ ခါးစည်းဝတ်လဲ၊ ချုပ်စပြဲကို၊ တဲအပ်နှင့်တွယ်၊ လူမြင်သမျှ၊ စိတ်ပျက်အောင် လှပါတဲ့၊ မရေသည်"ဟူသည်မှာ ဆရာကြီးစလေဦးပုည ရေးသားသော ရေသည်ပြဇာတ်မှ ရေသည်ယောက်ျား၏ ပြောစကားဖြစ်ပေသည်။ ထိုစကားရပ်သည် ကျွန်တော်တို့ ၁၀ တန်းကျောင်းသားဘဝတွင် အတော်ရေပန်းစားခဲ့သည်။ ရေသည်မိန်းမ၏ ဆံထုံးပုံစံကို တမာသီးဖြင့်ခိုင်းနှိုင်းထားရှိရာ သူသည် ဆံပင်မကောင်း၊ ဆံပင်မသန်သည်ကို သိရှိခဲ့ရ၏။ အဘယ်ကြောင့်ဆိုသော် တမာသီး၏အကြီးဆုံးအရွယ်မှာ လက်မခန့်သာရှိသောကြောင့်ဖြစ်ပေသည်။ ဆရာကြီးက အတိသယဝုတ္တိအလင်္ကာဖြင့်ဖွဲ့ဆိုခဲ့သည်ကိုလည်းသိရှိခဲ့ရ၏။

နောက်ပိုင်းတွင်မူ သီချင်းရေးဆရာတို့သည် တမာပင်၏အကြောင်းကို အကောင်းဘက်မှနေ၍ စာဖွဲ့လာကြသည်။ "နှစ်ပြောင်းလရှည်ကြာခဲ့ပြီ မောင်ရေ၊ ငယ်ကကျွမ်းလို့လည်း လွမ်းရပါတယ်လေ၊ ဒါကြောင့်သာပဲ မောင်နှင့်နှစ်ယောက်သားတွေ့ရာ အညာကတမာတန်းလေးတွေ၊ မောင်ရေ၊ မောင်ရေ ပြေးကြည့်မိလေတော့ တမာတွေဆယ်ကြိမ်ဖူး နှစ်ဦးခွဲခွာ ဆယ်လီနှစ်များကြာခဲ့ပြီမောင်ရေ"ဟူသော တမာလမ်းကိုပြန်ခဲ့ပါသီချင်းသည် အလွန်ကျော်ကြားခဲ့သည်။ တေးရေးမှာ ကိုဝင်းစိုးဖြစ်ပြီး အဆိုတော်မှာ ဒေါ်မာမာအေးဖြစ်၏။ ထိုသီချင်းမှာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်ရာ ကျွန်တော်၏အဒေါ် အပျိုစင်ဘဝက သီဆိုခဲ့သော သီချင်းဖြစ်ပေသည်။ ထို့ပြင် "တမာရနံ့လေးသင်းသင်းမွှေးတဲ့ အညာမြေကို ပြန်သတိရနေသည်"ဟူသော မကွေးသား ကိုအောင်သူ၏သီချင်းမှာလည်း ရေပန်းစားခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ တမာနှင့်အညာ၊ အညာနှင့်တမာသည် ခွဲခြား၍မရပေ။ အညာဒေသတွင် တမာပင်များဆက်လက်၍ စိမ်းစိုစေချင်သေးသည်။ တမာပင်၊တမာပန်းတို့ အညာတွင် ဖူးပွင့်နေသမျှကာလပတ်လုံး ကျွန်တော်၏ တမာအလွမ်းဝေဒနာသည် ဆက်လက်ခံစားနေရဦးမည်ဖြစ်ကြောင်းနှင့် ကျွန်တော်၏မွေးရပ်မြေ အညာဒေသကို သတိတရရှိနေဦးမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါတော့သည်။

**ကိုးကား**

**-မြန်မာ့စွယ်စုံကျမ်း အတွဲ(၄)**

# Chairman of National Water Resource Committee SAC Chairman PM Senior General Min Aung Hlaing delivers speech at national committee meeting 1/2023



Senior General Min Aung Hlaing addresses National Water Resource Committee meeting 1/2023.

**Nay Pyi Taw April 4**

Chairman of the National Water Resource Committee Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered an address at the meeting 1/2023 of the national committee at the meeting hall of the Office of SAC Chairman in Nay Pyi Taw this afternoon.

Also present at the meeting were Vice Chairman of the national committee Deputy Prime Minister Union Minister for Transport and Communications Admiral Tin Aung San, Union ministers, the chairman of Nay Pyi Taw Council, the secretary of the committee and officials together with chief ministers of regions and states and mayors through video conferencing.

First, the Senior General delivered an opening address, saying that the meeting aimed to give necessary instructions to all for holding coordination meetings between ministries and organizations, implementing the work plans of the national committee and effectively undertaking matters related to the future plans for sustainable development of water sources across the nation on a yearly basis, improvement of all sectors related to the water, strengthening the water source comprehensive management and efficient utilization of water sources.

Water is the best gift of nature for living world and environment. Everybody uses water from the morning. Water is essential for production of all agricultural produce including paddy and rice the primary staple food of the people. Moreover, as water is a renewable energy at cheap prices in generating hydropower which is crucial in the current society, the global countries are using water on a wider scale. The transport sector showed the important role of water in transport and trade through water of rivers and creeks as well as seas and oceans by boat from the early civilization period to date.

Water and ground are key role in modernizing a country. Effective urilizing water and ground becomes the primary capital for prosperity of the nation. All gloabal countries are striving for fulfilling the wate requirements so as to ensure prosperity of the nation.

Water is a very valuable source, and all living beings including all human beings in new generations have to use water. So, it is necessary to efficiently use water sources and everybody needs to participate in the measures for seeking water sources.

Currently, climate change causes torrential rains across the world, high temperature in summer, destruction of terrible cyclones. Hence, people may face strong natural disasters and impacts. It is known to all that all parts of the world face natural disasters of flooding and shortages of water in summer.

According to studies conducted in 2022 by the WHO, 1.4 million people die of diseases caused by unclean water and sewage every year and the lives of 74 million people are shortened by such issues. About two billion people across the world do not have access to safe and clean drinking water, according to the statistics released in 2011 by the WHO and UNICEF. Moreover, 3.6 billion people or about half of the population of the world do not have access to proper sewage systems, according to surveys.

There are many natural rivers, creeks and lakes in Myanmar, which boasts the second largest amount of fresh water among ASEAN countries after Indonesia, according to statistics in 2011. Compared with Asian countries, Myanmar ranks fifth after China, India, Indonesia and Bangladesh. The fact points out that Myanmar is abundant in water resources.

Although more than 800 million cubic feet of fresh water is flowing through networks of rivers and creeks including four major rivers annually in Myanmar, only about five percent of the fresh water can be utilized for agriculture, households and industries. Therefore, it can be seen that the country has enormous potential for business investment based on water resources.

Therefore, it is important to take effective measures for systematic management of fresh water resources, sustainable development, conservation of forests in watershed areas and prevention of water pollution.

The national level committee is required to regulate the adoption of policies necessary for development of the water sector, sufficient supply of water to households in urban and rural areas and for agriculture, fresh water supply for industries, prevention littering into rivers and creeks and dislodging waste water into rivers and creeks only after it has been properly treated.

As all countries in the world exert efforts constantly for their national development, Myanmar must follow suit for development of all sectors including the water sector. Therefore, members of the committee are urged to make concerted efforts to implement the tasks of the committee for development of the water sector and carry out tasks that will be more beneficial to the people of all national races.

The national level committee organized the ceremony commemorating World Water Day 2023 and talks on academic subjects comprehensively and meaningfully as a campaign of the committee on 22 March at the MICC-2 in Nay Pyi Taw. According to the key message of the academic talks, it is learnt that it is necessary to explore more fresh water resources as the country needs them due to climate change and increasing population.

At today's meeting, committee members are urged to continue to exert concerted efforts to discuss possibilities to help solve water shortages in states and regions, to take measures for socioeconomic development of the people for the prosperity of the country and security of food, water and basic needs, to carry out tasks systematically for development of the water sector and all-round management of water resources that will be beneficial to the people and to effectively and successfully cooperate with the international community in water related issues.

Next, the vice chairman and secretary of the committee explained the formation of the national level committee, adoption and implementation of its objectives, water management, seeking of water resources and future plans.

Then, the Union ministers, the Nay Pyi Taw Council chairman, officials, region and state chief ministers and mayors reported on water-related activities, measures for water resource development, international cooperation in water resource development, water quality tests, river-water pumping tasks, distribution of drinking and irrigation water, continued measures for water resource development and requirements.

In response to the reports, the Senior General said using water needs ways to seek water. As such, water can come from storage of rainwater and river-water pumping. It is necessary to cultivate the habit of saving water. Likewise, stored water should be used efficiently for irrigation and drinking water. The country four major rivers namely the Ayeyawady, Chindwin, Sittoung and Thanlwin.

*See Page 13*

*From Page 12*

And they need to be efficiently used. Ways must be sought to get irrigation and drinking water from those rivers. Responsible departments need to seek such ways, the Senior General stressed.

In his concluding remark, the senior General said at today's meeting, all had discussed water-related measures by the ministries and organizations, cooperation with international organizations, and future plans of the committee.

Discussions and suggestions will be of much help to water resources management and international cooperation of our nation and implementation of water-related projects.

Decrease in water resources affects life and health of human beings and any other living creatures as well as socioeconomic life including livelihoods, agriculture and livestock. As water resources have become less based on environmental issues and climate change, it is necessary to consider sustainable conservation of forests and make them green.

It is seen that short- and long-term plans are being implemented in some regions and states to ensure water availability in the period of low water. It is necessary to boost intercropping production through giving priority to river water pumping projects powered by solar on both sides of the four main rivers, Ayeyawady, Chindwin, Sittaung and Thanlwin, and plans should be made to utilize river water in summer, rainy and cold seasons with suitable systems. Doing so will help get more water for intercropping. As in the low water period this year, measures to get water have been taken as possible as we can, preparation is to be made now for the low water period next year. Water availability measures are to be prepared in order to ensure an increase in production through intercropping without expanding cultivated areas.

Previously, rain water in the monsoon was used for cultivation water. If the cropping pattern is applied earlier than before without anticipating rain water but with the use of underground water, agriculture businesses will be more successful. Therefore, it is necessary to make plans for that. As our nation is a country with a commodity production industry mainly based on agriculture, I have to make such a suggestion.

When the State is providing support for development of all sectors, our committee members are to work together with ministries concerned in order that the committee will successfully keep carrying out its water-related tasks for water sector development. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Export of 5,600 tons of rubber earns more than US$6 million income



Rubber sheets for export.

**Nay Pyi Taw April 4**

As prices of rubber is on the rice, export volume of rubber is larger, earning more than US$6 million in selling over 5,600 tons of rubber in a week, according to the Ministry of Commerce on 28 March.

At the end of February, rubber was priced at US$1,750 per ton and US$1,800 per ton in the first week of March.

Hence, the domestic rubber market manipulated at K,1400 per pound of rubber. As such, earning of selling rubber reached US$6.956 million in sale of 5,681 tons of rubber from 11 to 17 March.

In this regard, a total of 5,187 tons of rubber was exported to foreign market through shipping to earn US$6.376 million and 494 tons through land border in securing US$0.58 million.

Myanmar sent 4,630 tons of rubber to China, 237 tons to Malaysia, 120 tons to India, 100 tons to Bangladesh and 100 tons to Korea in shipping.

Moreover, a total of 494 tons of rubber was exported to China through land border. This year, a plan was set to export some 300,000 tons of rubber to customer countries this year, and so far, 16,090 tons of rubber has been exported to customer countries in Jnauary and 22,890 tons in February.

China is the largest market of Myanmar in export of rubber. Moreover, rubber is exported to Indonesia, Singapore, China Taipei, Japan and India. Myanmar produces more than 1.6 million acres of rubber plantations across the nation. 336

# MNA to expand more flights on Yangon- Singapore-Yangon route as fom 23 April

**Yangon April 4**

The Myanmar National Airlines decided to expand its flights to be operated along Yangon-Sinagpore-Yangon route as fro 23 April 2023, according to its press release.

At present, MNA operates Yangon-Singapore-Yangon flight once a day. In so doing, the flight starts from Yangon at 7.30 am and arrives in Singapore at 12 noon. It will depart from Singapore at 1.15 pm Myanmar standard time and arrives back in Yangon at 2.45 pm Myanmar standard time.

As from 23 April, MNA will arrange two times for the flight on Sunday, Tuesday and Friday.

On those days, the flight will leave Yangon at 3.25 pm and arrive in Singapore at 7.45 pm local standard time and it will take off from Singapore at 8.45 pm local standard time and arrive back in Yangon at 10.15 pm Myanmar standard time.

Air ticket for a trip will be US$185 per passenger and the round the trip US$352. For further information, dial +951379603~04~06~07~08 and +951377840~42 of the call centre of MNA and +6597912747, +6587116995 and +6592707058. 336



A plane from MNA.

# Yangon to host 6th International Plastic Products Expo

**Yangon April 4**

The 6th International Plastic Products Expo will be held in Yangon, according to the UMFCCI on 27 March.

The expo to be jointly organized by Smart Expos Fairs India Private Ltd of India and Myanmar Plastic Entrepreneurs Association will take place at Novotel Hotel Yangon in Yangon from 29 to 31 March 2023.

The export will showcase necessary raw materials for plastic factories, machinery and materials for printing and packaging factories by entrepreneurs from India, China, Singapore and Myanmar.

The 6th international plastic products expo will be the first one of hosting international expo after the Covid-19. Hence, those wishing to engage the plastic industries and to expand the work establishment need to observe the expo.

The export will last three days and admission is free. 336

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ယူကရိန်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ တောင်းဆိုချက် ၁၀ ချက်ကို ရုရှားဖော်ပြ



ယူကရိန်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ တိုက်ခိုက်မှုများ ရပ်တန့်ရန်အတွက် ယူကရိန်းအစိုးရအနေဖြင့် လုပ်ဆောင်ရမည့် အချက် ၁၀ ချက်ကို ရုရှားလက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mikhail Galuzin က ကမ်းလှမ်းခဲ့သည်။ ယူကရိန်းနိုင်ငံ၏ အနာဂတ်သည် အနောက်တိုင်း ကျောထောက်နောက်ခံများက အမှန်တရားများအပေါ် မည်မျှကြာကြာ လက်သင့်ခံ၊ မခံဆိုသည့်အချက်ပေါ်တွင် မူတည်မည်ဟု မတ် ၂၉ ရက်က အင်တာဗျူးတစ်ခုတွင် Galuzin က ပြောကြားခဲ့သည်။

ယူကရိန်းငြိမ်းချမ်းရေးဆောင်ကြဉ်းရန် ယူကရိန်းစစ်ဘက်တပ်ဖွဲ့များသည် ရန်လိုတိုက်ခိုက်နေမှုများကိုရပ်တန့်ရမည်ဖြစ်ပြီး အနောက်နိုင်ငံများက ယူကရိန်းသို့ စစ်လက်နက်များပေးပို့မှုအားလုံးကို ရပ်တန့်ရမည်ဖြစ်ကြောင်း Galuzin က RTVI သတင်းဌာနသို့ ပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံကို စစ်မဲ့ဇုန်ပြုလုပ်ရေးနှင့် နာဇီလက်သစ်ဝါဒကင်းစင်စေရေးသည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပစ်ခတ်တိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာကတည်းက စာရင်းသွင်းတောင်းဆိုထားသည့် အချက်နှစ်ချက်ဖြစ်သည်။ ထိုအချက်များအရ အီးယူ သို့မဟုတ် NATO အဖွဲ့သို့ မည်သည့်အခါမျှ ဝင်ရောက်ခြင်းမပြုရန် ကတိပြုချက်နှင့် နျူကလီးယားပိုင်ဆိုင်ထားခြင်းမရှိသော နိုင်ငံအဆင့်အတန်းအဖြစ် ရပ်တည်ရမည်ဟူသော ကတိပြုချက်ကို တောင်းဆိုထားသည်။

ဆက်လက်၍ ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ထပ်မံစာရင်းထည့်သွင်းခဲ့သည့် နယ်မြေသစ်ပိုင်နက် သတ်မှတ်မှုအပေါ် အသိအမှတ်ပြုခြင်းလည်း ပါဝင်သည်။ Kherson၊ Zaporozhye၊ Donetsk နှင့် Lugansk သမ္မတနိုင်ငံများ၏ ရုရှားနိုင်ငံသို့ ပူးပေါင်းရန်ဆုံးဖြတ်ချက်ကို ဆိုလိုခြင်းဖြစ်သည်။

ရုရှားစာပေနှင့် ရုရှားစကားပြောနိုင်ငံသားများ၏ အခွင့်အရေးများကို အကာအကွယ်ပေးခြင်းအပြင် ယူကရိန်းရှိ အခြားလူမျိုးစုအားလုံးသည်လည်း နိုင်ငံသားတစ်ယောက်ပိုင်ဆိုင်သင့်သည့် အကာအကွယ်၊ စောင့်ရှောက်မှုမျိုးရရှိရမည်ဟု Galuzin ၏စာရင်းတွင် ပါရှိသည်။

ထို့ပြင် ယူကရိန်းနိုင်ငံသည် ရုရှားနှင့် နယ်စပ်ဒေသကို ပြန်လည်ဖွင့်လှစ်ရန်နှင့် ၂၀၁၄ ခုနှစ်တွင် အမေရိကန်ကျောထောက်နောက်ခံပြု အာဏာသိမ်းပြီးနောက် အေးစက်သွားခဲ့သည့် ရုရှား၊ အခြားဆိုဗီယက်သမ္မတနိုင်ငံဟောင်းများနှင့် ဆက်ဆံရေးမူဘောင်တစ်ရပ်ကို ပြန်လည်တည်ဆောက်ရန်လိုအပ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

မော်စကိုက ရုရှားဆန့်ကျင်ရေးပိတ်ဆို့အရေးယူမှုများအားလုံးကို ရုပ်သိမ်းပေးရန်နှင့် ရုရှား၊ ၎င်း၏ပုဂ္ဂိုလ်များနှင့်တရားရေးဆိုင်ရာအဖွဲ့အစည်းများအပေါ် တရားစွဲဆိုမှုများ ရုပ်သိမ်းခြင်းနှင့်ပယ်ဖျက်ခြင်းတို့ကို ပထမဆုံးအကြိမ်တောင်းဆိုခဲ့သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ကလေးသူငယ်အခွင့်အရေးကော်မရှင်နာ Maria Lvova-Belova အတွက် မကြာသေးမီက နိုင်ငံတကာ ရာဇဝတ်တရားရုံး (ICC)က ဖမ်းဝရမ်းများအပါအဝင် ပယ်ဖျက်၊ ရုပ်သိမ်းပေးခြင်းများ ပါဝင်မည်ဖြစ်သည်။

Galuzin ၏ ငြိမ်းချမ်းရေးအတွက် အဆိုပြုတောင်းဆိုချက်စာရင်းတွင် နောက်ဆုံး တောင်းဆိုချက်သည် ၂၀၁၄ ခုနှစ် ကတည်းက ယူကရိန်းစစ်ဘက်ကြောင့် ပျက်စီးသွားသော အရပ်ဘက်အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်းအတွက် အနောက်နိုင်ငံများက လျော်ကြေးပေးဆောင်ရန်ဖြစ်သည်။

ယူကရိန်း၏ ငြိမ်းချမ်းသောအနာဂတ်သည် ၎င်း၏ရုရှားလူမျိုးများဆိုင်ရာအခွင့်အရေးကို လေးစားလိုက်နာရန်၊ အိမ်နီးချင်းအားလုံးနှင့်ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ပြန်လည်တည်ဆောက်ရန်နှင့် ကြားနေနှင့် အစုအဖွဲ့မဟုတ်သော နိုင်ငံတစ်နိုင်ငံ အဆင့်အတန်းကို ပြန်လည်ထူထောင်ရေးမှ စသည်တို့အပေါ် မူတည်နေသည်။

**Moscow outlines Ukraine peace demands ကို ဘာသာပြန်ဆိုထားပါသည်။**

## အီရန်လေပိုင်နက်အတွင်း အမေရိကန်ကင်းထောက်လေယာဉ်ဝင်ရောက်လာမှုအပေါ် သတိပေးခဲ့

အီရန်ရေတပ်သည် နိုင်ငံ၏လေပိုင်နက်အတွင်းသို့ ဧပြီ ၂ ရက်က ဝင်ရောက်ခဲ့သည့် အမေရိကန်ကင်းထောက်လေယာဉ်ကို မောင်းထုတ်နိုင်ခဲ့ပြီး အဆိုပါလေယာဉ်သည် နောက်ကြောင်းပြန်လှည့်သွားခဲ့ကြောင်း အီရန်နိုင်ငံ နိုင်ငံပိုင် IRNA သတင်းဌာနက ဖော်ပြခဲ့သည်။

အီရန်နိုင်ငံသည် ယခင်ကလည်း အမေရိကန်နိုင်ငံမှ ကင်းထောက်လေယာဉ်ကို ပစ်ချခဲ့ဖူးကြောင်း၊ အမေရိကန် EP-3E ကင်းထောက်လေယာဉ် တစ်စင်းကို အီရန်ရေတပ်က ဧပြီ ၂ ရက်တွင် အိုမန်ပင်လယ်ပြင်၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း နိုင်ငံပိုင်သတင်းများတွင် ဖော်ပြခဲ့သည်။

ရေတပ်မှသတိပေးချက်ထွက်ပေါ်လာပြီးနောက် အဆိုပါကင်းထောက်လေယာဉ်သည် နိုင်ငံတကာလေပိုင်နက်သို့ ပြန်လည်ရောက်ရှိသွားခဲ့ကြောင်း အစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။

"ကင်းထောက်လေယာဉ်ဟာ အီရန်လေပိုင်နက်ထဲကို အမှန်တကယ် မဝင်ရောက်ခဲ့ဘဲ လှည့်ပတ်ပျံသန်းသွားခဲ့တယ်" ဟု အီရန်ရေတပ်အရာရှိများ၏ ပြောကြားချက်များအပေါ် ကိုးကား၍ အီရန်နိုင်ငံ Tasnim သတင်းဌာနက ရေးသားဖော်ပြထားသေးသည်။

"အီရန်နိုင်ငံ ရေတပ် တပ်ဖွဲ့တွေက လေယာဉ်ကို ရေဒီယိုသတိပေးချက် ထုတ်ပြန်ခဲ့ပြီး အီရန်နိုင်ငံ လေပိုင်နက်ထဲကို ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်တာကိုပိတ်ပင်တားမြစ်နိုင်ခဲ့ပါတယ်"ဟု သတင်းအေဂျင်စီ၏ဖြစ်ရပ်နှင့်ပတ်သက်၍ အသေးစိတ် အစီရင်ခံများတွင် ဆက်လက်ဖော်ပြထားသည်။

"အမေရိကန်နိုင်ငံဘက်က ဒီစွပ်စွဲချက်နဲ့ပတ်သက်ပြီး မှတ်ချက်မပေးပါဘူး"ဟုလည်း အီရန်နိုင်ငံ သတင်းရင်းမြစ်များက အစီရင်ခံတင်ပြချိန်များထိ အမေရိကန်ဘက်က တစ်စုံတစ်ရာ တုံ့ပြန်ချက်မရှိသေးသည်ကို ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ Lockheed ကုမ္ပဏီထုတ် EP-3E သည် P-3 Orion ၏ အီလက်ထရွန်နစ် အချက်ပြထောက်လှမ်းမှုကင်းထောက်လေယာဉ်မှ ဆင်းသက်လာသော မျိုးကွဲတစ်ခုဖြစ်ပြီး ရန်သူ့ကမ်းရိုးတန်းများတစ်လျှောက် ကင်းလှည့်ရန်နှင့်ရန်သူ့ဆက်သွယ်ရေးစနစ်များကို ကြားဖြတ်နှောင့်ယှက်နိုင်ရန် ဒီဇိုင်းထုတ်ထားသည့် အီလက်ထရွန်နစ် ကင်းထောက်လေယာဉ်အမျိုးအစားဖြစ်သည်။

၂၀၀၁ ခုနှစ်တွင် အမေရိကန် ရေတပ်မှ EP-3E အီလက်ထရွန်နစ် စစ်ဆင်ရေးသုံး ကင်းထောက်လေယာဉ်သည် တောင်တရုတ်ပင်လယ်အတွင်း တရုတ် J-8 ကြားဖြတ်ဂျက်လေယာဉ်နှင့် တိုက်မိခဲ့ဖူးသည်။ EP-3E လေယာဉ်ကိုဖြုတ်သိမ်းပြီးနောက် တရုတ်နိုင်ငံသည် နောက်ဆုံးတွင် လေယာဉ်နှင့် လူ ၂၄ ဦးပါ လေယာဉ်အမှုထမ်းများကို အမေရိကန်သို့ ပြန်ပေးခဲ့သော်လည်း ၁၁ ရက်စာအတွက် ဝါရှင်တန်ကို ကုန်ကျစရိတ်တောင်းခံပြီးမှသာ ပြန်လည်ပေးအပ်ခဲ့ခြင်းဖြစ်သည်။



ထိုစဉ်က အမေရိကန်သည် တရုတ်နိုင်ငံကို ၎င်း၏လေယာဉ်အမှုထမ်းများတည်းခိုနေထိုင်စားသောက်စရိတ်အတွက် အမေရိကန်ဒေါ်လာ ၃၄၅၆၇၀၀၀၀ ပေးဆောင်ခဲ့ရသည်။

အမေရိကန်သည် အီရန်နိုင်ငံကိုစောင့်ကြည့်ရန် လူလိုက်ပါခြင်းနှင့် မောင်းသူမဲ့လေယာဉ်နှစ်မျိုးလုံးကို အသုံးပြုလေ့ရှိသည်။ ၂၀၁၉ ခုနှစ်တွင် အီရန်နိုင်ငံ လေကြောင်းကာကွယ်ရေး တပ်ဖွဲ့များသည် ဟော်မုဇ်ရေလက်ကြားတွင် အမေရိကန် RQ-4 Global Hawk ထောက်လှမ်းရေးဒရုန်းတစ်စင်းကို ပစ်ချခဲ့သည်။အဆိုပါလေယာဉ်သည် ၎င်း၏လေပိုင်နက်ကို ချိုးဖောက်ခဲ့ကြောင်း တီဟီရန်က ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ Donald Trump လက်ထက်က မောင်းသူမဲ့ဒရုန်းယာဉ်ဆုံးရှုံးပြီးနောက် လူသားများ ထိခိုက်သေဆုံးမှုမဖြစ် စေရေး တုံ့ဆိုင်းမနေဘဲ တိုက်ခိုက်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်၍ တုံ့ပြန်ခဲ့ကြောင်း သိရသည်။

Trump သည် အီရန်စစ်ဘက်အရာရှိများအပေါ် ပိတ်ဆို့အရေးယူမှုများချမှတ်ခဲ့ပြီး အီရန်စစ်ဘက် ကွန်ပျူတာစနစ်များကို ဆိုက်ဘာတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ပြီး အီရန်တာဝန်ရှိသူများက အဆိုပါဆိုက်ဘာတိုက်ခိုက်မှုများကို ပျက်ပြယ်စေခဲ့သည်ဟု ထိုစဉ်က တုံ့ပြန်ပြောကြားခဲ့ဖူးသည်။

**Iran warns off US spy plane –media ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် နွေပဲတီစိမ်း ၅၈၀၅ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ချောင်းဦး ဧပြီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၈၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၂၉၁၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၈၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ချောင်းဦးမြို့နယ်မှာ ဒီနှစ် နွေပဲတီစိမ်းဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်ထိ နွေပဲတီစိမ်းဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ လျာထားချက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ မနှစ်ကဆိုရင် ဧက ၅၀၀၀ ကျော်ပဲ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အထွက်နှုန်းတိုးတက်ဖို့အတွက် ဆောင်ရွက်နေပါတယ်" ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ပြီးခဲ့သည့်နှစ် နွေသီးနှံစိုက်ပျိုးရာသီက ချောင်းဦးမြို့နယ်တွင် နွေပဲတီစိမ်း ၅၂၅၈ ဧကသာ စိုက်ပျိုးနိုင်ခဲ့ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ချောင်းဦးမြို့နယ်၌ ပဲတီစိမ်းစိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဆောင်းသီးနှံစိုက်ပျိုးရာသီကလည်း ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံပဲတီစိမ်းစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ပဲတီစိမ်း ၂၂၄၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# နမ့်ဆန်မြို့နယ် ဇယ်ဘန်ကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နမ့်ဆန် ဧပြီ ၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဇယ်ဘန်ကောက်ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ပဉ္စမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်ဆန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းနှင့် အရောင်းအဝယ်လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်းများကို ရရှိစေသည့်အပြင် မိသားစုဝင်ငွေတိုးပွားလာစေမည်ဖြစ်ကြောင်း၊ ရရှိလာသော မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အကျိုးပြုစေမည်ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ပြန်ဆပ်ရမည့်ကာလများနှင့်စပ်လျဉ်း၍ အသင်းသား၊ အသင်းသူများကို ရှင်းလင်းပြောကြားပြီး ရန်ပုံငွေကျပ် ၄၂ ဒသမ ၅ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နမ့်ဆန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက ဇယ်ဘန်ကောက်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးအတွက် ငွေကျပ် ၃၅ ဒသမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦးအတွက် ငွေကျပ် ၇ ဒသမ ၂ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၄ ဦးကို ပဉ္စမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကျော်ဇောဦး(မောရှမ်းမြေ)

# ဆင်ပေါင်ဝဲမြို့နယ်၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဆင်ပေါင်ဝဲ ဧပြီ ၄**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ငွေးတောက်စမ်း ကျေးရွာအုပ်စု ကျောက်မြောင်းကျေးရွာ၌ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် သောက်သုံးရေဖူလုံစွာရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျနှင့် ဝန်ထမ်းများက ကုမ္ပဏီမှတာဝန်ရှိသူများ၊ ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ ကျောက်မြောင်းကျေးရွာ၌ နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကျောက်မြောင်းကျေးရွာ၌ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၄၄ ဒသမ ၀၂ သန်းဖြင့် အကျယ် လေးလက်မ၊ အနက်ပေ ၅၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အမြင့် ပေ ၂၀ ရှိ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ဆိုလာပြားများ တပ်ဆင်ခြင်းနှင့် ရေမြှုပ်ပန့်တပ်ဆင်ခြင်း၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို Mega Global Green Automation ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဩဂုတ်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သူသူ




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၄-၄-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၉၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၂၈၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဇေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၁၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၉၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၀၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၆၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)



အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ (၁/ ၂၀၂၃)အစည်းအဝေးသို့ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် မြို့တော်ဝန်များက Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

ယခင်က သီးနှံများစိုက်ပျိုးရာတွင် မုတ်သုံအဝင် မိုးရေကိုစောင့်ဆိုင်းပြီး စိုက်ပျိုးရေအဖြစ် စတင်အသုံးပြုစိုက်ပျိုးခဲ့ကြ၊ သီးနှံပုံစံ(Cropping Pattern)ကို ရှေ့သို့တိုးပြီး ယခင်ကထက် အချိန်စောပြီး စိုက်ပျိုးဆောင်ရွက်နိုင်ရန်အတွက် မြေအောက်ရေကို စိုက်ပျိုးရေအဖြစ်ရယူပြီးစိုက်ပျိုးကာ မိုးရေကို သီးနှံအောင်မြင်ရေးအတွက် အောင်ရေအဖြစ် ဆက်လက်အသုံးပြုသွားမည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာမည်ဖြစ်သဖြင့် စီမံဆောင်ရွက်ရန်လိုအပ်. . .

## မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး



ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr.Vinay Kumar နှင့်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် ဇွန် ၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr.Vinay Kumar နှင့်အဖွဲ့ကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမတွင် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဘင်္ဂလားပင်လယ်အော် စီးပွားရေးနှင့် နည်းပညာဆိုင်ရာဘက်စုံ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း Bengal Initiative for MultiSectoral Technical and Economic Cooperation (BIMSTEC - ဘင်းစတက်) အပါအဝင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ၏ အခန်းကဏ္ဍ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံအကြား လယ်ယာကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ သုတေသနနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-အိန္ဒိယနှစ်နိုင်ငံ၏ လယ်ယာထွက်ကုန်များ တင်သွင်းတင်ပို့ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာ-ကိုရီးယား နှစ်နိုင်ငံအကြားဆက်ဆံရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး



နေပြည်တော် ဇွန် ၄

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့အခြေစိုက် မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ် Mr. Won Bae Dahn ကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံဖြစ်ပေါ် တိုးတက်မှုအခြေအနေများကို ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားခဲ့ပြီး မြန်မာ-ကိုရီးယား နှစ်နိုင်ငံအကြားဆက်ဆံရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့အခြေစိုက် မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ်Mr. Won Bae Dahn ကို လက်ခံတွေ့ဆုံစဉ်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာ လျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# မော်ကွန်းအသစ် ထုဆစ်ခဲ့ပြီ အောင်စစ်သည်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ၂၀၂၃ ခုနှစ် ဧပြီလ ၃ ရက်တွင် ရုရှားသိပ္ပံအကယ်ဒမီ၊ အရှေ့တိုင်းလေ့လာရေးအင်စတီကျု၏ President ဖြစ်သူ Dr. Professor Vitaly Vyacheslavovich NAUMKIN က ပေးအပ်ချီးမြှင့်သည့် "ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့" အား လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၅ ရက်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ရှိ ရေတပ်လေ့ကျင့်ရေးကျောင်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့်မားကြီးထွားလာသည့်နိုင်ငံကြီးဖြစ်ပါသည်။ ရုရှားပြည်သူများသည် မိမိတို့နိုင်ငံတော်ကို ခေတ်မီပြီး အင်အားကြီးသောနိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Mr. Vladimir Vladimirovich Putin ၏ဦးဆောင်မှုအောက်တွင် အင်တိုက်အားတိုက် တည်ဆောက်နေပေသည်။ ဤမျှကြီးမားလှသော ကြိုးပမ်းအားထုတ်မှုအောက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ပညာရေးသည် အရေးပါသောအခန်းကဏ္ဍတစ်ရပ်အဖြစ်ပါဝင်ပြီး ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် အရေးပါသော အဆုံးအဖြတ်ပေးမည့်အခန်းကဏ္ဍတစ်ရပ်ဖြစ်နေပေသည်။ ပညာရေးသည် နိုင်ငံတော်၏မူဝါဒ တည်ဆောက်ရေးကို အကျိုးပြုဖော်ဆောင်ပေးပြီး နိုင်ငံတော်၏မူဝါဒတည်ဆောက်ရေးသည်လည်း ပညာရေးအပေါ် အမှီသဟဲပြုနေ၏။ ထိုသဘောတရားကြောင့်ပင် ရုရှားနိုင်ငံသည် ပညာဗဟိုပြုသည့် နည်းပညာနယ်ပယ်တွင် ကမ္ဘာ့ထိပ်တန်းအဆင့်သို့ ရောက်ရှိလာခြင်းဖြစ်၏။ ကမ္ဘာ့ပညာရေးထိပ်တန်းအဆင့်ရှိ နိုင်ငံတစ်နိုင်ငံ၏ချီးမြှင့်အပ်နှင်းသော ပညာဆိုင်ရာ ဘွဲ့တံဆိပ်ရရှိသူတစ်ဦးအတွက်လည်း ဂုဏ်ရည်မြင့်မားမှုဂုဏ်နှင့်ထိုက်တန်လှ၏။ အချို့အရာများမှာ သူတစ်ဦးတစ်ယောက်စွမ်းဆောင်မှုကို အကောင်းမြင်သည့် လူ့ပတ်ဝန်းကျင်တစ်ရပ်က ချီးကျူးထောပနာပြုကာ ၎င်းတို့ပညာရပ်နယ်ပယ်၌ လိုက်လျောညီသည့် ဘွဲ့တံဆိပ်တစ်မျိုးမျိုးအား စွမ်းဆောင်နိုင်သူအပေါ် ချီးမြှင့်ကြ၏။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအား ပညာရေးထိပ်တန်းနိုင်ငံဖြစ်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ရုရှားသိပ္ပံအကယ်ဒမီ၊ အရှေ့တိုင်းလေ့လာရေးအင်စတီကျုက နိုင်ငံအကြီးအကဲ၏ ရိုးသားဖြောင့်မတ်ပြီး မိမိနိုင်ငံရေရှည်အကျိုးစီးပွားအတွက် အမြော်အမြင်ကြီးစွာ စွမ်းစွမ်းတမံဆောင်ရွက်မှု၊ လူသားချင်းစာနာထောက်ထားမှုနယ်ပယ်အပါအဝင် ဘက်စုံပူးပေါင်းဆောင်ရွက်ရေး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့မှုတို့ကြောင့် **"ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့"** ကို လက်ရောက်ချီးမြှင့်အပ်နှင်းခဲ့၏။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တစ်ဦးအတွက်သာမက နိုင်ငံတော်အတွက် ထိုက်တန်မှုရှိသည့် မင်္ဂလာသတင်းတစ်ရပ်ပင်ဖြစ်ပေသည်။

ပညာဆိုသည်မှာ လေ့လာဆည်းပူးခဲ့ရသည့် မြောက်မြားစွာသောအချက်အလက်များနှင့်အတွေ့အကြုံပေါ် မူတည်၍ လုပ်ငန်းဆောင်တာအမျိုးမျိုးကို နိုင်နင်းစွာထိန်းသိမ်းစီမံအုပ်ချုပ်နိုင်သောစွမ်းရည်ဖြစ်ပြီး မှားမှန်ကောင်းဆိုး ကြောင်းကျိုးဆက်စပ် စဉ်းစားဆင်ခြင်ဝေဖန်ပိုင်းခြားတတ်သော အသိတရားပင်ဖြစ်သည်။ လက်ရှိကျွန်ုပ်တို့နိုင်ငံသည် စာပေတတ်မြောက်သူကားများ၏။ သို့သော် ပညာတတ်မြောက်သူကားရှား၏။ အဘယ်ကြောင့်ဆိုသော် နိုင်ငံရေးအခြေအနေတစ်ခုအပေါ်တွင် စာပေတတ်မြောက်သူတို့သည် ပညာဆိုသည့် အပြစ်နှင့်အကျိုးကို ခွဲခြားနိုင်သည့်ဉာဏ်ကို မျက်ကွယ်ပြုလုပ်ဆောင်နေခြင်းများမှာ နိုင်ငံ့အတွက် အံ့အားသင့်ဖွယ်ဆုတ်ယုတ်မှုများပင်ဖြစ်၏။ ကျွန်ုပ်တို့နိုင်ငံနည်းတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည်လည်း နိုင်ငံရေးအကျပ်အတည်းတွေ့ကြုံနေရပေသည်။ သို့ရာတွင် စာပေတတ်သည့် ပညာတတ်များပေါ်ကြွယ်ဝ၍ နိုင်ငံ

စာမျက်နှာ ၁၉ သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအား ပညာရေးထိပ်တန်းနိုင်ငံဖြစ်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ရုရှားသိပ္ပံအကယ်ဒမီ၊ အရှေ့တိုင်းလေ့လာရေးအင်စတီကျုက နိုင်ငံအကြီးအကဲ၏ ရိုးသားဖြောင့်မတ်ပြီး မိမိနိုင်ငံရေရှည်အကျိုးစီးပွားအတွက် အမြော်အမြင်ကြီးစွာ စွမ်းစွမ်းတမံဆောင်ရွက်မှု၊ လူသားချင်းစာနာထောက်ထားမှုနယ်ပယ်အပါအဝင် ဘက်စုံပူးပေါင်းဆောင်ရွက်ရေး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့မှုတို့ကြောင့် **"ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့"** ကို လက်ရောက်ချီးမြှင့်အပ်နှင်းခဲ့၏။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တစ်ဦးအတွက်သာမက နိုင်ငံတော်အတွက် ထိုက်တန်မှုရှိသည့် မင်္ဂလာသတင်းတစ်ရပ်ပင်ဖြစ်ပေသည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၀ ရက်က ရုရှားသိပ္ပံအကယ်ဒမီ၊ မွန်ဂို၊ တိဗက်နှင့် ဗုဒ္ဓဘာသာလေ့လာရေးအင်စတီကျု ဆိုက်ဘေးရီးယားဌာနခွဲအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၁ ရက်က အမှတ်(၁၄)အခြေခံပညာအလယ်တန်းကျောင်း MBOU Zakharovkaya Secondary School Moscow အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

ဆုတ်ယုတ်မှုမရှိခြင်းသည် လေးနက်စွာ သင်ခန်းစာယူဖွယ်ပင်ဖြစ်၏။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ပညာရေးစနစ်သည် ကျွန်ုပ်တို့နိုင်ငံ၏ ပညာစနစ်နှင့် ကွဲပြားမှုရှိ၏။ မူကြိုပညာရေးသည် ရုရှားတွင် မသင်မနေရဖြစ်သော်လည်း အသက် ၆ နှစ်အောက် ကလေးအများအပြား မူကြိုကျောင်းတက်ကြသည်။ မူကြိုကျောင်းတွင် အခြေခံအားဖြင့် ကလေးများ၏ ကိုယ်လက်လှုပ်ရှားမှုနှင့် တီထွင်ဖန်တီးနိုင်မှုအပေါ် အာရုံစိုက်စေသည်။ မူကြိုကျောင်းပြီးသည့်နောက်တွင် အခြေခံပညာရေးစနစ်အား ဆက်လက်သင်ယူရသည်။ ကလေးများ၏ဉာဏ်ရည်၊ စိတ်ပိုင်းဆိုင်ရာ၊ ကာယပိုင်းနှင့် ကိုယ်ကျင့်တရားဖွံ့ဖြိုးတိုးတက်မှုအပေါ် အာရုံစိုက်စေ၏။ ရုရှားနိုင်ငံတွင် မူလတန်းပညာရေးကို အသက် ၆ နှစ်မှ ၁၀ နှစ်အတွင်းသတ်မှတ်ပြီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အရွယ်ရှိ ကျောင်းသားများအတွက် အကြိုးတန်း သို့မဟုတ် အလယ်တန်းပညာရေးစနစ်ကိုသင်ယူရ၏။ အသက် ၁၅ နှစ်အရွယ်တွင် အခြေခံပညာအဆင့်အား အောင်မြင်ပြီးစီးပြီဖြစ်၏။ ရုရှားနိုင်ငံတွင် အသက် ၆ နှစ်မှ ၁၅ နှစ်အကြား ကလေးများသည် ကျောင်းတက်ရန်မဖြစ်မနေလိုအပ်သည်။ အခြေခံပညာရေးသည် လူတိုင်းအတွက်အခမဲ့ဖြစ်သည်။ ကျောင်းသားတစ်ဦးသည် အဆင့်မြင့်ပညာရေးကို သင်ယူလိုပါက အထက်တန်းကျောင်းတွင် နောက်ထပ် ၂ နှစ်ပညာဆည်းပူးရမည်ဖြစ်သည်။ အခြေခံပညာအဆင့်ပြီးဆုံးပြီးနောက် နောက်ဆုံးစာမေးပွဲအား ပြုလုပ်သည်။ ကျောင်းသားများအား အခြေခံအထွေထွေပညာရေးလက်မှတ်ချီးမြှင့်သည်။ အဆိုပါလက်မှတ်၏အကူအညီဖြင့် ကျောင်းသားသည် ဝင်ခွင့်ရနိုင်သည့် အသက်မွေးဝမ်းကျောင်းပညာရေး သို့မဟုတ် တက္ကသိုလ်မဟုတ်သောအဆင့်ထိ(အဆင့်မြင့်ပညာရေး) တက်ရောက်ရသည်။ ၎င်းမှအောင်မြင်ပြီးပါက ဘွဲ့လွန်နှင့် အဆင့်မြင့်ပညာရပ်များအား တက်ရောက်သင်ယူနိုင်၏။ ထိုကဲ့သို့ ပညာရေးကို အလေးပေးဆောင်ရွက်နေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် ၂၀၂၃ ခုနှစ် World Population Review ၏ သုံးသပ်ချက်အရ ပညာရေးသည် အဆင့် ၂၃ တွင်ရှိပါသည်။ ထိုကဲ့သို့ အဆင့်ရှိသော ရုရှားနိုင်ငံတွင် ၂၀၀၁ ခုနှစ်မှစတင်၍ လက်ရှိအချိန်ထိ ရုရှားနိုင်ငံရှိ တက္ကသိုလ်အသီးသီးတွင် မြန်မာနိုင်ငံမှ ပညာတော်သင်ကျောင်းသားများအနေဖြင့် မဟာဘွဲ့ရရှိသူ ၆၀၀၀ ဦးကျော်၊ ပါရဂူဘွဲ့ရရှိသူ ၅၀၀ ဦးနီးပါး၊ D.Sc ဘွဲ့ရရှိသူ ၁၁ ဦး ရှိခဲ့ပြီဖြစ်သည်။

ယနေ့ရုရှားနိုင်ငံ၏ ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်မှုအပေါ် သုံးသပ်ကြည့်မည်ဆိုလျှင် ကမ္ဘာ့ပညာရေးကဏ္ဍတွင် ရုရှားနိုင်ငံရှိ တက္ကသိုလ်များသည် ကမ္ဘာ့ထိပ်တန်းအဆင့်ရှိသည်ကို မျက်ဝါးထင်ထင်သိနိုင်မည်ဖြစ်၏။ ထိုသို့ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်မှုတွင် ရုရှားသမ္မတပူတင်၏ တိုက်ရိုက်ကွပ်ကဲမှုအောက်ရှိ ရုရှားသိပ္ပံအကယ်ဒမီ၏အခန်းကဏ္ဍသည် အလွန်တရာမှအရေးပါသည်။ ရုရှားသိပ္ပံအကယ်ဒမီသည် နိုင်ငံတော်အဆင့်အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ရုရှားတစ်နိုင်ငံလုံး၏ ဝိဇ္ဇာ၊ သိပ္ပံ၊ နည်းပညာ စသည့် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒနှင့်သုတေသနလုပ်ငန်းများအား ကိုင်တွယ်ထိန်းချုပ်နေသော ရုရှားနိုင်ငံ၏ ပညာရေးဆိုင်ရာတစ်ခုတည်းသောအဖွဲ့အစည်းတစ်ခုပင်ဖြစ်သည်။ အဆိုပါအဖွဲ့အစည်းအောက်တွင် နိုင်ငံတော်၏မူဝါဒအတွက် အရေးပါသည့် သင်ကြားရေးနှင့် သုတေသနဆိုင်ရာကိစ္စရပ်များအား လုပ်ဆောင်နေသောအဖွဲ့အစည်းများစွာပါရှိပြီး ၎င်းတို့အထဲတွင် အရှေ့တိုင်းလေ့လာရေးအင်စတီကျုသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။

အရှေ့တိုင်းလေ့လာရေးအင်စတီကျု၏ သမိုင်းမှာ ရှည်လျားလှသည်။ အရှေ့တိုင်းလေ့လာရေးအင်စတီကျုအား ရုရှားဇာဘုရင် ပထမအလက်ဇန်းဒါးလက်ထက် ၁၈၁၈ ခုနှစ်ကတည်းက စိန့်ပီတာစဘတ်မြို့ သိပ္ပံပညာအကယ်ဒမီ လက်အောက်ရှိ အာရှပြတိုက်တစ်ခုအဖြစ် စတင်တည်ထောင်ခဲ့သည်။ ထိုပြတိုက်ကို အရှေ့တိုင်းစာမူများသိမ်းဆည်းခြင်း၊ လာရောက်လေ့လာသည့် ဧည့်သည်များအတွက် ခင်းကျင်းပြသခြင်း၊ အရှေ့တိုင်းလေ့လာမှုများအတွက် သိပ္ပံနှင့်စည်းရုံးရေးစင်တာအပြင် ပညာရေးဆိုင်ရာ သုတေသနအတွက် စာကြည့်တိုက်တစ်ခုအဖြစ် အသုံးပြုခဲ့သည်။ ၂၀ ရာစုအစ ပြတိုက်တည်ထောင်သည့် နှစ် ၁၀၀ ပြည့် နှစ်ပတ်လည်တွင် ပြတိုက်သည် အရှေ့တိုင်းဘာသာစကား ၄၅ မျိုးဖြင့် စာမူများစုစည်းထားသော အဓိကဗဟိုချက်နေရာဖြစ်လာခဲ့သည်။ ၁၉၂၀ - ၁၉၃၀ ပြည့်နှစ်တွင် သိပ္ပံအကယ်ဒမီ၏ အရှေ့တိုင်းဌာနကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး ဆိုဗီယက်ပြည်ထောင်စု၏ သိပ္ပံအကယ်ဒမီအောက်ရှိပြတိုက်ကိုအခြေခံ၍ အရှေ့တိုင်းလေ့လာရေးအင်စတီကျုကိုဖွဲ့စည်းခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စု၏ ဦးဆောင်မှုအောက်တွင် နိုင်ငံရေးဆိုင်ရာများအပြင် အခြေခံသုတေသနလုပ်ငန်းများကိုပါ တာဝန်ပေးအပ်စေခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် **စာမျက်နှာ ၂၀ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၅ ရက်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University (FEFU) အတွင်းရှိ Medical School တွင် လှည့်လည်ကြည့်ရှုလေ့လာစဉ်။

**စာမျက်နှာ ၁၉ မှအဆက်**

ရုရှားသိပ္ပံအကယ်ဒမီသည် အရှေ့တိုင်းလေ့လာရေးအင်စတီကျုကို ၎င်း၏ စိန့်ပီတာစဘတ်ဌာနခွဲမှ ခွဲထွက်ခဲ့ပြီး နောက်ပိုင်းတွင် Institute of Eastern Manuscripts အဖြစ် သီးခြားရပ်တည်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် ရုရှားအစိုးရသည် အရှေ့တိုင်းလေ့လာရေးအင်စတီကျု၏ထိန်းချုပ်မှုကို အခြားသော သိပ္ပံအကယ်ဒမီပညာရပ်ဆိုင်ရာအဖွဲ့အစည်းအားလုံးနှင့်အတူ အစိုးရအေဂျင်စီ Federal Agency for Scientific Organizations (FASO) သို့ လွှဲပြောင်းပေးခဲ့ပါသည်။

ယခုအခါ ရုရှားသိပ္ပံအကယ်ဒမီ၏ အရှေ့တိုင်းလေ့လာရေး အင်စတီကျုသည် အရှေ့တိုင်းယဉ်ကျေးမှုနှင့်သမိုင်းကြောင်းများ၊ စီးပွားရေးနှင့်နိုင်ငံရေး၊ အာရှနှင့် မြောက်အာဖရိကနိုင်ငံများ၏ ဘာသာစကားများနှင့် စာပေများကိုလေ့လာသည့် သုတေသနစင်တာအဖြစ် တိုးတက်ဖြစ်ထွန်းလာခဲ့ပါသည်။ အင်စတီကျုမှ မွေးထုတ်ပေးလိုက်သည့်သူများမှာလည်း စွမ်းဆောင်ရည်မြင့်မားသည့်အတွက် ၁၉၈၀ ပြည့်နှစ်တွင် Order of the Red Banner of Labour တံဆိပ် ချီးမြှင့်ခြင်းခံခဲ့ရသည်ကို တွေ့ရှိရသည်။ ရုရှားသိပ္ပံအကယ်ဒမီ၏ အရှေ့တိုင်းလေ့လာရေးအင်စတီကျုတွင် ဌာနပေါင်း ၁၉ ခုဖြင့်ဖွဲ့စည်းထားပြီး သိပ္ပံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နိုင်ငံတကာအစီအစဉ်များ၊ သုတေသနပရောဂျက်များနှင့် ထုတ်ဝေခြင်းအစီအစဉ်များ၊ နိုင်ငံတကာအရှေ့တိုင်းအသင်းများနှင့် စီးပွားရေး၊ ယဉ်ကျေးမှုနှင့်လူသားချင်းစာနာမှု ပူးပေါင်းဆောင်ရွက်ခြင်း စသည်ဖြင့် မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအတွက်မူ လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း မြန်မာနိုင်ငံ၏ဘာသာစကား၊ မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာများကို လေ့လာခဲ့ကြ၏။

နိုင်ငံတစ်နိုင်ငံ၏အကြောင်းအရာများကို သုတေသနပြုလေ့လာရာတွင် နိုင်ငံ့အကြီးအကဲများ၏ နိုင်ငံအပေါ်ထားရှိသည့် စိတ်ထားနှင့် ဦးဆောင်မှုအပေါ်လည်း လေ့လာကြသည်မှာ ပကတိအမှန်တရားပင်ဖြစ်၏။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ယခင် NLD အစိုးရ၏ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံတော်အာဏာအား မဲမသမာမှုနည်းလမ်းဖြင့် အတင်းအဓမ္မရယူရန် ကြိုးပမ်းခဲ့သည်ကို တားဆီးနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်တွင် ဒီမိုကရေစီကျင့်စဉ်နှင့်ဆန့်ကျင်ဘက် လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်ကို လုပ်ဆောင်နေသည့် အကြမ်းဖက်သမားများသည် အပြစ်မဲ့ပြည်သူများနှင့် စစ်ရေးပစ်မှတ်မဟုတ်သည့်နေရာများကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား တိုက်ခိုက်လာကြသည်။ တိုင်းပြည်တည်ငြိမ်ရေးနှင့် အစိုးရယန္တရားရပ်ဆိုင်းသွားစေရန် နည်းမျိုးစုံဖြင့်ဆောင်ရွက်ခဲ့၏။ ပြည်ပမှ ရုပ်သံများ၊ သတင်းဌာနများစွာက အခကြေးငွေရယူ၍ ဝါဒမှိုင်းအမျိုးမျိုးဖြင့် ပြည်သူနှင့် အစိုးရ၊ တပ်မတော်အား ဝါဒဖြန့်အမုန်းတရားရိုက်သွင်းကာ ရန်တိုက်သွေးခွဲခဲ့သည်။ နိုင်ငံတော်အကြီးအကဲနှင့် လက်အောက်ခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စိတ်ရှည်သည်းခံစွာ ဥပဒေနှင့်အညီဆောင်ရွက်မှုအပေါ် အခွင့်အရေးယူကာဆောင်ရွက်ခဲ့၏။ အဓမ္မသည် ဓမ္မကိုမယှဉ်နိုင်၊ မမှန်တရားသည် အချိန်တန်သည်နှင့် အမှန်တရားအဖြစ်ထွက်ပေါ်လာသည်။ တိုင်းပြည်ပျက်စီးအောင်လုပ်သူများက အချိန်ကြာလာသည်နှင့်အမျှ ကျရှုံးပျက်သုဉ်းနေမည်သာဖြစ်ပါသည်။

ထိုကဲ့သို့ အခြေအနေများကြားတွင် နိုင်ငံတော်ကို ဦးဆောင်မှုပေးရသည်က မလွယ်ကူချေ။ ပြည်တွင်း၊ ပြည်ပ အတားအဆီး အနှောင့်အယှက်မျိုးစုံကြားတွင် နိုင်ငံတော်မယိမ်းမယိုင်စေရေး ထိန်းသိမ်းဖြတ်သန်းရသည့် နိုင်ငံ့ခေါင်းဆောင်တစ်ဦး၏ ဦးဆောင်ဖြတ်သန်းမှုသည် ထက်မြက်သောအတွေးအခေါ်နှင့် နက်ရှိုင်းသောနှလုံးသားခံစားချက်တို့ဖြင့်သာ ဖြတ်သန်းနိုင်မည်ဖြစ်၏။ နိုင်ငံတော်အကြီးအကဲ၏ မြန်မာနိုင်ငံသား တိုင်းရင်းသားပြည်သူများအပေါ် ငြိမ်းချမ်းရေးနှင့်စည်းလုံးညီညွတ်ရေး လက်တွဲပူးပေါင်း ဦးဆောင်ဆောင်ရွက်မှု၊ တရားမျှတမှုအားအခြေခံသည့် နိုင်ငံရေးလုပ်ငန်းစဉ် ဆောင်ရွက်မှုများအား ပွင့်လင်းမြင်သာဆောင်ရွက်နေမှုတို့အပေါ် ရုရှားသိပ္ပံအကယ်ဒမီ၊ အရှေ့တိုင်းလေ့လာရေးအင်စတီကျုအနေဖြင့် သုတေသနပြု လေ့လာမှတ်တမ်းတင်ထားခဲ့ပါသည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါကာလအတွင်း မြန်မာနိုင်ငံအစိုးရသည် နိုင်ငံရေးနှင့်စီးပွားရေးအကျပ်အတည်းအား တစ်ပြိုင်နက်ဖြေရှင်းခဲ့ရသည်မှာလည်း ကောင်းမြတ်သော မှတ်တမ်းတစ်ခုပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် ၂၀၁၈ ခုနှစ်က စတင်ပြီး စီးပွားရေးဆိုင်ရာနှင့်ကုန်သွယ်မှုဆိုင်ရာ စီမံခန့်ခွဲမှုအားနည်းချက်များအပြင် ကိုဗစ်-၁၉ ရောဂါ၏ ကန့်သတ်မှုများကြောင့် နိုင်ငံ့စီးပွားရေးသည် ကျဆင်းခဲ့ရသည်။ တိုင်းပြည်သည် နိုင်ငံခြားဝင်ငွေများရရှိခဲ့ခြင်းမရှိခဲ့ဘဲ ပြည်ပက သွင်းကုန်များကိုသာ တင်သွင်းခဲ့မှုများကြောင့် ကုန်သွယ်မှုလိုငွေများစွာ ဖြစ်ပေါ်ခဲ့ရသည်။ ထို့ပြင် အချို့သောနိုင်ငံတော်အဆင့်နှင့် ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၏ အဂတိလိုက်စားမှုကိစ္စရပ်များသာမက မလျော်ကန်သည့် အာဏာသုံးဆောင်ရွက်မှုများကြောင့် တိုင်းပြည်၏စီးပွားရေးသည် များစွာထိခိုက်နစ်နာ ဆုံးရှုံးခဲ့ရမှုများရှိခဲ့သည်။ ထိုသို့သော အခြေအနေအရပ်ရပ်ကြောင့် တိုင်းပြည်သည် တိုးတက်သင့်သလောက် မတိုးတက်ဘဲ ဒေသတွင်းနိုင်ငံများနှင့်ယှဉ်လျှင် နောက်ကျကျန်ရစ်ခဲ့ရသည်။

နိုင်ငံတော်အကြီးအကဲသည် တာဝန်ထမ်းဆောင်ခဲ့သည့်ကာလအတွင်း ပြည်ပချေးငွေနှင့်ထောက်ပံ့ငွေများရရှိခဲ့မှု မရှိသော်လည်း နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးအား ရသမျှသော ခွန်အားဖြင့်ဆောင်ရွက်ခဲ့ရသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှ ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် စီးပွားရေးတိုးတက်မှုနှုန်း အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့ရာမှ ကြားကာလ ၆ လစီမံကိန်း အကောင်အထည်ဖော်မှုတွင် ၂ ဒသမ ၄ ရာခိုင်နှုန်း၊ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်းအထိ ပြန်လည်တိုးတက်လာခဲ့သည်။ နိုင်ငံအကြီးအကဲတစ်ဦး၏ စီးပွားရေးအခြေခံ သဘောတရားများအပေါ် သိရှိနားလည်သည်သာမက အဆင့်ဆင့်ဖြတ်သန်းခဲ့ရသော ဘဝအတွေ့အကြုံမှရရှိခဲ့သည့် အတွေးအခေါ်အသိများက နိုင်ငံတစ်နိုင်ငံ ယိမ်းယိုင်နေသောအခြေအနေမှ အကောင်းဆုံးရုန်းထွက်နိုင်ခြင်း၏ သာဓကပင်ဖြစ်သည်။ ယနေ့ နိုင်ငံတော်အကြီးအကဲ၏လုပ်ဆောင်ချက်များသည် မိမိစိတ်ခံစားချက်အပေါ် ဦးစားပေးလုပ်ဆောင်နေခြင်းမဟုတ်ဘဲ နိုင်ငံတော်အတွက် အကောင်းဆုံးဖြစ်မည့် လမ်းကြောင်းကို ရေရှည်မြော်မြင်မှု၊ ဆင်ခြင်တုံတရားလက်ကိုင်ထား၍ သတိတရားဖြင့် တည်ဆောက်နေခြင်းဖြစ်သည်ကို တွေ့ရသည်။ ဆင်ခြင်စဉ်းစားနိုင်စွမ်းမရှိသူအတွက် စိတ်ခံစားမှုသည် အဓိကဖြစ်သောကြောင့် လုပ်ချင်ရာကိုလုပ်တတ်သည့်သဘောရှိ၏။ လုပ်သင့်သည်ကိုမလုပ်ကိုင်ဘဲ လျစ်လျူရှု၏။ သုတေသနပြုသူတို့သည် ထိုမျှသောအခြေခံအချက်အပေါ်က စိစစ်ကြည့်ရှုသုံးသပ်လေ့လာ၏။ ရုရှားသိပ္ပံအကယ်ဒမီအနေဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအပေါ်တွင်လည်း သုတေသနပြု၍ စိစစ်သုံးသပ်အကဲဖြတ်ခဲ့ကြသည်။

ကိုဗစ်-၁၉ ရောဂါကာလအတွင်း ရောဂါကြိုတင်ကာကွယ်ရေး၊ ကုသရေးလုပ်ငန်းစဉ်များနှင့် ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများတွင် မိမိရင်ဝယ်သားကဲ့သို့ သဘောထားကာ အယုတ်၊ အလတ်၊ အမြတ်၊ ရန်သူ၊ မိတ်ဆွေမရွေး လူသားချင်းစာနာထောက်ထားမှုများစွာကိုလည်း စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်အကြီးအကဲသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ရေရှည်အကျိုးစီးပွားအတွက် မှတ်ကျောက်တင်ထူးခြားသည့် စွမ်းဆောင်မှုများဖြင့်သာ အလေးပေးဆောင်ရွက်ခဲ့၏။ နိုင်ငံ့ခေါင်းဆောင်တစ်ယောက်အနေနှင့် ကမ္ဘာ့အင်အားချိန်ခွင်လျှာမျှတရေးအတွက် အမြော်အမြင်ရှိရှိ ဉာဏ်ပညာပြည့်ဝစွာဖြင့် ရုရှားခေါင်းဆောင်နှင့်အတူ အတူတကွပူးပေါင်းဆောင်ရွက်နေသည်မှာ မြန်မာ့နိုင်ငံရေးသမိုင်း၏ မော်ကွန်းတင်မည့် စွမ်းဆောင်ရည်များပင်ဖြစ်၏။ ထို့ကြောင့် မြန်မာ့နိုင်ငံရေးသမိုင်းအား စဉ်ဆက်မပြတ်သုတေသနပြုလေ့လာနေပြီး ရုရှားသိပ္ပံအကယ်ဒမီ၊ အရှေ့တိုင်းလေ့လာရေးအင်စတီကျု၏ ပညာရေးကောင်စီက မငြင်းပယ်နိုင်လောက်အောင် တညီတညွတ်တည်းမဲခွဲဆုံးဖြတ်ခဲ့ပြီး **"ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့"** အား ပေးအပ်ခဲ့ရသည်။

အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားတို့၏ နိုင်ငံတော်ကြီးစည်းလုံးညီညွတ်ပြီး သာယာဝပြောလာအောင် စောင့်ရှောက်ခဲ့သည့် ရွှေမြန်မာမင်းတို့၏ စွမ်းဆောင်မှုများအား ယနေ့ နောင်လာနောက်သားများက အစဉ်အမြဲကျေးဇူးတင်ဦးခိုက်နေလျက်ရှိပါသည်။ ယနေ့ နိုင်ငံတော်အကြီးအကဲ၏ စွမ်းဆောင်မှုများအားလည်း ပြည်ပအင်အားကြီးနိုင်ငံက အသိအမှတ်ပြုသကဲ့သို့ နောင်ဝယ် ငယ်သားများကလည်း အသိအမှတ်ပြုလေးစားအားကျနေမည်သာဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် **"အကောင်းမြင်စိတ်မရှိသူက အခွင့်အရေးကို အခက်အခဲဟုသာမြင်မိဖြစ်၏။ အပြုသဘောစိတ်ဓာတ်ရှိသူက အခက်အခဲကို အခွင့်အရေးဟုသာမြင်မိဖြစ်၏။"** နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ကြုံတွေ့လာသော အခက်အခဲအခြေအနေအရပ်ရပ်အပေါ် နာယကဂုဏ်ခြောက်ပါးဖြင့်သာ ဦးဆောင်ဦးရွက်ပြု ဆောင်ရွက်ခဲ့သည်မှာ သမိုင်းသက်သေတည်နေပြီဖြစ်၏။ ကမ္ဘာ့ထိပ်တန်းနေရာတွင် ရပ်တည်လျက်ရှိပြီး စွမ်းရည်ထက်မြက်သူများကိုသာ မွေးထုတ်ပေးလျက်ရှိသည့် ရုရှားသိပ္ပံအကယ်ဒမီ၊ အရှေ့တိုင်းလေ့လာရေးအင်စတီကျုမှ ပေးအပ်သည့် လက်ခံရယူရန်ခက်ခဲသည့် **"ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့"**ကို လက်ခံရရှိခဲ့သည့် နိုင်ငံတော်အကြီးအကဲ၏ စွမ်းဆောင်ချက်များအပေါ် ထိုက်တန်စွာ အသိအမှတ်ပြု လေးစားဂုဏ်ယူမိပါတော့၏။ ။

**မောင်မျိုးအောင်(ပန်းရော)**

## မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားအသစ်များ အချိန်မီ ပြောင်းလဲတပ်ဆင်ရန် အများပြည်သူသို့ ထပ်မံအသိပေးနှိုးဆော်

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မှတ်ပုံတင် မော်တော်ယာဉ်များအားလုံးကို ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်အပြီး ဖောင်းကြွနံပါတ်ပြားပုံစံအသစ် ပြောင်းလဲတပ်ဆင်ကြရန် အသိပေးနှိုးဆော်ချက်များ ထုတ်ပြန်ပြီး လာရောက်လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အတတ်နိုင်ဆုံး အဆင်ပြေအောင် လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ သတ်မှတ်ကာလစေ့ရောက်ပြီဖြစ်သော်လည်း ဖောင်းကြွနံပါတ်ပြားပုံစံအသစ်ပြောင်းလဲ တပ်ဆင်ရန် ယာဉ်အချို့ ကျန်ရှိနေသည့်အတွက် ၂၀၂၃ ခုနှစ် ဧပြီလကို ပညာပေးကာလအဖြစ် သတ်မှတ်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပညာပေးကာလကျော်လွန်ပါက လိုအပ်သည့်စစ်ဆေးအရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သက်ဆိုင်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရုံးများသို့ ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားပုံစံအသစ်များ အမြန်ဆုံးပြောင်းလဲတပ်ဆင်ကြရန် ထပ်မံ အသိပေးနှိုးဆော်အပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## သဇင်(FM) အသံလွှင့်အစီအစဉ်

၅-၄-၂၀၂၃ (ဗုဒ္ဓဟူးနေ့)

၁။ ၀၈:၀၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့ လက်ဆောင်
၂။ ၁၂:၁၅ Special Music Time
၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၆:၂၀ K Pop
၅။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

# နှစ်သစ်ကူးသကြၤန်ပွဲတော်တွင် မြောက်ဦးယဉ်ကျေးမှုဒေသသို့ လာရောက်လေ့လာအပန်းဖြေကြမည့် ခရီးသွားများအတွက် နိုင်ငံပိုင်မြောက်ဦးဟိုတယ်နှင့် ပုဂ္ဂလိကဟိုတယ်များ ဖွင့်လှစ်သွားမည်



**ရန်ကုန် ဧပြီ ၄**

ယခုနှစ် သင်္ကြန်ကာလတွင် ရခိုင်ပြည်နယ် ရှေးဟောင်းမြို့တော်ဖြစ်သော မြောက်ဦးယဉ်ကျေးမှုဒေသ၌ နှစ်သစ်ကူးသင်္ကြန်ပွဲတော်၊ ဘုရားပွဲတော်နှင့် စေတီပုထိုးများကို လေ့လာကြည့်ရှုအပန်းဖြေကြမည့် ခရီးသွားများအတွက် စိတ်အေးချမ်းသာစွာ တည်းခိုနေထိုင်နိုင်ရန် နိုင်ငံတော်ပိုင်မြောက်ဦးဟိုတယ်နှင့် ပုဂ္ဂလိကဟိုတယ်များကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။

ယခုနှစ် ရခိုင်ရိုးရာရေသဘင်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပရန် စီမံဆောင်ရွက်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်နားထားခဲ့သော ဘုရားပွဲတော်များကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ရခိုင်ပြည်နယ်အတွင်းရှိ မဟာမုနိဘုရား၊ ထုက္ကံသိမ်ပုထိုးတော်၊ အံတော်သိမ်၊ လေးမျက်နှာပုထိုးတော်၊ လောင်ဗန်းပြောက်စေတီတော်၊ ဇောမိရွှေဂူစေတီ၊ မင်္ဂလာမာန်အောင်စေတီ၊ရတနာ့မာန်အောင်စေတီ၊ သကျမာန်အောင်စေတီ၊ လောကမာန်အောင်စေတီ၊ ဇိနာမာန်အောင်စေတီ၊ ဘုရားပေါ်စေတီ၊ရတနာပုံစေတီ၊ရွှေကြာသိမ်စေတီ၊ စန္ဒမုနိဆင်းတုတော်၊ မြတန်ဆောင်းစေတီ၊ ထူပါရုံစေတီ၊ သာရပဗ္ဗတစေတီ၊ ပြည်စိုးကြီးစေတီနှင့် အနော်မာဘုရားတို့သည် လူသိများထင်ရှားသော စေတီ၊ ပုထိုးများဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ ခရီးသွားအများအပြား ဖူးမြော်လည်ပတ်ကြသည်။

ရခိုင်ပြည်နယ် မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုဒေသသို့ လာရောက်လည်ပတ်ကြမည့် ခရီးသွားများနှင့် သင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲကြမည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားများတည်းခိုနိုင်ရန် နိုင်ငံတော်ပိုင်မြောက်ဦးဟိုတယ်ကို ဧပြီ ၉ ရက်တွင် အခန်း ၃၃ ခန်းဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ပြီး အဆိုပါ မြောက်ဦးဟိုတယ်တွင် ထိုင်းဘုရင့်သမီးတော် သီရိဒုံ တည်းခိုနေထိုင်ခဲ့သောအဆောင်ကို လေ့လာနိုင်ကြည့်ရှုနိုင်မည်ဖြစ်သည်။

မြောက်ဦးခရီးစဉ်အတွက် လေကြောင်းလိုင်းနှင့်အတူ ကုန်းလမ်းနှင့်ရေလမ်းမှ သွားလာနိုင်ရန် ကုမ္ပဏီများက အွန်လိုင်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပြီး ရန်ကုန်မှ စစ်တွေသို့ လေကြောင်းခရီးစဉ်ဖြင့်လည်းကောင်း၊ စစ်တွေမှမြောက်ဦးသို့ ရေလမ်းဖြစ်စေ၊ ကုန်းလမ်းကြောင်းဖြင့်ဖြစ်စေ ခရီးစဉ်များရေးဆွဲ၍ ဝန်ဆောင်မှုပေးလျက်ရှိသည်။ မြန်မာနိုင်ငံအနောက်ဘက် ရခိုင်ပြည်နယ် မြောက်ဘက်နှင့် ကုလားတန်မြစ်အရှေ့ဘက်တွင်တည်ရှိသော ရှေးဟောင်းမြို့တော် မြောက်ဦးမြို့သည် တောင်စွယ်တောင်တန်းများဖြင့် ဝန်းရံလျက်ရှိပြီး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် စေတီ၊ပုထိုးများတည်ရှိသောကြောင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယခုနှစ် သင်္ကြန်ကာလ နှစ်ကူးသင်္ကြန်ပွဲတော်နှင့်အတူ ရှေးဟောင်းအမွေအနှစ်တို့ စုဝေးရာ မြောက်ဦးဒေသသို့ လာရောက်လည်ပတ်ကြမည့် ပြည်တွင်း၊ ပြည်ပခရီးသွားများ စည်ကားမှုဖြင့် ရခိုင်ပြည်နယ်၏ ခရီးသွားကဏ္ဍသည် ပြန်လည်ပွင့်လန်းလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**ညီမ်းသူ(သတင်းစဉ်)၊ဓာတ်ပုံ-ကနူး**

# စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်



**တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။**

**နေပြည်တော် ဧပြီ ၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရောက်ရှိနေသော တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့သည် ယနေ့တွင် စစ်ကိုင်းမြို့နယ် မင်းကွန်းကျေးရွာအုပ်စု မင်းကွန်းဗုဒ္ဓဘာသာ ဘိုးဘွားရိပ်သာ၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူစုစုပေါင်း ၃၅၀ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၁၆ ဦး၊ ခွဲစိတ်ရောဂါ ဦးရေ ၄၀၊ ကလေးရောဂါ ကိုးဦး၊ သားဖွားမီးယပ်ရောဂါ ခြောက်ဦး၊ အရိုးရောဂါ ၂၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၄ ဦး၊ မျက်စိရောဂါ ၁၁၁ ဦး၊ သွားရောဂါ ၂၃ ဦးနှင့် အခြားရောဂါ ခြောက်ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့အနက်မှ မျက်စိခွဲစိတ်လူနာ လေးဦးတို့ကို ရွေ့လျားခွဲစိတ်ယာဉ်ဖြင့် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၂၂ ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၉၇ ဦးတို့ကို ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်နှင့် ရွေ့လျားဓာတ်ခွဲခန်းယာဉ်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူ တစ်ဦးကို နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ၎င်းအပြင် ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများ စားသောက်ရေးအဆင်ပြေစေရန်အတွက် တာဝန်ရှိသူများက နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က စစ်ကိုင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

☆ **ကျောဖုံးမှအဆက်**

ဆိုက်ကပ်ရောက်ရှိလျက်ရှိရာ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်းမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းကြီးကြပ်ရေး ဦးစီးဌာနမှ ဦးနိုင်ဝင်းထွန်းက စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ၏ တာဝန်ပေးအပ်ချက်အရ စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ စစ်ဆေးရေးအရာရှိချုပ် ဦးဆောင်သော ဝန်ထမ်းများနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ဝန်ထမ်းများက သီလဝါဆိပ်ကမ်းဒေသရှိ စက်သုံးဆီသိုလှောင်ကန်စခန်း Jetty များသို့ ရောက်ရှိဆိုက်ကပ်လာသည့် စက်သုံးဆီတင်ဆောင်လာသော Tanker များတွင် စက်သုံးဆီပါရှိမှုနှင့် Terminal သိုလှောင်ကန်များမှ လက်ခံရရှိမှုတို့ကို တိုင်းတာခြင်းနှင့် Terminal များမှ စက်သုံးဆီအရောင်းဆိုင်များနှင့် အခြားကဏ္ဍများသို့ စက်သုံးဆီဖြန့်ဖြူးပေးမှုများကို အနီးကပ်ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ သီလဝါ Terminal များမှ စက်သုံးဆီဖြည့်တင်းပြီး ထွက်ခွာသွားသည့် ဆီတင်ယာဉ်များသည် စက်သုံးဆီအရောင်းဆိုင်များသို့ အမှန်တကယ်ရောက်ရှိခြင်း ရှိ၊ မရှိနှင့် စက်သုံးဆီ အရောင်းဆိုင်များတွင် သတ်မှတ်ရည်ညွှန်းဈေးနှုန်းအတိုင်းရောင်းချခြင်း ရှိ၊ မရှိ တို့ကို ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများက ကြီးကြပ်စစ်ဆေးလျက်ရှိကြောင်း၊ စက်ရုံ အလုပ်ရုံများနှင့် အခြားကဏ္ဍလုပ်ငန်းများအတွက်လည်း စက်သုံးဆီများကို ခွင့်ပြုပေးလျက်ရှိပြီး စက်သုံးဆီအလုံအလောက်ရှိကြောင်း ပြောကြားသည်။

စက်သုံးဆီတင်သင်္ဘောကြီးများ မြန်မာနိုင်ငံသို့ရောက်ရှိမှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်း ပြန်ကြားရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်က "အခုလက်ရှိသီလဝါ Terminal နဲ့ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ စက်သုံးဆီအခြေအနေကို တင်ပြရမယ်ဆိုရင် 92 ဆိုရင် ၄၃၃၇၄၀၅ ဂါလန်ရှိပါတယ်၊ 95 မှာဆိုရင် ၁၀၄၈၀၅၁၄ ဂါလန်ရှိပါတယ်၊ 97 မှာဆိုရင် ၁၇၂၇၄၀၃ ဂါလန်ရှိပြီး ဒီဇယ်မှာဆိုရင် ၃၀၉၃၂၂၉၉ ဂါလန်ရှိပါတယ်၊ ပရီမီယံကတော့ ၂၉၇၈၉၄၅ ဂါလန် ဒီနေ့စာရင်းဖွင့် ကန်တိုင်းတွေအရဖြစ်ပါတယ်၊ ရက်အနေနဲ့ပြောမယ်ဆိုရင်တော့ 97 ကလွဲရင် ရက် ၃၀ အတွက် အကုန်လုံးကျန်ရှိနေပါတယ်၊ လေးလပိုင်း ၁၅ ရက်အတွင်းမှာတော့ သင်္ဘောအစီးရေ ၁၃ စီး လောက်ရောက်ရှိမှာဖြစ်ပါတယ်၊ တန်အရေအတွက်ပြောရရင်တော့ ၂၁၈၀၁၄ တန် ဖြစ်ပါတယ်။ ဂါလန်အရဆိုရင်တော့ ၆၀၈၃၇၃၀၈ ဂါလန်ဟာ ၁၅ ရက်အတွင်း ရောက်ရှိမှာဖြစ်ပါတယ်။ အနီးစပ်ဆုံးရောက်ရှိမှာကတော့ ၅ ရက်နေ့မှာဆိုရင် တန် ၁၆၀၀၀၊ ဂါလန်အရဆိုရင် ဂါလန် ၄၇၉၃၉၂၀ ဝင်မှာ ဖြစ်ပြီးတော့ ငါးရက်အတွင်းမှာ သင်္ဘောသုံးစီးဝင်ဖို့ရှိပါတယ်၊ ဒီကနေ့ သီလဝါဆိပ်ကမ်းဒေသက Terminal တွေမှာ သိုလှောင်ထားရှိတဲ့ စက်သုံး ဆီ လက်ကျန်အခြေအနေကတော့ 92 RON ဂါလန် ၄၁ သန်းကျော်၊ 95 RON ဂါလန် ၁၀ သန်းကျော်၊ 97 RON ဂါလန် ၁ ဒသမ ၇ သန်းကျော်၊ ဒီဇယ်ဆီဂါလန် ၁၉ သန်းကျော်၊ ပရီမီယံဒီဇယ်ဂါလန် ၁၈ သန်းကျော်ရှိနေပါတယ်"ဟု ပြောကြားသည်။

မြန်မာနိုင်ငံတွင် စက်သုံးဆီသုံးစွဲသူများ အဆင်ပြေစိတ်ချမ်းသာစွာ သုံးစွဲနိုင်ရန်အတွက် သင်္ကြန်မတိုင်မီနှင့် သင်္ကြန်ပြီးကာလများတွင်လည်း စက်သုံးဆီ Tanker များ စဉ်ဆက်မပြတ်ဝင်ရောက်နိုင်ရန် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ထားရှိကြောင်း မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ကိုကိုဇော်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကျင်းပ





**မန္တလေး မေ ၄**

နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည့် အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး သုံးထပ်ဆောင် အစည်းအဝေးခန်းမတွင် မေ ၃ ရက် မွန်းလွဲပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအတွင်းရေးမှူး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လွင်က မန္တလေးတိုင်းဒေသကြီးအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ လွှဲပြောင်းပေးအပ်လာသည့် ငွေကျပ် ရှစ်ဘီလီယံနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအတွင်းရေးမှူး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့်အခါ လိုက်နာကျင့်သုံးရမည့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်လည်းကောင်း၊ SOP ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည့် အကြောင်းအရာများနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးတင်ပြအကြံပြုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်က ခွဲဝေပေးထားသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ရှစ်ဘီလီယံကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ အဓိကရည်မှန်းဦးတည်ချက်များကို အောင်မြင်အောင်နှင့် အကျိုးရှိရှိ ထိထိရောက်ရောက် ဖြစ်အောင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ယခုရန်ပုံငွေမှာ အများ ပြည်သူနှင့်သက်ဆိုင်သည့် ပြည်သူ့ဘဏ္ဍာငွေများဖြစ်သည့်အတွက် သုံးစွဲသည့်နေရာတွင် ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြ အကြံပြုချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၂ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်

**နေပြည်တော် မေ ၅**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၂ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာစာအုပ်ကို(အင်္ဂလိပ်၊ မြန်မာ)နှစ်ဘာသာဖြင့် ၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် ထုတ်ပြန်သည်။ ယင်းအစီရင်ခံစာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ website ဖြစ်သည့် http://www.unionsupremecourt.gov. mm တွင်လည်း လွှင့်တင်ဖော်ပြထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အပါအဝင် တရားရုံးအဆင့်ဆင့်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် တရားရုံးနှစ်စဉ်အစီရင်ခံစာများကို ၂၀၁၆ ခုနှစ်မှစတင်၍ နှစ်စဉ်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်များမှာ တရားစီရင်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်၊ တရားရုံးများ၏လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်၊ တရားရုံးများအနေဖြင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်နှင့် တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိစေရန်ဖြစ်သည်။

၂၀၂၂ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာကို ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၊ တရားရုံးအသုံးပြုသူများသာမက အများပြည်သူ အလွယ်တကူဖတ်ရှုလေ့လာနိုင်စေရန် တရားရုံးစနစ်နှင့်စီမံခန့်ခွဲမှု၊ ကိုဗစ်-၁၉ ရောဂါကာလအတွင်း အလေးပေးဖော်ပြလိုသည့် ဆောင်ရွက်ချက်များနှင့်အတူ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြီးပမ်းဆောင်ရွက်မှုများ၊ တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှုများနှင့် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း ပဉ္စမနှစ် လုပ်ငန်းအစီအစဉ် (၂၀၂၂)အကောင်အထည်ဖော်ဆောင်ရွက်မှုများဟူ၍ အပိုင်းလေးပိုင်းခွဲခြား၍လည်းကောင်း၊ နောက်ဆက်တွဲများ၊ ပုံပြကားချပ်များဖြင့်လည်းကောင်း ပြုစုထားပါသည်။ တရားရုံးနှစ်စဉ်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်အကြံပြုလိုပါက တရားရုံးနှစ်စဉ်အစီရင်ခံစာ ပြုစုရေးလုပ်ငန်းအဖွဲ့၏ အီးမေးလ် annualreport.ousc@usc.gov.mm သို့ ပေးပို့နိုင်ပါသည်။

# အခမဲ့ သုံးစွဲခွင့်ပြုပါရန် မူပိုင်ခွင့်ရှိသူများထံ မေတ္တာရပ်ခံပန်ကြား

မြန်မာတစ်မျိုးသားလုံး အလေးအမြတ်ထားပြီး ပျော်ရွှင်စွာဆင်နွှဲကြသည့် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလကို ယခင်နှစ်များနည်းတူ ၂၀၂၃ ခုနှစ်တွင်လည်း မြန်မာ့ရိုးရာအစဉ်အလာများနှင့်အညီ ဆင်နွှဲသွားမည်ဖြစ်ပါသည်။ ထိုသို့ဆင်နွှဲရာတွင် ဖျော်ဖြေမှုအနေဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ဌာနဆိုင်ရာများသည် မဟာသင်္ကြန်တေးသီချင်းများကို ဖျော်ဖြေသီဆိုမှုများ၊ တင်ဆက်ကပြမှုများကို ပြုလုပ်သွားမည်ဖြစ်ပါသည်။ ထိုသို့ နိုင်ငံတော်အစိုးရ ကိုယ်စားပြုလုပ်သည့် မြို့တော်ဝန်မဏ္ဍပ်များနှင့် ယခုနှစ်မှ နေပြည်တော်တွင် စတင်ပြုလုပ်မည့် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များတွင် သင်္ကြန်နှင့်သက်ဆိုင်သော တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက အများပြည်သူသို့ အခမဲ့ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ စီးပွားရေးအကျိုးအမြတ်အတွက်မဟုတ်ဘဲ အများပြည်သူ ဖျော်ဖြေရေးအတွက် ရည်ရွယ်ဆောင်ရွက်သော အထက်ပါနေရာများ၌ သီဆိုဖျော်ဖြေခြင်း၊ ထုတ်လွှင့်ဖော်ပြခြင်းများတွင် ပါဝင်သည့် တေးသီချင်းများကို မေတ္တာဖြင့် အခမဲ့သုံးစွဲခွင့်ပြုနိုင်ပါရန် မူပိုင်ခွင့်ရှိသည့် ပညာရှင်ကြီးများကို လေးစားစွာ မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

ထိုသို့အသုံးပြုခွင့်ပေးသည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက သက်ဆိုင်သည့် မူပိုင်ခွင့်ရှိသူ ပုဂ္ဂိုလ်တစ်ဦးချင်းစီကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ Grab Taxi Service ခရီးသွားပို့ဆောင်ရေးဝန်ဆောင်မှု စတင်




**ရန်ကုန် မေ ၄**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြည်တွင်း၊ ပြည်ပခရီးသွားများ လေဆိပ်အကြို၊ အပို့ သွားလာရေးအဆင်ပြေချောမွေ့စေရန် Grab Airport Taxi ခရီးသွားဝန်ဆောင်မှုအသစ်ကို မေ ၃ ရက်မှစ၍ ခရီးသွားများကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း Yangon Aerodrome Company Limited (YACL) မှ သိရသည်။

ခရီးသွားများအနေဖြင့် Grab App ကို အသုံးပြု၍ဖြစ်စေ၊ Grab App မရှိသည့် ခရီးသွားများအနေဖြင့် လေဆိပ်အတွင်းရှိ Grab Taxi Service Counters တို့ရှိ Web-Booking Services မှ တစ်ဆင့် Booking တင်ခြင်းဖြစ်စေ၊ မိမိတို့စီးနင်းလိုက်ပါမည့် အငှားယာဉ်ကို သတ်မှတ်ထားသော စောင့်ဆိုင်းရေိယာအတွင်း၌ အသင့်စောင့်ဆိုင်းစီးနင်းနိုင်စေရန် ဝန်ဆောင်မှုပေးလျက်ရှိသည်။

နိုင်ငံတကာလေဆိပ်၏ အဂ်ါရပ်နှင့်အညီ လေဆိပ်ခရီးသွားတို့၏ သယ်ယူပို့ဆောင်ရေးကဏ္ဍ လုံခြုံစိတ်ချမြန်ဆန်မှုကို အထောက်အကူဖြစ်စေရန် Grab Airport Taxi ဖြင့် ဝန်ဆောင်မှုပေးခြင်းဖြစ်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အနေဖြင့် ၂၀၂၂ ခုနှစ်တွင် လေဆိပ်သို့ရောက်ရှိသော ဆိုက်ရောက်၊ ထွက်ခွာခရီးသည် ၂၁၄၉၂၀၂ ဦးနှင့် လေကြောင်းခရီးစဉ် ပျံသန်းပြေးဆွဲမှု ကြိမ်ရေ ၃၃၇၅၀ ထိဝန်ဆောင်မှု ပေးနိုင်ခဲ့ကြောင်းသိရသည်။

**ဓာတ်ပုံ–ကနူး(သတင်းစဉ်)**

# မေ ၄ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**နေပြည်တော် မေ ၄**

မေ ၃ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁၉၀ ကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၄၀၈၆ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၅၆၄ ဦး |

# ပလက်ဝမြို့နယ် မြိတ်ဝကျေးရွာရှိ ယာယီခိုလှုံရာစခန်း၌ ခေတ္တခိုလှုံနေထိုင်လျက်ရှိသော ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို ထောက်ပံ့ငွေနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် မေ ၄**

ချင်းပြည်နယ် ပလက်ဝမြို့နယ် မြိတ်ဝကျေးရွာရှိ ယာယီခိုလှုံရာစခန်း၌ ခေတ္တခိုလှုံနေထိုင်လျက်ရှိသော ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ထောက်ပံ့ငွေနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နေ့လယ်ပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်များအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် ငွေကျပ် သိန်း ၁၅၀ ကျော်နှင့် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ပံ့သည့် စားသောက်ကုန်ပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို ထောက်ပံ့ငွေနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။

# ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်အမျိုးသား ငါးဦးနှင့် အမျိုးသမီး သုံးဦးတို့ကို ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၄**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်းသင်တန်းများတက်ရောက်ခဲ့ပြီးပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့နေ့လယ်ပိုင်းတွင်လည်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် နယ်မြေခံ သင်တန်းကျောင်းခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်းအခမ်းအနားကို ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ခရိုင်၊မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်နှင့် သာစည်မြို့နယ်တို့အတွင်းရှိ PDF အဖွဲ့ဝင် အမျိုးသား ငါးဦးနှင့် အမျိုးသမီး သုံးဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။

PDFအပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်မည်ဆိုပါကကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရကထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDFအဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။



ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့ဝင် အမျိုးသား ငါးဦးနှင့် အမျိုးသမီး သုံးဦးတို့ကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်ပွဲ ကျင်းပစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ဆန်၊ ဆီနှင့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# ဟိုမိန်းမြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို တွေ့ဆုံ

**နေပြည်တော် မေ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုမိန်းမြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့်ဌာနဆိုင်ရာဝန်ထမ်းများကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက အဆိုပါမြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်း၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ထို့နောက် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဆင်းပွဲကျင်းပစဉ်။

# ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဆင်းပွဲပြုလုပ်

**နေပြည်တော် မေ ၄**

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များတွင် နေ့ကလေးထိန်းဌာနများနှင့် မူကြိုကျောင်းများ ဖွင့်လှစ်နိုင်ရန်ရည်ရွယ်၍ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ဇလမင်းထင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသူများနှင့် မူကြိုကလေးငယ်များ တက်ရောက်ကြသည်။

ဦးစွာ သင်တန်းသူများက မူကြိုကျောင်းဖွင့်လှစ်၍ မူကြိုကလေးငယ်များအား သင်ကြားပြသမှုများကို သရုပ်ပြသ၍ ပုံပြင်များ၊ သီချင်းများဖြင့် သရုပ်ပြဖျော်ဖြေကြသည်။ ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးကသင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး တိုင်းမှူးနှင့်တာဝန်ရှိသူများက သင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများကို ဂုဏ်ပြုလက်ဆောင်များပေးအပ်ကြသည်။

အဆိုပါသင်တန်းကို သင်တန်းသူ ၄၅ ဦးဖြင့် မတ် ၆ ရက်မှ ယနေ့ထိ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။


# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG နှင့်ဆက်သွယ်၍ Federal School of Aung Myay Thar Zan အမည်ဖြင့် Online မှတစ်ဆင့် တရားမဝင်ပညာသင်ကြားမှုများကို ဦးဆောင်သူ အိရွှေစင်မြင့် အပါအဝင် ၁၅ ဦးကို ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၄**

နိုင်ငံတော်အစိုးရ၏ ပညာရေးစနစ် ပျက်ပြားစေရန်ရည်ရွယ်၍ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG ၏ နောက်ကွယ်မှ အားပေးအားမြှောက်မှုရယူကာ Federal School of Aung Myay Thar Zan အမည်ဖြင့် တရားမဝင်ပညာသင်ကြားခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်နေကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက စိစစ်ဖော်ထုတ်မှုများပြုလုပ်ခဲ့ရာ မတ် ၂၂ ရက်တွင် Federal School of Aung Myay Thar Zan၏ ကျောင်းတာဝန်ခံ အိရွှေစင်မြင့်ကို မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိတရားခံ အိရွှေစင်မြင့်ကို စစ်ဆေးဖော်ထုတ်ချက်များအရ တရားမဝင် Federal School of Aung Myay Thar Zan တွင် သင်ကြားရေးဆောင်ရွက်နေသော တင်တင်လတ်၊ စန်းစန်းဝင်း၊ ခိုင်မာသန်း၊ နေကြည်ဝင်း၊ ခင်ကြည်မာဝေ၊အေးမြတ်မွန်၊ကျော်စန်းထွေး၊ ဇော်မျိုးထွန်း၊ ခင်နွယ်ဦး၊ ယဉ်ယဉ်မင်း၊ ခင်မြတ်နိုး၊ ခိုင်မာဖြိုး၊ အိအိအောင်နှင့် ချောစုသန်း စုစုပေါင်း ၁၄ ဦးတို့ကို ၎င်းတို့နေအိမ်အသီးသီး၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG ၏ စေခိုင်းချက်ဖြင့် Federal School of Aung Myay Thar Zan ကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ Online စနစ်ဖြင့် ဖွင့်လှစ်သင်ကြားခဲ့ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများထံမှကောက်ခံရသည့် ငွေကြေးများကို ရဟန်းသံဃာများ၊ ဆရာ၊ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်း၊ နိုင်ငံတော်ပိုင်အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်းများပြုလုပ်နေသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသို့ ထောက်ပံ့ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။




သို့ဖြစ်၍ Federal School of Aung Myay Thar Zan အမည်ရှိ တရားမဝင်စာသင်ကြားမှုတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ဖမ်းဆီးရမိတရားခံ ၁၅ ဦးကို ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင် ဆောင်ရွက်နေသူများကိုလည်း ဖော်ထုတ်ဖမ်းဆီး၍ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။ထို့ပြင်တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် စာရင်းပေးသွင်း၍ အတန်းများတက်ရောက်စေခဲ့သော မိဘများနှင့် ကျောင်းသား၊ကျောင်းသူများကိုပါ ဆက်လက်ဖော်ထုတ်၍ တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

မိဘပြည်သူများအနေဖြင့် မိမိတို့၏ သားသမီးများကို နိုင်ငံတော်အစိုးရက ဖွင့်လှစ်ထားသော စာသင်ကျောင်းများတွင်သာ ကျောင်းအပ်နှံတက်ရောက်စေရေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် တရားမဝင်စာသင်ကျောင်းများတွင်ကျောင်းအပ်နှံခြင်းမပြုရန်၊ တရားမဝင်စာသင်ကြားမှုပြုလုပ်နေသည့် စာသင်ကျောင်းများနှင့် ပတ်သက်၍ သတင်းရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာဆက်သွယ်သတင်းပေးပို့စေလိုကြောင်း သတင်းထုတ်ပြန်အပ်သည်။

# တရားမဝင်သစ်မျိုးစုံ၊ ရေနံထွက်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



**နေပြည်တော် ဧပြီ ၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၂၃ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့က မော်လမြိုင်ဘူတာကြီး၌ သတင်းအရစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်တင်ရထားတွဲများပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် မော်တော်ကားတာယာအဟောင်းဆိုဒ်မျိုးစုံ ကိုးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၈၄၈၀၀၀ ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မတ် ၂၆ ရက်၌အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ လားရှိုးမြို့တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လိုင်စင်မဲ့ Nissan Diesel Truck အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧပြီ ၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မုံရွာနယ်မြေရဲစခန်းမှ စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့ စက်မှုဇုန်ရပ်ကွက်အတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော ရေနံချက်ဆီ (ချက်ဆီ) ပီပါအလုံး ၅၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းများဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧပြီ ၃ ရက်တွင်အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသည့် Wood Furniture Screw ၅၃၅၂၅ ကီလိုဂရမ် ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၄၄၁၅၀၀ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနအသီးသီးအလိုက် ဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း တရားမဝင်သစ်မျိုးစုံ ၂၂ ဒသမ ၀၂၆ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၆၃၅၅၄ ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၂၃ ရက်၊ ၂၆ရက်၊ ဧပြီ ၁ ရက်နှင့် ၃ ရက်တို့၌ ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ငါးမှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၂၅၃၀၅၄ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"KKO(ခွဲထွက်)အဖွဲ့နှင့် NUG၊ CRPH တို့၏ လက်ဝေစံ PDF အမည်စံ အကြမ်းဖက်သမားများက မြဝတီကုန်သွယ်ရေးရန်ကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် နိုင်ငံ့ဝန်ထမ်းတစ်ဦးနှင့် အပြစ်မဲ့ပြည်သူတစ်ဦးသေဆုံးမှု"** ခေါင်းစဉ်ဖြင့် ၅-၄-၂၀၂၃ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ရွှေဘိုမြို့ အဝေးပြေးကားကွင်းအနီး PDF အမည်စံအကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် အပြစ်မဲ့ပြည်သူတစ်ဦးသေဆုံးပြီး ကလေးငယ်အပါအဝင် ပြည်သူအများအပြား ထိခိုက်ဒဏ်ရာရရှိမှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ၂၀၂၃ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

| | |
|---|---|
| **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကဏ္ဍ** | |
| ၂၄ | စည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၅ | နာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၆ | ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| **စက်မှုနှင့် လျှပ်စစ်ကဏ္ဍ** | |
| ၂၇ | ကုန်ကြမ်းပေး ကုန်ချောယူစနစ်ဖြင့်ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၈ | စက်မှုလယ်ယာ ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၉ | မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသေးသောဒေသများအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကိုဆောင်ရွက်ပေးနေသော ပုဂ္ဂလိက အသေးစားလျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၃၀ | ဘက်ထရီလျှပ်စစ်သုံးယာဉ်များအတွက် ဘက်ထရီအားသွင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ။ |
| **အထွေထွေကဏ္ဍ** | |
| ၃၁ | နိုင်ငံတော်အဖွဲ့အစည်းများသို့ ဆောင်ရွက်မှုတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ရရှိရန်အတွက် ပေးချေရသည့် လိုင်စင်ကြေးများ။ |
| ၃၂ | နိုင်ငံတော်၏လိုအပ်ချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၃၃ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့်ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၃၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဦးစီးဌာန စသည့်အဖွဲ့အစည်းအချင်းချင်းဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ပေးစေခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ဝန်ဆောင်မှုရယူခြင်းမပါ)။ |

(င) ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မခွဲ (င-၁) ပါ ဝန်ဆောင်မှုလုပ်ငန်းများမှတစ်ပါး ပြည်တွင်း၌ဆောင်ရွက်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှရငွေအပေါ်တွင် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(င-၁)(၁) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ဆင်းကတ် (SIM Card) ရောင်းချမှုနှင့် ဆင်းကတ်ကို စတင်အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှု (SIM Card Activation) အပေါ် ဆင်းကတ်တစ်ကတ်လျှင် ကျပ်နှစ်သောင်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် တစ်ကြိမ်တည်း ကျသင့်စေရမည်။

(၂) အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းမှရငွေအပေါ် တစ်ဆယ့်ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(စ) မည်သူမဆို နိုင်ငံပိုင်မြေအား နှစ်ရှည်ငှားရမ်း၍ဖြစ်စေ၊ နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်း၍ဖြစ်စေ၊ ပုဂ္ဂလိကပိုင်မြေတွင်ဖြစ်စေ၊ မြေပိုင်ရှင်နှင့် အကျိုးတူပူးပေါင်း၍ ဖြစ်စေ အခြေခံအဆောက်အဦအား တည်ဆောက်ပြုပြင်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ဆ) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ဇ) ရွှေထည်လက်ဝတ်ရတနာများရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း တစ်ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ သို့ရာတွင် ရွှေထည်လက်ဝတ်ရတနာများကို ပြည်တွင်း၌ဝယ်ယူစဉ် သို့မဟုတ် ပြည်ပမှတင်သွင်းစဉ်က ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပြည်တွင်း၌ရောင်းချစဉ် သို့မဟုတ် ပြည်ပသို့ တင်ပို့စဉ်ပေးဆောင်ရမည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ခုနှိမ်ခွင့်မရှိစေရ။

(ဈ) အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်းလာသောကုန်စည်များကို သတ်မှတ်ကာလအတွင်း ပြန်လည်တင်ပို့ခြင်းမပြုဘဲ ပြည်တွင်းသုံးစွဲခြင်းဖြစ်ပါက မူလကင်းလွတ်ခွင့်ပြုခဲ့သော ကုန်သွယ်လုပ်ငန်းခွန်ကို ပြန်လည်ပေးဆောင်ရမည်။

၁၅။ (က) ပြည်တွင်းပြည်ပအဖွဲ့အစည်းများက လှူဒါန်းငွေ၊ ထောက်ပံ့ငွေ၊ ချေးငွေဖြင့်ဆောင်ရွက်သည့် လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ကုန်သွယ်လုပ်ငန်းခွန်ကိစ္စအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

(ခ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်းမပြုရ -

(၁) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့်ကုန်စည်များကို ပြည်တွင်း၌ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၂) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေစုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၃) ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ရောင်းရငွေစုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၄) အကောက်ခွန်လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များနှင့်အညီ အလျင်အမြန်ပေးပို့ထုတ်ယူလိုသည့် ကုန်စည်များအပေါ် အခွန်အခများ ကင်းလွတ်ခွင့်ပြုနိုင်သည့်အကောက်ခွန်ဦးစီးဌာန၏ အနိမ့်ဆုံးတန်ဖိုးသတ်မှတ်ချက် (Deminimis Value Threshold)။

ရှင်းလင်းချက်။ (၁) နှစ်တစ်နှစ်အတွင်း ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ ဆိုရာတွင် လုပ်ငန်းစတင်သည့်လအပါအဝင် တစ်ဆက်တည်းဖြစ်သည့် နောင်လာမည့် ၁၂ လ အတွင်း ရရှိမည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေကိုဆိုသည်။

(၂) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ စည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ရငွေရှိမည့်သူ သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန်ခုနှိမ်ခွင့် ခံစားလိုသူ မည်သူမဆို မှတ်ပုံတင်ခြင်းကိုဆောင်ရွက်ရမည်။

၁၆။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကိုဆောင်ရွက်ခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါနိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာအခွန်နှုန်းများအတိုင်းတွက်ချက်၍ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့်ပေးဆောင်ရမည်။

၁၇။ (က) ပြည်ပသို့တင်ပို့ရောင်းချသည့် လျှပ်စစ်ဓာတ်အားအပေါ် ရှစ်ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံစိမ်းများအပေါ် ငါးရာခိုင်နှုန်းဖြင့်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုညရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်ကပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့်စပ်လျဉ်း၍ ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်ကပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်အောက် လျော့နည်းနေပါက ပြန်အမ်းငွေတောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန်အလို့ငှာ ပြည်တွင်း၌ဝယ်ယူပြီး ပြည်ပသို့ယူဆောင်သွားသည့် ကုန်စည်များနှင့်မသက်ဆိုင်စေရ။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့်ရောင်းရငွေ၊ ဝန်ဆောင်မှုရငွေပမာဏသတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၈။ ဤဥပဒေ၏အခန်း(၆)တွင် ဖော်ပြပါရှိသော စကားရပ်များ၏အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်းဖြစ်စေရမည်။

## အခန်း (၇)
## ဝင်ငွေခွန်

၁၉။ (က) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထိ ရရှိသူဖြစ်လျှင် မည်သူ့ကိုမျှ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ။ ထိုသို့ စည်းကြပ်ခြင်းမပြုသဖြင့် ကင်းလွတ်ခွင့်ရသည့် လစာဝင်ငွေဆိုင်ရာ သက်သေခံအထောက်အထားကို တောင်းခံလာပါက သတ်မှတ်ချက်များနှင့်အညီ ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးရမည်။

(ခ) သို့ရာတွင် လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက် ရရှိသူဖြစ်လျှင် ရရှိသည့်လစာဝင်ငွေ စုစုပေါင်းအပေါ်တွင် ဝင်ငွေခွန်ထမ်းဆောင်ရမည်။

(ဂ) ကိုဗစ်-၁၉ (Coronavirus Disease 2019) ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန်အလို့ငှာ လစာမှနှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက်ရရှိသူဖြစ်လျှင် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့်အခြားရလမ်းများမှ ဝင်ငွေဖြစ်လျှင် မည်သူ့ကိုမဆို စုစုပေါင်းဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေအလွှာအလိုက် စည်းကြပ်ရမည့်အခွန်နှုန်းများကို အောက်ပါအတိုင်းသတ်မှတ်သည် -

| စဉ် | ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| ၂ | ၂,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၁၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၃၀,၀၀၀,၀၀၁ | ၅၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၅၀,၀၀၀,၀၀၁ | ၇၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| ၆ | ၇၀,၀၀၀,၀၀၁ နှင့် အထက် | | ၂၅ ရာခိုင်နှုန်း |

(ဃ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်းနှင့် အခန်းငှားရမ်းခြင်းတို့မှရရှိသော စုစုပေါင်းငှားရမ်းခရငွေအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် သီးခြားစည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့်ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်းမပြုရ။ သို့ရာတွင် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့်ခွင့်ပြုမိန့်ဖြင့်ဆောင်ရွက်သောလုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများဖြစ်ပါက အခွန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ပေးထားသောအခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(င) အစုစပ်လုပ်ငန်းများဖြစ်ပါက ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ပုဒ်မခွဲ (ဂ) ဇယားပါ အခွန်နှုန်းများဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

(စ) ဤပုဒ်မပါ အခွန်နှုန်းများသည် ဝင်ငွေရရှိသူတစ်ဦးဦး သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ သီးခြားအခွန်နှုန်း သတ်မှတ်ထားသည့်အခွန်ထမ်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁)နှင့် (၂)တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့်ညီမျှသောငွေဖြစ်ရမည်။ သို့ရာတွင် နှစ်တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုစေရ။

၂၁။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ သက်သာခွင့် ခွင့်ပြုငွေမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အတူနေမိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊

(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

(ဂ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၂၂။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ ပြည်ပနေနိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့်ဝင်ငွေခေါင်းစဉ်မှအပ နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

စာမျက်နှာ ၂၆ သို့

စာမျက်နှာ ၂၅ မှအဆက်

၂၃။ ကိုဗစ်-၁၉ (Coronavirus Disease 2019) ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန်အလို့ငှာ -

(က) အောက်ဖော်ပြပါ အခွန်ထမ်းအမျိုးအစားများနှင့်ပတ်သက်၍ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၂ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည် -

(၁) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီ အက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့်ကုမ္ပဏီ၊

(၂) ပြည်ပနေနိုင်ငံခြားသား၏ လစာခေါင်းစဉ်မှတစ်ပါး အခြားဝင်ငွေ၊

(၃) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့်ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်း၊

(၄) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ။

(ခ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ၂၂ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(ဂ) ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီများအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေ အပေါ် ၁၇ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ ထို့ပြင် အဆိုပါကုမ္ပဏီများသည် ယခင်ကဝင်ငွေခွန် အပြည့်အဝထမ်းဆောင်ရန် ပျက်ကွက်မှုရှိပါက ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင်သည့် ဘဏ္ဍာရေးနှစ်မတိုင်မီ ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ် (၂) နှစ်အတွက် ဝင်ငွေအမှန်ကို ဖော်ထုတ်၍ ကျသင့်ဝင်ငွေခွန် ပေးဆောင်ရမည်ဖြစ်ပြီး ယင်းကျသင့် ဝင်ငွေခွန်ကို အပြည့်အဝပေးသွင်းပြီးဖြစ်ပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊ တရားစွဲဆိုခြင်းတို့မှ ကင်းလွတ်ခွင့်ရှိစေရမည်။

၂၄။ (က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ပုဂ္ဂိုလ်စုဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(ခ) ပြည်ပနေနိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ခြင်း မပြုရ။ ယင်း၏စုစုပေါင်းဝင်ငွေအပေါ် လစာခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက ဤဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၅။ (က) ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ သို့ရာတွင် ကိုဗစ်-၁၉ (Coronavirus Disease 2019) ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန်အလို့ငှာ နိုင်ငံသားမည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့် လုပ်ငန်းအသစ် တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့်ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေရှိပါက ယင်းဝင်ငွေအား နုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအပေါ်တွင်လည်းကောင်း၊ ဝင်ငွေရလမ်း တင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့်ဝင်ငွေအပေါ်တွင်လည်းကောင်း အောက်ဖော်ပြပါ အခွန်နှုန်းအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။ အသုံးပြုသည့် ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်း အတိအကျတင်ပြနိုင်ပါက ဝင်ငွေခွန် ထမ်းဆောင်ရန်မလို။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့် ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်လည်းကောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့် ကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်း မရှိစေရ -

| စဉ် | ဝင်ငွေ(ကျပ်) | | ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| ၁ | ၁ | ၃၀၀,၀၀၀,၀၀၀ | ၃ ရာခိုင်နှုန်း |
| ၂ | ၃၀၀,၀၀၀,၀၀၁ | ၆၀၀,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၆၀၀,၀၀၀,၀၀၁ | ၁,၀၀၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၁,၀၀၀,၀၀၀,၀၀၁ | ၃,၀၀၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၃,၀၀၀,၀၀၀,၀၀၁ နှင့် အထက် | | ၃၀ ရာခိုင်နှုန်း |

(ခ) ပုဒ်မခွဲ (က) ပါ စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေဆိုသည်မှာ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီ စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေကိုဆိုသည်။

(ဂ) ပုဒ်မခွဲ (က) ပါ အခွန်နှုန်းများသည် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ အထိသာ အကျိုးသက်ရောက်စေရမည်။

(ဃ) ပုဒ်မခွဲ (က) ပါ အခွန်နှုန်းများကို နိုင်ငံတော်၏စီးပွားရေးအခြေအနေနှင့် နိုင်ငံတကာ သက်ရောက်မှုအခြေအနေများကို သုံးသပ်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြင်ဆင်သတ်မှတ်မှုများကို ဆောင်ရွက်ရန်လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြရမည်။

၂၆။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဤဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)ပါ အခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ -

(က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက အောက်တွင်မြတ်စွန်းငွေနှင့် ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်း ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည် -

| | မြတ်စွန်းငွေ | ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း |
|---|---|---|
| (၁) | ညီမျှကျပ်သန်းပေါင်း (၁၀၀,၀၀၀) အထိ | ၄၀ ရာခိုင်နှုန်း |
| (၂) | ညီမျှကျပ်သန်းပေါင်း (၁၀၀,၀၀၀) အထက်မှ (၁၅၀,၀၀၀) အထိ | ၄၅ ရာခိုင်နှုန်း |
| (၃) | ညီမျှကျပ်သန်းပေါင်း (၁၅၀,၀၀၀) အထက် | ၅၀ ရာခိုင်နှုန်း |

(ခ) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့်ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ကျသင့်အခွန်ကို ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှမြတ်စွန်းငွေပေါ်ပေါက်စေကာမူ ဝင်ငွေခွန် မကျသင့်စေရ။

၂၉။ ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ပြည်တွင်းထုတ်လုပ်မှုကို အခြေခံသည့် အသစ်ထူထောင်သော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများ သို့မဟုတ် အသေးစား စက်မှုလက်မှုလုပ်ငန်းများအတွက် လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း နှစ်တစ်နှစ် စုစုပေါင်းအသားတင်အမြတ် ဝင်ငွေကျပ်သိန်း ၁၅၀ ထိ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါဝင်ငွေထက် ပိုမိုရရှိပါက ပိုမိုရရှိသည့် ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန် စည်းကြပ်ရမည်။

၃၀။ အခြေပစ္စည်းမှမြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ရရှိသည့်ငွေကြေးအမျိုးအစားဖြင့်လည်းကောင်း ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၁။ (က) အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်အပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည် -

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ် ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၊

(၂) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ နှစ်တစ်နှစ်အတွင်းဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့်စုစုပေါင်းဝင်ငွေ၊

(၃) နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့်အတူရရှိသည့် ချီးမြှင့်ငွေများ၊

(၄) ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင်နိုင်ငံခြားငွေဖြင့်ရရှိသော လစာခေါင်းစဉ်မှ ဝင်ငွေ၊

(၅) အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှ ထုတ်ယူရရှိငွေ၊

(၆) အငြိမ်းစားယူသည့်အခါ ရရှိသည့်ပင်စင်၊ ပင်စင်မှပြောင်းလဲ၍ ရရှိသောငွေနှင့် လုပ်သက်ဆုငွေ (Gratuity)၊

(၇) ရှေးဟောင်းပစ္စည်းတွေ့ရှိမှုအပေါ် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ငွေ။

(ခ) အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များပြုနိုင်သည် -

(၁) ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ၊

(၂) ငွေချေးသက်သေခံလက်မှတ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ။

၃၂။ ဤဥပဒေ၏ အခန်း(၇)တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်းဖြစ်စေရမည်။

## အခန်း (၈)
## ရတနာခွန်

၃၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၈ အရ အောက်ဇယားပါ ကျောက်မျက်ရတနာများကို ရောင်းချခြင်းဖြစ်ပါက အမှန်တကယ်ရောင်းချသည့် တန်ဖိုးအပေါ်တွင်လည်းကောင်း၊ အမှန်တကယ်ရောင်းချသည့် တန်ဖိုးအပေါ် အခြေပြု၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းကသတ်မှတ်သည့် ရောင်းဈေးတန်ဖိုးအပေါ်တွင်လည်းကောင်း၊ ယင်းတန်ဖိုး နှစ်ရပ်အနက် များရာတန်ဖိုးအပေါ်တွင်လည်းကောင်း ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း ရတနာခွန် ကျသင့်စေရမည်။ ကောက်ခံရရှိသည့် ရတနာခွန်နှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာန၏ သက်ဆိုင်ရာ ဘဏ်စာရင်းသို့ လွှဲပြောင်းပေးသွင်းရမည် -

| စဉ် | ကျောက်မျက်ရတနာအမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | ကျောက်စိမ်းအရိုင်းများ။ | ၁၁ ရာခိုင်နှုန်း |
| ၂ | ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာအရိုင်းများ။ | ၉ ရာခိုင်နှုန်း |
| ၃ | ကျောက်စိမ်းပတ္တမြား၊ နီလာနှင့်အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များ၊ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြား အဖိုးတန်ကျောက်မျက် ရတနာများ စွဲကပ်ထားသည့် လက်ဝတ်ရတနာအချောထည်များ။ | ၅ ရာခိုင်နှုန်း |
| ၄ | ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းများ။ | ၅ ရာခိုင်နှုန်း |

## အခန်း (၉)
## အခြားအခွန်အကောက်ဆိုင်ရာကောက်ခံရမည့်နှုန်းထားများ

၃၄။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါ အခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့် နှုန်းထားများ၊ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည် -

(က) ယစ်မျိုးခွန်၊

(ခ) သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊

(ဂ) မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊

(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊

(င) ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊

(စ) ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင်၊ ညှော်လမ်းညွှန် လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊

(ဆ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းမှ ရရှိသည့် အခကြေးငွေများ၊

(ဇ) အကောက်ခွန်၊

(ဈ) မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊

(ည) ရေခွန်၊

(ဋ) တာတမံခွန်၊

(ဌ) သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်သစ်တောခွန်၊

(ဍ) ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်း တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊

(ဎ) ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊

(ဏ) ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(တ) ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန်၊

(ထ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊

(ဒ) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊

(ဓ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံ

စာမျက်နှာ ၂၇ သို့

စာမျက်နှာ ၂၆ မှအဆက်

## အခန်း (၁၀)

### အထွေထွေ

၃၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ထုတ်လုပ်သည့်ကုန်စည်များနှင့် ပြည်ပမှ တင်သွင်းသည့်ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိက မှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းတိုးတက်လာစေရန်လည်းကောင်း နိုင်ငံတော်မှ ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည် -

(က) ကုန်စည်များ တင်သွင်းခွင့်ပြုသည့်ပမာဏ၊ အကောက်ခွန်နှုန်းများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့် အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များမူဘောင် အတွင်းမှ အာဆီယံဒေသတွင်း နိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့်အခွင့်အရေး၊ သက်သာခွင့်များရရှိစေ နိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ခ) အကောက်ခွန်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန် ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့် အညီဖြစ်စေ လိုအပ်သည့်အစီအမံများကို ဆောင်ရွက်ပေးခြင်း။

၃၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ရတနာခွန် ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် သက်သာခွင့်ပေးခြင်းကို ဆောင်ရွက်နိုင်သည်။

၃၈။ (က) ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာသက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာတာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်းနှင့် ထိုက်သင့်သောချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်း တို့ကို ပြုလုပ်ပေးရမည်။

(ခ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက် နိုင်ရေးအတွက် ပုဒ်မခွဲ (က) ပါ လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံး လုပ်နည်းများနှင့်အညီ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၌ ပြည်တွင်းအခွန်များဦးစီးဌာန၏ သာမန်အသုံးစရိတ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးနိုင်သည်။

(ဂ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပုဒ်မခွဲ (ခ)ပါ အသုံးစရိတ်များအား အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းတာဝန်ကျေပွန်သည့် နိုင်ငံ့ဝန်ထမ်းများကို ဆုကြေးငွေ ချီးမြှင့်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲနိုင်သည်။

၃၉။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် အောက်ဖော်ပြပါကောက်ခံရ ဒဏ်ကြေးငွေများ၏ ၂၀ ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအားလည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးသူအား လည်းကောင်း ဆုကြေးအဖြစ်ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်းမပြုရ -

(က) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် အထူးကုန်စည်များနှင့် စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိ ပိုင်ဆိုင်ထားသူနှင့် သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်သည့် အထူးကုန်စည် ထုတ်လုပ်သူတို့အပေါ် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၂ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (စ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေများ၊

(ခ) ကျန်အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိ ပိုင်ဆိုင်ထားသူအပေါ် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၂ ပုဒ်မခွဲ (ဂ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

၄၀။ (က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (စ) တွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန်ပျက်ကွက်ခြင်း သို့မဟုတ် ပြေစာအား ထုတ်ပေးသော်လည်း ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများ ဖြင့် သတ်မှတ်ထားသော ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့ကို မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက ယင်းသို့ ပျက်ကွက်ခြင်းအတွက် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားတန်ဖိုးအပေါ် ထပ်မံပေးဆောင်ရမည့်အခွန်၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်စေရမည့်အပြင် ပျက်ကွက်မှုအကြိမ်အလိုက် အောက်ပါငွေပမာဏကိုပါ ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည် -

(၁) ပထမအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၁၀ သိန်း၊

(၂) ဒုတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၂၀ သိန်း၊

(၃) တတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၃၀ သိန်း၊

(၄) တတိယအကြိမ်အထက် ပျက်ကွက်ခြင်းအတွက် ကျပ်သိန်း ၆၀။

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့်ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်အခွန် အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိဘဲရောင်းချကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော ကုန်စည်ကို လက်ရှိပိုင်ဆိုင်ထားခြင်းအတွက် လက်ဝယ်ထားရှိသူက ယင်းကုန်စည် တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

၄၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများနှင့်စပ်လျဉ်း၍ ဆုကြေးငွေချီးမြှင့်ခြင်းကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည် -

(က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံ ရရှိကြောင်း အထောက်အထားကိုထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှု ရယူသူထံသို့ထုတ်ပေးရန် ပျက်ကွက်ခြင်း၊ ပြေစာအား ထုတ်ပေးသော်လည်း ကျသင့် အခွန်တန်ဖိုးနှင့်ညီမျှသော အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့အတွက် ဤဥပဒေပုဒ်မ ၄၀၊ ပုဒ်မခွဲ (က) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ၊

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရန် သတ်မှတ်ထားသော ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် အတိုင်း အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိဘဲ ရောင်းချခြင်းအတွက် ဤဥပဒေ ပုဒ်မ ၄၀၊ ပုဒ်မခွဲ (ခ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

၄၂။ ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းအတွက် သက်ဆိုင်ရာဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ အကူးအပြောင်း ကာလအတွင်း အခွန်ကောက်ခံမှုဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီး ဌာနသည် လိုအပ်သောလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၃။ နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့်စပ်လျဉ်း၍ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်၊ လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်၊ အများပြည်သူ သိရှိလိုက်နာရန်သတ်မှတ်ချက် စသည်တို့သည် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံး နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ဇယား(၁)


### ပြည်ထောင်စု၏အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရ၏ တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၂၃ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူ ပြည်သာများသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၃,၇၈၃,၅၆၆. ၂၄၀** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၁,၄၇၄. ၈၆၀ |
| | ၂ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၂,၃၀၃,၃၇၅. ၆၀၈ |
| | ၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊ | ၆,၂၆၅. ၀၀၀ |
| | ၄ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊ | ၄၄,၁၈၁. ၇၂၀ |
| | ၅ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာအခငွေများ၊ | ၁၆၆,၅၅၇. ၁၁၄ |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ရုံးခွန်နှင့်တံဆိပ်ခေါင်းခွန်၊ | ၉၈,၂၀၃. ၅၈၆ |
| | ၇ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီး ဌာန | ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့် တည်းခိုရိပ်သာ လိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်များအတွက် လိုင်စင်ကြေး၊ | ၅၀၅. ၁၈၄ |
| | ၈ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အထူးကုန်စည်ခွန်၊ | ၁,၁၃၈,၃၂၀. ၉၀၆ |
| | ၉ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ရတနာခွန်၊ | ၁၇,၆၈၂. ၂၆၂ |
| | ၁၀ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန | ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်ကုမ္ပဏီမှတ်ပုံ တင်ခြင်းဆိုင်ရာဝန်ဆောင်မှုပေးခြင်းမှရရှိ သည့်အခကြေးငွေများ၊ | ၇,၀၀၀. ၀၀၀ |
| ၂ | | | **ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၃,၀၀၀,၇၆၇. ၉၁၈** |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၃,၀၀၀,၇၆၇. ၉၁၈ |
| ၃ | | | **အကောက်ခွန်** | ၄၆၀,၀၀၀. ၀၀၀ |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန်၊ | ၄၆၀,၀၀၀. ၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့်အခွန်အကောက်** | **၈၀၇,၇၇၁. ၂၉၇** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊ | ၄၃. ၀၉၈ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန်၊ | ၅၁. ၁၁၃ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန်၊ | ၀. ၃၃၆ |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့်သစ်တောခွန်၊ | ၃,၈၄၄. ၇၀၈ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်(စက်မှုကုန်ကြမ်း တွင်းထွက်နှင့်အလှဆင်ကျောက်များမပါ)၊ | ၅၆. ၆၅၀ |
| | ၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊ | ၅,၀၀၃. ၃၀၀ |
| | ၇ | စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၆၂၆,၁၇၅. ၆၂၄ |
| | ၈ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့်တွင်းဝခွန်၊ | ၃၁,၃၆၃. ၀၀၀ |
| | ၉ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာန | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင် ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ၊ | ၁၂၆,၇၀၄. ၈၃၀ |
| | ၁၀ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊ | ၁၂,၇၅၈. ၄၇၂ |
| | ၁၁ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိ သည့်အခွန်။ | ၁,၇၇၀. ၁၆၆ |
| | | **စုစုပေါင်း** | | **၈,၀၅၂,၁၀၅. ၄၅၅** |

# ငွေထုတ်ချေးသူများ သတိပြုဆင်ခြင်ဖွယ်ရာ

စိန်လှိုင်ပိုင်




လူနေမှုပတ်ဝန်းကျင်တွင် တစ်ဦးနှင့်တစ်ဦး ဆက်ဆံပေါင်းသင်းကြရာ၌ လူမှုရေးကိစ္စများစွာနှင့်အတူ တစ်ဦးနှင့်တစ်ဦး ငွေကြေးချေးငှားခြင်းကိစ္စသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ယုံကြည်မှုအရလည်းကောင်း၊ ကူညီလိုစိတ်အရလည်းကောင်း၊ ငွေကြေးကို ချေးငှားပြီးနောက် ပြန်လည်တောင်းခံရာ မပေးဆပ်သဖြင့် ညှိနှိုင်းမရသောကြောင့် တရားရုံးတရားခွင်သို့ ရောက်ရှိရသော အမှုများစွာရှိသည်။ အမှန်တကယ် ငွေကြေးချေးငှားထားခြင်းဖြစ်ပါလျက် စွဲဆိုသောအမှု အမှုရှုံးခဲ့ရသည်များလည်းရှိသည်။ ပြည်သူအများသည် ဥပဒေပညာရပ်နှင့် ခပ်စိမ်းစိမ်းဖြစ်နေကြသူများပီပီ **“ကာလစည်းကမ်းသတ်ဥပဒေ”**၏ ပြဋ္ဌာန်းချက်နှင့် မညီညွတ်သဖြင့် မိမိချေးငှားထားသော ငွေကြေးပြန်မရဘဲ လက်လွှတ်ဆုံးရှုံးသွားခဲ့ရသည့် အမှုတစ်ခုအကြောင်းကို ရည်ညွှန်းကိုးကား၍ ရေးသားတင်ပြပါဦးမည်။

**အမှုဖြစ်စဉ်အကျဉ်း**

တရားလိုသည် ကုမ္ပဏီတည်ထောင်ပြီး နယ်စပ်ကုန်သွယ်ရေးလိုင်စင်ရယူကာ မူဆယ်မြို့၌ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ချိန်တွင် တရားပြိုင် မခမ်းစိန်(ခ) လီကျင်ရှန်းနှင့် ၁၉၉၃ ခုနှစ်တွင် ခင်မင်ရင်းနှီးခဲ့ကြောင်း၊ တရားပြိုင်သည် မူဆယ်မြို့နှင့် ရွှေလီမြို့တို့၌ ဆံပင်အလှပြင်ဆိုင်များ ဖွင့်လှစ်ထားကြောင်း၊ ၁၉၉၅ ခုနှစ် တွင် တရားပြိုင်က နွားသားရေများအတွက် ငွေလိုအပ်ကြောင်းပြောသဖြင့် ငွေကျပ် သိန်း ၂၀ ကို ပေးအပ်ခဲ့ကြောင်း၊ ၁၉၉၅ ခုနှစ် မေ ၈ ရက်တွင် တရားပြိုင်က မြန်မာငွေကျပ် ၂၅၀၀၀၀ နှင့်ညီမျှသော တရုတ်ယွမ်ငွေ ၂၀၀၀၀ ကို ပြန်လည်ပေးဆပ်ခဲ့ပြီး ကျန်ငွေများကို ရန်ကုန်မြို့သို့ လာရောက်ပေးဆပ်မည်ဟု ကတိပြုခဲ့ကြောင်း၊ မပေးဆပ်သဖြင့် ၁၉၉၉ ခုနှစ် ဇူလိုင် ၁ ရက်တွင် ရန်ကုန်တိုင်း ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် အေးချမ်းဖြိုးကောင်စီ ၌ ချေးငွေများကို ပြန်လည်တောင်းခံခဲ့ရာ တရားပြိုင်က ငွေပေးဆပ်ရန် ငြင်းဆိုသောကြောင့် ၁၉၉၉ ခုနှစ် ဇူလိုင် ၁ ရက်နှင့် ၎င်းနေ့နောက်ပိုင်းတွင် အမှုကို တရားစွဲဆိုရကြောင်း၊ သို့ဖြစ်၍ တရုတ်ယွမ်ငွေ ၁၄၀၀၀၀ နှင့်ညီမျှသည့် ငွေကျပ် ၅၈ သိန်းကို ပေးစေရန် ဒီကရီချမှတ်ပေးရန် လျှောက်ထားစွဲဆိုခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ်-၂၁၉/၉၉ တွင် ဦးရမ်ဂျာရီက ၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမောင်မောင်မှတစ်ဆင့် တရားပြိုင် မခမ်းစိန် (ခ) လီကျင်ရှန်းအပေါ် ငွေကျပ် ၅၈ သိန်းရလိုကြောင်း တရားစွဲဆိုခဲ့ရာ တရားရုံးက ပဏာမငြင်းချက်ထုတ်ပြီး နှစ်ဖက်လျှောက်လဲချက်ကြားနာ၍ **“တရားလိုသည် ဤအမှုကို ကာလစည်းကမ်းသတ်ကျော်လွန်မှ စွဲဆိုခြင်းမှာ မှန်ကန်သည်”**ဟုဖြေဆိုပြီး အဆိုလွှာကို တရားမကျင့်ထုံးဥပဒေအမိန့်-၇၊ နည်း-၁၁(ဃ)အရပယ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ အဆိုပါအမိန့်ကိုမကျေနပ်၍ ဦးရမ်ဂျာရီက တရားရုံးချုပ်သို့ ပထမအယူခံမှုတင်သွင်းခဲ့သောအမှုဖြစ်သည်။

**တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

မူလတရားရုံးသည် အမှုကို ကာလစည်းကမ်းသတ်ကျော်လွန်မှ စွဲဆိုခြင်းမှာ မှန်သလားဟူသော ပဏာမငြင်းချက်ကို နှစ်ဖက်လျှောက်လဲချက် ကြားနာပြီးနောက် အဆိုလွှာကို ပယ်ခဲ့ခြင်းဖြစ်ကြောင်း၊ မူလတရားရုံး၏အမိန့်တွင် တရားလိုက တရားပြိုင်အပေါ် ချေးငွေကျပ် ၅၈ သိန်း ရလိုမှုစွဲဆိုခြင်းဖြစ်၍ **ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယားအပိုဒ်-၅၇ အရ ငွေချေးယူသည့်အခါကစ၍ သုံးနှစ်အတွင်း တရားစွဲဆိုရမည်ဖြစ်ကြောင်း၊** ငွေကျပ်သိန်း ၂၀ ကို တရားပြိုင်က ၁၉၉၅ ခုနှစ်၊ ဧပြီလအတွင်း ချေးယူခဲ့ခြင်းဖြစ်ကြောင်း၊ ဤအမှုကို ၁၉၉၉ ခုနှစ် ဇူလိုင် ၇ ရက်တွင် တရားစွဲဆိုခဲ့သဖြင့် ကာလစည်းကမ်းသတ်ဥပဒေပထမဇယား အပိုဒ်-၅၇ အရ အဆိုလွှာကို တရားမကျင့်ထုံးဥပဒေအမိန့်- ၇၊ နည်း-၁၁ (ဃ)အရ ပယ်ကြောင်း သုံးသပ်ဆုံးဖြတ်ထားသည်ကို တရားရုံးချုပ်က ဦးစွာရှုမြင်သုံးသပ်ခဲ့သည်။

အဆိုလွှာတွင် ၁၉၉၅ ခုနှစ် ဧပြီလ၌ အယူခံတရားပြိုင်သည် အယူခံတရားလိုထံမှ ငွေကျပ်သိန်း ၂၀ ကို တစ်ရက်၊ နှစ်ရက်ကြာလျှင် ပြန်ပေးမည်ဟုပြောပြီး ရယူခဲ့ကြောင်း၊ ၁၉၉၅ ခုနှစ် မေ ၈ ရက်တွင် ငွေကျပ် ၂၅၀၀၀၀ နှင့်ညီမျှသော တရုတ်ယွမ်ငွေ ၂၀၀၀၀ ကို ပြန်လည်ပေးဆပ်ပြီး ၁၉၉၅ ခုနှစ် မေ ၂၉ ရက်တွင် တရုတ်ယွမ်ငွေ ၁၄၀၀၀၀ ကိုပေးရန် သဘောတူညီခဲ့သော်လည်း ပြန်လည်ပေးဆပ်ခဲ့ခြင်းမရှိသဖြင့် တရားစွဲဆိုထားရာ ချေးငွေရလိုကြောင်း တရားစွဲဆိုမှုဖြစ်၍ ကာလစည်းကမ်းသတ်ဥပဒေပထမဇယားအပိုဒ်-၅၇ နှင့် အကျုံးဝင်သက်ဆိုင်နေသော်လည်း အယူခံတရားလိုက အပိုဒ်-၅၇ နှင့် အကျုံးဝင်သက်ဆိုင်ခြင်းမရှိ ကြောင်း ၎င်း၏အဆိုလွှာတွင် ငြင်းဆိုထားခြင်းမရှိသည်ကို တရားရုံးချုပ်က စိစစ်ထောက်ရှုဝေဖန်ခဲ့သည်။

အယူခံတရားလိုက အယူခံတရားပြိုင်သို့ ငွေကျပ်သိန်း ၂၀ ကို ၁၉၉၅ ခုနှစ်၊ ဧပြီလတွင် ပေးအပ်ခဲ့ကြောင်း အဆိုပြုထားသဖြင့် ကာလစည်းကမ်းသတ်ကို ၁၉၉၅ ခုနှစ်၊ ဧပြီလမှ စတင်ရေတွက်ရမည်ဖြစ်ရာ တရားစွဲဆိုသည့် ၁၉၉၉ ခုနှစ် ဇူလိုင် ၇ ရက်တွင် ကာလစည်းကမ်းသတ် သုံးနှစ်ကျော်လွန်နေပြီဖြစ်ကြောင်း တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့သည်။ ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ-၁၉(၁)နှင့် ညီညွတ်ရန်အတွက်

(၁) တရားမမှုစွဲဆိုရန် ကာလစည်းကမ်းသတ် မကုန်ဆုံးမီဖြစ်ရမည်။

(၂) တောင်းဆိုခံရသူက တာဝန်ရှိကြောင်း စာဖြင့် ရေးသားဝန်ခံချက်ရှိရမည်။

(၃) အဆိုပါဝန်ခံချက်ကို တောင်းဆိုခံရသူမှ လက်မှတ်ရေးထိုးထားရမည်။

ထိုအချက်(၃) ချက်နှင့် မပြည့်စုံလျှင် ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ-၁၉ (၁)အရ ကာလစည်းကမ်းသတ် အပိုင်းအခြားအသစ်ကို ဝန်ခံချက်ပြုသည့်နေ့မှစ၍ စတင်ရေတွက်ရမည်မဟုတ်ကြောင်း တရားရုံးချုပ်က တိကျခိုင်မာစွာ စိစစ်ဖော်ထုတ်သုံးသပ်ခဲ့သည်။

၁၉၉၉ ခုနှစ် ဇွန် ၃၀ ရက်တွင် ယောမင်းကြီးရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ လူမှုရေးညှိနှိုင်းမှုမှတ်တမ်းတွင် အယူခံတရားပြိုင်မှ ငွေပေးဆပ်ရန် ဝန်ခံထားခြင်းမရှိသည့်အပြင် လက်မှတ်ရေးထိုးထားခြင်းလည်းမရှိသောကြောင့် ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ- ၁၉(၁) နှင့် အကျုံးဝင်ခြင်းမရှိသဖြင့် ၁၉၉၉ ခုနှစ် ဇွန် ၃၀ ရက်မှစ၍ ကာလစည်းကမ်းသတ်အသစ်ကို ရေတွက်ရန်မဟုတ်ကြောင်း တရားရုံးချုပ်က သုံးသပ်ခဲ့သည်။

အယူခံတရားပြိုင်သည် ချေးငွေကျပ် သိန်း ၂၀ ကို ၁၉၉၅ ခုနှစ်၊ ဧပြီလတွင် လက်ခံရယူခဲ့သည်ဟု အယူခံတရားလိုက အဆိုပြုစွဲဆိုထားသဖြင့် ၁၉၉၅ ခုနှစ်၊ ဧပြီလမှ ကာလစည်းကမ်းသတ်ကို စတင်ရေတွက်သော် အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့ ညှိနှိုင်းသည်ဆိုသည့် ၁၉၉၉ ခုနှစ် ဇွန် ၃၀ ရက်တွင် ကာလစည်းကမ်းသတ်သုံးနှစ် ကုန်ဆုံးနေပြီဖြစ်ကြောင်း စိစစ်သုံးသပ်ခဲ့သည်။ **၁၉၉၉ ခုနှစ် ဇွန် ၃၀ ရက်တွင် ငွေပေးရန်ရှိကြောင်း ဝန်ခံချက်ကို လက်မှတ်ရေးထိုးခဲ့သည်ဆိုပါကလည်း ကာလစည်းကမ်းသတ်ကုန်ဆုံးပြီးမှ ဝန်ခံလက်မှတ်ရေးထိုးခြင်းဖြစ်၍ ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ- ၁၉ နှင့် အကျုံးဝင်ခြင်းမရှိတော့**သည်ကိုလည်း ထောက်ရှုဝေဖန်ခဲ့သည်။

ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ-၂ (၃) တွင် အကျုံးဝင်သည့် ခံဝန်ချက်၌ ကာလစည်းကမ်းသတ်ကျော်လွန်နေသောငွေများကိုပေးပါမည်ဟု ချုပ်ဆိုထားလျှင် ပဋိညာဉ်ဥပဒေပုဒ်မ-၂၅ (၃) အရ ပဋိညာဉ်မြောက်၍ ချုပ်ဆိုသူသည် ချုပ်ဆိုသောငွေကိုပေးဆပ်ရန်တာဝန်ရှိသည်။ ပဋိညာဉ်ဥပဒေပုဒ်မ-၂၅ (၃)နှင့် အကျုံးဝင်ရန်အလို့ငှာ ပေးဆပ်မည်ဆိုသည့်ကတိသည်

(၁) စာဖြင့်ရေးသားထားရမည်။

(၂) မြီစားကိုယ်တိုင် သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်က လက်မှတ်ရေးထိုးရမည်။

(၃) ကာလစည်းကမ်းသတ် အချိန်ကျော်လွန်နေသည့် ကြွေးမြီအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ပေးဆပ်ရန်အတွက် ဖြစ်စေရမည်ဆိုသော အင်္ဂါ(၃)ရပ်နှင့် ပြည့်စုံရန်လိုကြောင်း စိစစ်ဖော်ထုတ်ခဲ့သည်။ ကာလစည်းကမ်းသတ်ကျော်လွန်နေသည့် ကြွေးမြီကို ပေးဆပ်ပါမည်ဆိုသော နောက်ပိုင်းကတိကို ပေးဆပ်ရန်တာဝန်ရှိသူကိုယ်တိုင်ဖြစ်စေ၊ ၎င်းကိုယ်စားလှယ်ကဖြစ်စေ ထိုကိစ္စအတွက် အထူးအခွင့်အာဏာလွှဲအပ်ထားခြင်းခံရသူကဖြစ်စေ၊ လက်မှတ်ရေးထိုးရန်လိုကြောင်း **(ပဋိညာဉ်ဥပဒေပုဒ်မ- ၂၅(၃) အရ ကြွေးပေးဆပ်ရန်ကတိနှင့် ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ-၁၉ အရ ကြွေးပေးဆပ်ရန်ရှိကြောင်း ဝန်ခံချက်တို့မှာ တူညီသောအချက်များရှိသော်လည်း မတူညီသောအချက်များလည်းရှိကြောင်း** တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့သည်။

နှစ်မျိုးစလုံးတွင် စာဖြင့်ရေးသားထားရန်လိုပြီး မြီစားကိုယ်တိုင်ဖြစ်စေ၊ မြီစား၏ ကိုယ်စားလှယ်ကဖြစ်စေ၊ လက်မှတ်ရေးထိုးရန်လိုသည်ဆိုသောအချက်မှာ တူညီကြောင်း၊ မတူညီသောအချက်မှာ ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ-၁၉ အရ ဝန်ခံချက်ကို စည်းကမ်းသတ်အချိန်မကုန်ဆုံးမီ ရေးသားလက်မှတ်ထိုးရန်လိုသော်လည်း ပဋိညာဉ်အက်ဥပဒေပုဒ်မ-၂၅ (၃)အရမူ စည်းကမ်းသတ်အချိန်ကျော်လွန်မှ ရေးသားလက်မှတ်ထိုးနိုင်ကြောင်း၊ **ပုဒ်မ- ၂၅(၃)နှင့် အကျုံးဝင်ရန်အလို့ငှာ ကြွေးမြီပမာဏအတိအကျကိုပေးဆပ်မည်ဟုဝန်ခံရေးသားရန်လိုကြောင်း၊ ကြွေးမြီတင်ရှိကြောင်း ဝန်ခံရေးပေးရုံဖြင့်မလုံလောက်ကြောင်း** တရားရုံးချုပ်က စေ့စပ်သေချာစွာ စိစစ်သုံးသပ်ခဲ့သည်။

ယောမင်းကြီးရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၌ ၁၉၉၉ ခုနှစ် ဇွန် ၃၀ ရက် အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့ လူမှုရေးညှိနှိုင်းမှုမှတ်တမ်းတွင် အယူခံတရားပြိုင်မှ **ငွေပေးဆပ်ရန်တိတိကျကျဝန်ခံကတိပြုခဲ့ချက် မပါရှိသည့်အပြင် လက်မှတ်ရေးထိုးထားခြင်းလည်းမရှိသဖြင့် အဆိုပါမှတ်တမ်းကို ပဋိညာဉ်ဥပဒေပုဒ်မ- ၂၅(၃) အရ ပဋိညာဉ်အသစ်တစ်ခုဖြစ်လာသည်ဟု မယူဆနိုင်ကြောင်း တရားရုံးချုပ်က သုံးသပ်ခဲ့သည်။**

❖ မူလတရားရုံး၏အမိန့်တွင် တရားလိုက တရားပြိုင်အပေါ် ချေးငွေကျပ် ၅၈ သိန်း ရလိုမှုစွဲဆိုခြင်းဖြစ်၍ ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယားအပိုဒ်-၅၇ အရ ငွေချေးယူသည့်အခါကစ၍ သုံးနှစ်အတွင်း တရားစွဲဆိုရမည်ဖြစ်ကြောင်း၊ ငွေကျပ်သိန်း ၂၀ ကို တရားပြိုင်က ၁၉၉၅ ခုနှစ်၊ ဧပြီလအတွင်း ချေးယူခဲ့ခြင်းဖြစ်ကြောင်း၊ ဤအမှုကို ၁၉၉၉ ခုနှစ် ဇူလိုင် ၇ ရက်တွင် တရားစွဲဆိုခဲ့သဖြင့် ကာလစည်းကမ်းသတ်ဥပဒေပထမဇယားအပိုဒ်-၅၇ အရ အဆိုလွှာကို တရားမကျင့်ထုံးဥပဒေအမိန့်-၇၊ နည်း-၁၁ (ဃ)အရ ပယ်ကြောင်း သုံးသပ်ဆုံးဖြတ်ထားသည်ကို တရားရုံးချုပ်က ဦးစွာရှုမြင်သုံးသပ်ခဲ့သည်။ ❖

အယူခံတရားလိုစွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ-၁၉(၁)နှင့် ပဋိညာဉ်ဥပဒေပုဒ်မ-၂၅ (၃)တို့နှင့်အကျုံးမဝင်ဘဲ ကာလစည်းကမ်းသတ်ကျော်လွန်နေကြောင်း ထင်ရှားသဖြင့် မူလရုံး၏အမိန့်သည် ဥပဒေနှင့်မညီညွတ်ဟုမဆိုသာကြောင်း၊ သို့ဖြစ်၍ ရန်ကုန်တိုင်းတရားရုံး၏စီရင်ချက်နှင့် ဒီကရီကိုအတည်ပြုပြီး ဤတရားမ ပထမအယူခံမှုကို တရားရုံးချုပ်က စရိတ်နှင့်တကွ ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။

ငွေထုတ်ချေးကြသူများသည် မိမိငွေပြန်လည်တောင်းခံရာ၌ နစ်နာမှုမရှိကြစေရန် ပဋိညာဉ်ဥပဒေပုဒ်မ-၂၅(၃)နှင့် ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ-၁၉(၁) တို့နှင့်အညီ ပြန်လည်တောင်းခံကြရန်ဖြစ်ပါကြောင်း ဦးရမ်ဂျာရီနှင့် မခမ်းစိန် (ခ) လီကျင်ရှန်း ၂၀၀၀ ပြည့်နှစ်၊ တရားမပထမအယူခံမှုအမှတ်-၁၅၀ ကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။

# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ယခုနှစ် မတ်လထိ ပြည်တွင်း၊ပြည်ပခရီးသွားဧည့်သည်ဦးရေ ၁၆၀၀၀၀ ကျော် လာရောက်ဖူးမြော်




**ကျိုက်ထို မေ ၄**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်သို့ ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ယခုနှစ် မတ်လထိ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်ဦးရေ ၁၆၀၀၀၀ ကျော် လာရောက်ဖူးမြော်ကြကြောင်း ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်ဘဏ္ဍာတော် ထိန်းဂေါပကအဖွဲ့ဝင် ဦးလှစိုးက ပြောပြ၍ သိရသည်။

ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်ကြီးကို တစ်နှစ်တာကာလပတ်လုံး ပိတ်ရက်မရှိ ဖွင့်လှစ်ထားပြီး ဘုရားပွဲတော်ကာလမှာ သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့ထိ ဖြစ်သည့်အတွက် ရှည်လျားသည့် ပွဲတော်ကာလတွင် အနယ်နယ်အရပ်ရပ်မှ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ လာရောက်ဖူးမြော်မှု များပြားနေကြောင်း သိရသည်။

“ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်ကြီးကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ အခုနှစ် မတ်လထိ ကာလအတွင်းမှာ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် အယောက် ၁၆၀၀၀၀ လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြပါတယ်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလမှာ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် အယောက် ၂၀၀၀၀၊ နိုဝင်ဘာလမှာ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် အယောက် ၁၈၀၀၀၊ ဒီဇင်ဘာလမှာ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် အယောက် ၃၃၀၀၀၊ အခုနှစ် ဇန်နဝါရီလမှာ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် အယောက် ၃၇၀၀၀၊ ဖေဖော်ဝါရီလမှာ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် အယောက် ၁၈၀၀၀ ကျော် လာရောက် ဖူးမြော်ကြည်ညိုခဲ့ကြပါတယ်။ မတ်လမှာ ပြည်တွင်း၊ပြည်ပ ခရီးသွားဧည့်သည် အယောက် ၃၈၀၀၀ လောက်လာရောက်ဖူးမြော်ကြည်ညိုပါတယ်။ လာမဲ့ မဟာသင်္ကြန်ကာလအတွင်းမှာလဲ ဘုရားဖူးပြည်သူတွေ လာရောက်လေ့ရှိတဲ့အတွက် ဟိုတယ်၊ တည်းခိုရိပ်သာတွေ၊ စားသောက်ဆိုင်တွေ၊ ဈေးဆိုင်ခန်းတွေကို ဖွင့်လှစ်ထားမှာဖြစ်ပါတယ်။ တောင်တက်ကား အစီးရေ ၁၅၀ ကျော် စီစဉ်ထားပါတယ်”ဟု ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးလှစိုးက ပြောပြသည်။

ASH

# လားရှိုးမြို့နယ်မှ ရန်ကုန်မြို့သို့ မတ်လအတွင်း ကြက်သွန်နီတန် ၇၀၀၀၀၀ တင်ပို့ရောင်းချခဲ့

**လားရှိုး မေ ၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်မှ ရန်ကုန်မြို့သို့ မတ်လအတွင်း ကြက်သွန်နီတန်ချိန် ၇၀၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း လားရှိုးမြို့နယ် ကြက်သွန်နီရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်ထားထားရီက ပြောပြသည်။

လားရှိုးမြို့နယ် ဒေသထွက် ကြက်သွန်နီများကို ကြက်သွန်နီရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင်များက ဝယ်ယူပြီး ရန်ကုန်မြို့သို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ကြက်သွန်များကို ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက တန်ချိန် ၅၇၀၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ တန်ချိန် ၇၀၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

“မတ်လအတွင်း ရန်ကုန်မြို့တစ်ခုတည်းကို ကြက်သွန်နီတန်ချိန် ခုနစ်သိန်းထိတင်ပို့ရောင်းချခဲ့ရပါတယ်။ ဖေဖော်ဝါရီလထက် မတ်လအတွင်းမှာ ပိုမိုတင်ပို့အားကောင်းခဲ့တယ်။ ပြည်တွင်းမှာကို ကြက်သွန်နီက အဝယ်လိုက်နေပါတယ်။ အခြားဒေသတွေက ရန်ကုန်ဘက်ကို ကြက်သွန်နီတွေအဝင်နည်းနေလို့ ရှမ်းပြည်နယ်ဘက်က ကုန်ပစ္စည်းပိုမိုတင်ပို့နေရတာ ဖြစ်ပါတယ်။ ဒါ့ပြင် ပြည်တွင်းမှာလဲ အခုနှစ် အသုံးများလာတာကြောင့်လဲ လိုအပ်ချက်များပြီး တင်ပို့နေရတာ။ လာမဲ့သင်္ကြန်ကာလမတိုင်ခင် တင်ပို့မှုအားကောင်းဖို့ရှိပါတယ်။ လက်ရှိ ကြက်သွန်နီပေါက်ဈေးကလဲ ကြက်သွန်နီစိုက်တောင်သူတွေအတွက် အဆင်ပြေတဲ့နှုန်းထား ဖြစ်ပါတယ်။ ကုန်ပစ္စည်းတွေ အဝယ်လိုက်နေတော့ ဒီလုပ်ငန်းနဲ့ ဆက်စပ်နေတဲ့သူတွေ အကုန်အဆင်ပြေပါတယ်”ဟု လားရှိုးမြို့နယ် ကြက်သွန်နီရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်ထားထားရီက ပြောပြသည်။

ကျော်ကျော်လင်း



# ကလောမြို့နယ် အင်းမိုကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကလော မေ ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းမိုကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်စာရင်းစစ်ဦးစီးဌာန စာရင်းစစ်မှူး ဦးဇော်မင်းဦးနှင့် အဖွဲ့ဝင်များ၊ ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာနှင့် တာဝန်ရှိသူများက ကုန်ထုတ်လမ်းကော်မတီဝင်များနှင့်အတူ အင်းမိုကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက အဆိုပါ ကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးသော ကုန်ထုတ်လမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အင်းမိုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းသည် ကျောက်ရောမြေသဲဖြူနှံလမ်း အမျိုးအစားဖြစ်ပြီး ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၃၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် Tower Victory ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နိုင်မှုကြောင့် ကုန်ထုတ်လမ်းဘေးဝဲယာရှိ လယ်ယာဧက ၂၂၀ ကျော်မှ ထွက်ရှိသည့် လယ်ယာထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း ကလောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာက ပြောပြ၍ သိရသည်။

မောင်နိုင်

# ဖြူးမြို့နယ် ပြောင်သေကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**ဖြူး မေ ၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြောင်သေကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး မြေတိုင်းတာခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ မြေတိုင်းတာခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုး၊ ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ပြောင်သေကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်နိုင်ရေးအတွက် လမ်းအရှည်ပေ၊ အကျယ်၊ သတ်မှတ်ထားသည့် စံနှုန်းများ၊ မြေပြင်အခြေအနေကိုက်ညီမှု ရှိမရှိ၊ ကိုက်ညီသည့်လမ်းအမျိုးအစားဖြစ်ရေးအတွက် မြေပြင်အနိမ့်၊ အမြင့်တိုင်းတာခြင်း၊ လမ်းအကြောင်းရှာဖွေခြင်း၊ လက်ရှိ ကုန်ထုတ်လမ်းအသုံးပြုမှု၊ မြေနေရာရရှိနိုင်မှု၊ ရေပြွန်နှင့် တံတားလိုအပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြောင်သေကျေးရွာ၌ အရှည် ပေ ၈၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေးလျာထားတင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပါက လယ်ယာထွက်ကုန်သီးနှံများမှာ ရာသီမရွေး ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က ပြောပြ၍ သိရသည်။

ကိုညို

# မင်းဘူးမြို့နယ် ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မင်းဘူး မေ ၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မေ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် ခရိုင်၊ မြို့နယ် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ မန်းကျိုးကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ပေ ၅၁၀၊ အကျယ် ၁၅ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ကန်ရေ-၁ ကျေးရွာ၌ အရှည်ပေ ၆၅၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

မန်းကျိုးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ်သိန်း ၁၁၀ ဖြင့်လည်းကောင်း၊ ကန်ရေ-၁ ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ် သိန်း ၁၁၀ ဖြင့်လည်းကောင်း ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီမံခန့်ခွဲဖြင့် ၂၀၂၂ ခုနှစ် စက်တင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ပြောပြ၍ သိရသည်။

စင်မာ

## ကုန်ဆုံးသွားသော စွမ်းအားများ

# DAGON Malta Fresh နဲ့ ပြည့်စွမ်းထား ...

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၅၁၁၉၀၇၇

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မရမ်းကုန်း၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

## Myanmar Mobile Money (MMM) မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင်

**Digital Mobile Money-DMM(App) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကိုထပ်မံရယူနိုင်ပါပြီ...**

အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ပြည်တွင်း/ပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊

လျှပ်စစ်မီတာခများ ပေးဆောင်ခြင်း၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊

E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊

နှစ်အတွင်း ကာလတိုချေးငွေလျှောက်ထားခြင်း၊ဒီဂျစ်တယ်လူမှုဘဝဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း။

ပြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက် Customs Duty ပေးဆောင်မှု များအား MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆


## ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော် ကိုမင်းကိုကိုအောင် (၁၂/ဥကမ(နိုင်)၁၈၀၄၄၉)၏ဇနီးဖြစ်သူ မအိကေခိုင် (ခ) အိတုံ (၉/မကန(နိုင်)၀၉၈၁၁၂)(ဘ)ဦးလှမြင့်သည် ခင်ပွန်းအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုမူဆောင်ရွက်ခြင်း၊ ကျွန်တော်၏ ခွင့်ပြုချက်မရရှိဘဲ နေအိမ်မှ ၎င်းသဘောဆန္ဒအလျောက် ဆင်းသွားပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝသည် ကျွန်တော်နှင့် လုံးဝမသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုမင်းကိုကိုအောင်**
**(၁၂/ဥကမ(နိုင်)၁၈၀၄၄၉)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့၊ မြို့မရပ်နေ ဦးပေါက်စီ + (ဒေါ်သန်းသန်းအေး) တို့၏သား **မောင်အောင်သူရထွန်း (၉/စကတ(နိုင်)၁၀၈၇၁၃)** သည် မိဘစကားကို နားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို မိဘမှ လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးပေါက်စီ**
**(၉/စကတ(နိုင်)၀၀၆၄၄၅)**

## ဝန်ထမ်းအလိုရှိသည်

မန္တလေး၊အောင်ပင်လယ်တွင် လုပ်ကိုင်ရန်

(၁) **အိမ်အကူ** **မ** (၁)ဦး

(၂) **အိမ်အကူ+ခြံစောင့်** **လင်မယား** (၁)တွဲ

စက်ဘီး၊ ဆိုင်ကယ်စီးတတ်ရမည်။

ဆက်သွယ်ရန်။ ။ ၀၉-၇၉၇၇၈၀၂၁၉
၀၉-၉၇၀၉၇၀၈၃၂

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ ခံစပ်ကုန်းအနောက်ရွာနေ မောင်ရဲဇော် (၉/နထက(နိုင်)၁၆၃၄၆၂)၏ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံ ကတ်(OWIC Card) (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၆၂၀၆၈၇၀၄

### ပျောက်ဆုံးကြောင်း
လှိုင်သာယာမြို့နယ်နေ ဖြိုးသက်ပိုင်(ဘ) ဦးဝင်းရွှေ (၁၄/လပတ(နိုင်)၂၅၃၀၁၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၉၉၀၉၄၅၅၉၇

### ပျောက်ဆုံးကြောင်း
မြန်အောင်မြို့နေ မအေးလေး (ဘ) ဦးသန်းအောင် (၁၄/မအန(နိုင်)၂၀၆၂၇၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၆၃၇၄၀၂၈

### ပျောက်ဆုံးကြောင်း
ကန်ကြီးထောင့်မြို့နေ မခင်မေလာဦး (ဘ) ဦးကျားငွေ (၁၄/ကသန(နိုင်)၁၁၅၈၃၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၉၆၇၉၆၂၄၅

### ပျောက်ဆုံးကြောင်း
ဟိုင်းကြီးကျွန်းမြို့နေ မပဲ့ယဉ်မင်းခန့် (ဘ)ဦးကြည်လိုင် (၁၄/ဟကက(နိုင်)၁၀၂၆၉၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၈၂၉၆၃၇

### ပျောက်ဆုံးကြောင်း
မအူပင်မြို့နေ ဇင်ကိုကို (ဘ) ဦးသောင်းဟံ (၁၄/မအပ(နိုင်)၃၁၄၅၄၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၈၉၈၆၆၂၈၂

### ပျောက်ဆုံးကြောင်း
မအူပင်မြို့နေ ရွှေကိုကို (ဘ) ဦးကြည်ငွေ (၁၄/မအပ(နိုင်)၃၃၄၃၁၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၅၈၉၀၄၂၉၂

### ပျောက်ဆုံးကြောင်း
မြန်အောင်မြို့နေ ခင်အောင်အေး (ဘ) ဦးခင်ဝင်း (၁၄/မအန(နိုင်)၁၈၂၈၈၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၈၅၈၀၁၄၇

### ပျောက်ဆုံးကြောင်း
ပုသိမ်မြို့နယ်နေ ဒေါ်လေးလေးမြင့် (ဘ)ဦးတင်ရွှေ (၁၄/ပသန(နိုင်)၁၇၉၀၈၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၀၁၆၂၄၆၇

### ပျောက်ဆုံးကြောင်း
ဓနုဖြူမြို့နေ နေမင်းအောင် (ဘ) ဦးအုန်းရွှေ (၁၄/ဇလန(နိုင်)၁၄၂၉၂၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၂၇၆၈၀၈၇

### ပျောက်ဆုံးကြောင်း
ဒေးဒရဲမြို့နယ်နေ ဇင်မျိုးထွန်း(ဘ) ဦးဇော်မင်းဦး (၁၄/ဒဒရ(နိုင်)၂၀၄၅၂၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၂၀၇၈၀၅၃

### ပျောက်ဆုံးကြောင်း
မော်လမြိုင်ကျွန်းမြို့နယ်နေ စန္ဒာအောင် (ဘ) ဦးဆန်းဝင်း (၁၄/မမက(နိုင်)၃၁၅၂၉၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၆၄၂၈၆၄၆၄

### ပျောက်ဆုံးကြောင်း
အမရပူရမြို့နယ်နေ ညီထွေး (ဘ) ဦးတင်အောင် (၉/အမရ(နိုင်)၁၄၄၄၉၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၁၅၂၄၃

### ပျောက်ဆုံးကြောင်း
မြင်းခြံမြို့နေ ကျော်မိုးနိုင် (ဘ) ဦးတင်ဝင်း (၉/မခန(နိုင်)၁၇၂၉၄၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၆၃၇၅၁

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## ရန်သူမီးဘေး တားဆီးရေး မနေးဆောင်ရွက်ကြ

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

---

❖ **ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းဟာ အနာဂတ်နိုင်ငံတော်၊ ဒီမိုကရေစီစနစ်အတွက် များစွာအခိုင်အမာဖြစ်စေပါလိမ့်မယ်။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်) ၄.၁.၂၀၂၃**

---



# မော်ကွန်းအသစ် ထုဆစ်ခဲ့ပြီ အောင်စစ်သည်

ဆောင်းပါး စာမျက်နှာ - ၁၈

---

# စင်ကာပူနိုင်ငံက တင်သွင်းလာသည့် စက်သုံးဆီတင်သင်္ဘောကြီးများ သီလဝါဆိပ်ကမ်းရှိ ဆိပ်ခံတံတားများသို့ ဆိုက်ကပ်

**ရန်ကုန် ဧပြီ ၄**

မြန်မာနိုင်ငံ၌ သင်္ကြန်ကာလနှင့် သင်္ကြန်လွန်ကာလများတွင် စက်သုံးဆီသုံးစွဲသူများ အဆင်ပြေစေရန်အတွက် စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ၊ စွမ်းအင်ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းတို့၏ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် စင်ကာပူနိုင်ငံက တင်သွင်းလာသည့် စက်သုံးဆီတင်သင်္ဘောကြီးများသည် ယနေ့နံနက်ပိုင်းမှ စတင်၍ သီလဝါဆိပ်ကမ်းရှိစက်သုံးဆီသိုလှောင်ကန်စခန်း Jetty များသို့


**စာမျက်နှာ ၂၁ ကော်လံ ၄** ☆



**စင်ကာပူနိုင်ငံက တင်သွင်းလာသည့် စက်သုံးဆီတင်သင်္ဘောကြီးတစ်စီး သီလဝါဆိပ်ကမ်းရှိ ဆိပ်ခံတံတားသို့ ဆိုက်ကပ်နေမှုကို တွေ့ရစဉ်။**

---

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257